# ကွန်မြူနစ်တို့ ရှေ့မျှော်ရှိ

# လုပ်ငန်းတာဝန်များ

၁။ အမေရိကန် ပြည်ထောင်စု ဦးဆောင်တဲ့ ကမ္ဘာ့နယ်ချဲ့စနစ်ဟာ ရန်လိုတိုက်ခိုက်မှုသစ် တရပ်ကို ပြသလုပ်ဆောင်လာနေတယ်။ သူ့ရဲ့ 'ကမ္ဘာ့အခင်းအကျင်းသစ် 'ကို ဆင့်ဆိုပြဋ္ဌာန်းဖို့ ပိုပြီးအတင့်ရဲလာတယ်။

၂။ ချူကလီယာ လက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲများနဲ့ လက်နက်လျှော့ပေါ့ရေးဘက်တွေမှာ မကြာသေးမီ အတွင်းက တိုးတက်မှုတွေ ရှိခဲ့တယ်။ ဒါပေမဲ့ နယ်ချဲ့စနစ်ဟာ သူ့ရဲ့ ဗိုလ်ကျစိုးမိုးရေး အကြံအစည်မှာ လိုအပ်တဲ့ အရှိန်အဝါရဖို့ သူ့ရဲ့ နှိုင်းယှဉ်ခြင်းအရ အသာစီးရနေမှုကို ဆက်ထိန်းထားရေး ကြိုးပမ်းနေတယ်။ မျက်မှောက်အခြေအနေတွေက အမေရိကန်ပြည်ထောင်စု နယ်ချဲ့စနစ်ရဲ့ ချူကလီယာ လက်နက်ပြပြီး အနိုင်ကျင့်ဗိုလ်ကျ ခြိမ်းခြောက်မှုတွေ ပိုကြီးကြီးမားမား ဖြစ်လာဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးနေတယ်။

၃။ အထူးသဖြင့် ဖွံ့ဖြိုးဆဲကမ္ဘာအတွင်းက ဖြစ်ကြတဲ့ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများအနေနဲ့ စည်းလုံးညီညွတ်ကြဖို့ အရင်းရှင် တိုင်းပြည်များရှိ အလုပ်သမားလူတန်းစားတွေနဲ့ တိုက်ပွဲဝင် သွေးစည်းရေးကို ဖော်ဆောင်ဖို့နဲ့ အသစ်ပြန်ပေါ်လာတဲ့ ဒီရန်လိုတိုက်ခိုက်မှုကို ၎င်းတို့တတွေ ခုခံတိုက်ခိုက်ရာမှာ အားဖြည့်ပေးဖို့ စတာတွေ အရေးတကြီး လိုအပ်နေကြောင်း၊ ဒီဖြစ်ထွန်းပေါ်ပေါက်နေမှုများက အထင်အရှား ပြသနေတယ်၊

၄။ ဒီပေါ်ပေါက် ဖြစ်ထွန်းလာမှုတွေရဲ့ အရေးကြီးတဲ့ အကျိုးဆက်တရပ်ကတော့ တိုင်းပြည်အများအပြားမှာ ဖောက်ပြန်တဲ့ ဖက်ဆစ်ဝါဒသစ် အင်အားစုတွေ ပေါက်ဖွားကြီးပြင်းလာစေဖို့ အခွင့်သာတဲ့ အခြေအနေတွေ ဖန်တီးပေးနေခြင်းပဲ ဖြစ်ပါတယ်။ ဒီအင်အားစုတွေဟာ တိုးတက်တဲ့၊ တော်လှန်တဲ့၊ အစိတ်အပိုင်းတွေကို ပစ်မှတ်ထားပြီး သူတို့ရဲ့ နိုင်ငံရေး တိုက်ခိုက်မှုကို တိုးမြှင့်လုပ်လာနေတယ်။

၅။ နယ်ချဲ့သမားရဲ့ အကြံအစည်တွေကို ကာကွယ်ရပ်တည်နေတဲ့ ဆိုရှယ်လစ်ခံကတုတ် မရှိတော့ဘဲ နိုင်ငံတကာ နယ်ပယ်မှာ 'ဟာကွက် ' ဖြစ်နေခြင်းဟာ ဖွံ့ဖြိုးဆဲကမ္ဘာမှ ပြည်သူများအဖို့ နယ်ချဲ့သမားရဲ့ အကောက်ကြံမှုတွေအတွက် ပိုပြီးသတ်ကွက်ဖွင့်ပေးလိုက်သလို ဖြစ်စေတယ်။ နယ်ချဲ့ဖိအားကို ကာကွယ်ရေးစည်းရိုးလည်း မလုံမခြုံ ဖြစ်လာစေတယ်။ ဒီအနေအထားမှာ နယ်ချဲ့သမားရဲ့ ကမ္ဘာ့အခင်းအကျင်းစနစ်က အခွင့်သာတဲ့ အခြေအနေတွေ ရှာဖွေပြီး စမ်းသပ်လေ့လာမှုပြုရာဒေသတွေမှာ လွတ်လပ်တဲ့ နိုင်ငံများရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ အချုပ်အခြာအာဏာဟာ ပိုမိုကြီးမားတဲ့ ဘေးကျပ်နံကျပ် ဖြစ်မှုတွေ ကြုံတွေ့လာရပါလိမ့်မယ်။ တတိယကမ္ဘာမှာ အစိုးရအများစုဟာ ဖိအားပေးမှုကို အလျှော့ပေး လိုက်လျောရတာတွေ ဖြစ်လာနိုင်ပြီး ဒီလိုနည်းနဲ့ ဒီတိုင်းပြည်တွေရှိ သာမန်ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးတွေ ပိုတက်လာစေပါလိမ့်မယ်။ ဒါဟာ ဒီတိုင်းပြည်တွေမှာ ပိုမိုများပြားတဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေ တွဲဖက်ဖြစ်ပေါ်လာစေမှာ ဓမ္မတာပါပဲ။

၆။ ယခင် ဆိုရှယ်လစ်နိုင်ငံများရှိ ပြည်သူတွေဟာ 'ဒီမိုကရေစီ ' နဲ့ 'ဈေးကွက်စီးပွားရေး' တို့အပေါ်မှာ မွေ့လျော်ကျေနပ်နေခြင်းက စားသုံးသူ လူ့အဖွဲ့အစည်းတရပ်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ဆွဲဆောင်မှုတို့ကို သူတို့ထံ ဆောင်ကျဉ်းမလာဘူးဆိုတာ တွေ့ရလို့ ဒီကနေ့မှာ စိတ်ပျက်လက်ပျက် ဖြစ်နေကြလေရဲ့။ ဆိုရှယ်လစ်စနစ်က အာမခံပေးထားတဲ့ လူမှုလုံခြုံရေးစနစ်ဟာလည်း ပျက်စီးသွားခဲ့ပါပြီ။ အဲဒါအစား ဒီတိုင်းပြည်တွေထဲက တချို့မှာ အလုပ်သမားအင်အားစုရဲ့ တဝက်နီးပါးခန့် အလုပ်လက်မဲ့ ဖြစ်ကုန်တဲ့အထိ အလုပ်လက်မဲ့ ကြီးထွားမှု မြန်ဆန်လာတယ်။ ငွေဖောင်းပွမှုကြောင့် သူတို့ဝင်ငွေရဲ့ အမှန်တန်ဖိုးဟာလည်း ပွန်းရိလျော့ပါး လာနေတယ်။ အကျိုးဆက်အဖြစ် မကျေနပ်မှုတွေ မြင့်တက်ကြီးထွားလာပြီး ဒါကို ဖက်ဆစ်ဝါဒသစ် ဖောက်ပြန်ရေး အင်အားစုတွေက အသုံးချဖို့ ကြိုးပမ်းလာတယ်။ ဒီအင်အားစုတွေ အပေါ်စီးရသွားရင်လည်း လျော့ပါးစပြုနေတဲ့ ပြည်သူတွေရဲ့ နိုင်ငံရေးနဲ့ ဒီမိုကရေစီ အခွင့်အရေးတွေဟာ စုံးစုံးမြုပ်သွားရုံသာ

ဖြစ်ပါလိမ့်မယ်။

၇။ ပြင်းထန်တဲ့ သဘောတရားရေး တိုက်ခိုက်မှုအောက်မှာ ခြေကုန်လက်ပန်းကျနေကြတဲ့ ကွန်မြူနစ်ပါတီ အများအပြားဟာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ တော်လှန်တဲ့ အနှစ်သာရတွေကို ပစ်ပယ်နေကြပြီး ဆိုရှယ်ဒီမိုကရေစီကို ပွေ့ပိုက်လက်ခံနေကြတယ်။ ဆိုရှယ်ဒီမိုကရေစီဟာ အရင်းရှင်စနစ် အတွင်းက ပြုပြင်ရေး သဘောတရားတရပ် အမြဲတစေဖြစ်ခဲ့ပြီး ဆက်လည်း ဖြစ်နေဦးမှာပဲ။ ဒီလိုနဲ့ သူက လူတန်းစားတိုက်ပွဲကို ပစ်ပယ်ကာ အဲဒါအစား လူတန်းစားပူးပေါင်းရေးကို ရပ်ခံတယ်။ လူတန်းစားတိုက်ပွဲတွေ ပြင်းထန်သည်းသန်တဲ့ အချိန်ကာလတိုင်းမှာ ဆိုရှယ်ဒီမိုကရေစီဟာ အလုပ်သမား လူတန်းစားကို သစ္စာဖောက်ခဲ့တာချည်းပဲဆိုတာ ဆယ်စုနှစ်တွေ တလျှောက်လုံး သူ့ရဲ့လက်တွေ့လုပ်ဆောင်ချက်တွေက သက်သေပြနေတယ်။ ဥရောပ တိုင်းပြည်အများအပြားရှိ အစိုးရအဖွဲ့တွေအတွင်း သူ့အတွေ့အကြုံ ဆိုတာဟာ သူက အစိုးရဖြစ်ရင် ဓနရှင်လူတန်းစားကို ထောက်ခံပြီး၊ အတိုက်အခံဘက်မှာ ရှိနေရင် အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေကို အကျပ်အတည်းကြုံတဲ့ ဆက်ထုံး ကာလရောက်ရင် ၎င်းတို့ကို သစ္စာဖောက်ကောင်းရုံသာ ရပ်ခံကာကွယ်ပေးခြင်းဖြစ်တဲ့ သူ့ရဲ့ တကယ့်အသွေးအရောင်ကို ဖော်ပြခြင်းမျှသာ ဖြစ်တယ်။ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးတို့မှာ ဆိုရှယ်ဒီမိုကရေစီနဲ့ ပူးပေါင်းလုပ်ဆောင်တဲ့ လှုပ်ရှားမှုတွေရဲ့ အရေးကြီးမှုကို လျှော့မတွက်သင့်ပါဘူး။ ဒါပေမဲ့ ကိုယ့်ပါတီရဲ့ အမည်နာမမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ဖယ်ရှားပစ်တာနဲ့ ဆိုရှယ်ဒီမိုကရေစီရဲ့ လူတန်းစား ပူးပေါင်းရေး သဘောတရားကို လက်ခံတာတို့ကတော့ ရရှိပြီးခဲ့တဲ့ ဆိုရှယ်လစ်စနစ်ရဲ့ အောင်မြင်မှုတွေကိုတောင် အခြေယိုင်နဲ့သွားစေပြီး အနာဂတ် တော်လှန်ရေးတိုက်ပွဲတွေကို အညွန့်ကျိုးစေရုံသာ ဖြစ်စေပါလိမ့်မယ်။ ဒီသဘောတရားရေး တိုက်ခိုက်မှုကို ထိထိမိမိ ပြန်လည်တုံ့ပြန်တိုက်ပွဲဝင်ရပါမယ်။

၈။ CPSU က ဝါဒဖြန့်ချိတဲ့ နောက်ထပ်မှားယွင်းတဲ့ အယူအဆ တရပ်ကတော့ မာ့က်စ်လီနင်ဝါဒဟာ ကွန်မြူနစ်ပါတီကို လမ်းညွှန်ပေးတဲ့ တခုတည်းသော သဘောတရား မဟုတ်ဘူးဆိုတဲ့ နားလည်ချက်ပဲ။ မာ့က်စ်လီနင်ဝါဒကို လူသားအတွေးအခေါ်နဲ့ တစစဖြစ်ပေါ် ပြောင်းလဲရေး တရားဆိုင်ရာ သဘောတရားရေးရာစီးကြောင်း အများအပြားထဲက တခုအဖြစ် ဖော်ပြတာဟာ ဒီထိုးထွင်း ဖန်တီးမှုရှိတဲ့ သိပ္ပံပညာကို အတိအလင်း ငြင်းဆိုလိုက်တာပါပဲ။

မာ့က်စ်နဲ့ အိန်ဂယ်လ်တို့ရဲ့ ပြုစုရေးသားချက်တွေဟာ ပြင်သစ်ဆိုရှယ်လစ်ဝါဒ၊ ဂျာမန်အဘိဓမ္မာ၊ ရုပ်ဝါဒနဲ့ အင်္ဂလိပ် နိုင်ငံရေးဘောဂဗေဒတို့ကို စုစည်းပေါင်းချုပ်တာနဲ့ တိုးတက်စေတာဖြစ်တယ်။ မာ့က်စ်လီနင်ဝါဒဟာ ထိုးထွင်းဖန်တီးမှုရှိတဲ့ သိပ္ပံပညာရပ်တခု အနေနဲ့ ခေတ်ကာလတိုင်းရှိ တီထွင်ဖန်တီးမှုပြုတဲ့ အတွေးအခေါ် အလုံးစုံကို စီစစ်ခံယူတယ်။ သွေးစုပ်တဲ့ ကမ္ဘာ့အခင်း အကျင်းစနစ်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရုံသာမဟုတ်ဘဲ ပြောင်းလဲပစ်ဖို့အတွက် လှုပ်ရှားမှုရဲ့ လမ်းညွှန်တရပ်အဖြစ် ထားခြင်းအားဖြင့် တော်လှန်ရေး ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်ရေးအဖြစ်သို့ တိုးတက်စေတယ်။ ဒီထိုးထွင်းဖန်တီးမှုပြုတဲ့ သိပ္ပံပညာရပ်ကို ဖြစ်ပေါ်နေတဲ့ သမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနဲ့အညီ အဆက်မပြတ် တိုးချဲ့ကြွယ်ဝစေတဲ့ ဖြစ်စဉ်အတွင်း ကြုံတွေ့ရတဲ့ ချို့ယွင်းချက်များနဲ့ ရှုံးနိမ့်မှုများဟာ သူ့ရဲ့ အတွင်းသဘောဆိုင်ရာ သိပ္ပံနည်းကျ နည်းစနစ် မလုံလောက်တာကြောင့် ဒါမှမဟုတ် ကင်းမဲ့နေတာကြောင့် မဟုတ်ပါ။ ဒါဟာ ဒီအဘိဓမ္မာကို လက်ခံထားသူများ အပိုင်းက သိပ္ပံနည်းကျ စည်းမျဉ်းတင်းကျပ်မှု မလုံလောက်တာ ဒါမှမဟုတ် လိုအပ်နေတာနဲ့ ဆိုင်ပါတယ်။

၉။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒဟာ ပင်ကိုယ်အရ ရုပ်ဝါဒကျပြီး ထိုးထွင်းဖန်တီးမှု ရှိတယ်။ အနုပဋိလောမကျတဲ့ ပင်ကိုယ်ရည်ရှိတယ်။ ဒါကြောင့်၎င်းဟာ အမြင့်မားဆုံး တရားသေဝါဒ ဆန့်ကျင်ရေးဖြစ်တယ်။ ၎င်းဟာ လွတ်မြောက်ရေးဆိုင်ရာ မြော်မြင်မှုကို လက်ခံပြီး၊ လွတ်မြောက်ရေး စိတ်ကူးစံများကို ဖော်ပြတဲ့ ကမ္ဘာ့အမြင်တရပ်ဖြစ်တယ်။ ၎င်းဟာ သမိုင်းဆိုင်ရာ အနေအထားများ ပြောင်းလဲရေးကို ပြဋ္ဌာန်းတဲ့ အချင်းအရာ အမြောက်အမြားကို နားလည်စေရေးနဲ့ ခွဲခြမ်းစိတ်ဖြာရေးအတွက် လက်နက်ကိရိယာ တခုလည်းဖြစ်တယ်။ ၎င်းဟာ သမိုင်းဆိုင်ရာ အနေအထားများ ပြောင်းလဲမှုအရ တောင်းဆိုလာခဲ့ရင် လိုအပ်တဲ့ ဆီလျော်အောင် ပြုပြင်မှုများကို ခံယူပြီး ပြည်သူ့ လွတ်မြောက်ရေးတိုက်ပွဲအတွက် လုပ်ငန်းစဉ်ဆိုင်ရာ ရည်မှန်းချက်များကို ပြဋ္ဌာန်းတဲ့ အလုပ်လမ်းညွှန်တရပ် ဖြစ်တယ်။

၁၀။ ထိုးထွင်းဖန်တီးမှုပြုတဲ့ သိပ္ပံပညာရပ်တခုအနေနဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒဟာ ဖွံ့ဖြိုးတိုးတက်မှုရဲ့ တိမ်းညွတ်မှုများနဲ့ ဦးတည်ချက်များကို သိရှိဖော်ညွှန်းပြတယ်။ ဒီလိုဖော်ပြရင်းက ၎င်းဟာ သွေးစုပ်မှုမှ ကင်းလွတ်တဲ့ လူ့အဖွဲ့အစည်းတရပ် တည်ဆောက်ရေးကို ဦးတည်တဲ့ ဖွံ့ဖြိုးတိုးတက်မှုများအတွင်း ပြည်သူတွေ အများအပြား ဝင်ပါနိုင်ရေးအတွက် ဖြစ်နိုင်ခြေတွေ ဖြစ်ပေါ်လာစေတယ်။ ဥပမာ ပြရရင် သွေးစုပ်မှုကို အခြေခံတဲ့ အရင်းရှင်စနစ်ကို ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးတဲ့ သမိုင်းဆိုင်ရာ မုချသဘောဆောင်မှုဟာ သူ့အလိုလို ဖြစ်လာမှာ မဟုတ်ဘူး။

အဲသလို လူမှုအပြောင်းအလဲတရပ်ကို သက်ရောက်ဖြစ်ပေါ်စေတဲ့ သော့ချက်အကြောင်းရင်းကတော့ အလုပ်သမား လူတန်းစား၊ လယ်သမားလူတန်းစားနဲ့ လုပ်သားပြည်သူတရပ်လုံးရဲ့ ဖြစ်ပေါ်ကြီးထွားနေတဲ့ တိုက်ပွဲဆိုင်ရာ မှန်ကန်တဲ့ သဘောတရားရေး၊ နိုင်ငံရေးနဲ့ စည်းရုံးရေးဆိုင်ရာ ခေါင်းဆောင်မှုဖြစ်တယ်။ လူတန်းစား အသိစိတ်ဓာတ် မြွေစွယ်ကျိုးသလို ဒါမှမဟုတ် အညွန့်ချိုးခံထားရသလို ဖြစ်နေချိန်မှာတော့ တန်ပြန်တော်လှန်ရေးအင်အားစုတွေက သူတို့ရဲ့လူတန်းစား အုပ်စိုးမှုကို ဆက်လက်တည်တံ့အောင် ဒီအခြေအနေ အပေါ်က အမြတ်ထုတ်ကြတာပဲ။

၁၁။ ဒီလိုဆက်ထုံးကာလမှာ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုက တွေ့ကြုံထမ်းဆောင်ရမယ့် လုပ်ငန်းတာဝန်များဟာ တကယ့်ကို ကြီးမားလှပါတယ်။ ဒီသဘောတရားရေး ထိုးစစ်ကို ထိပ်တိုက်တသမတ်တည်း တုံ့ပြန်ရင်ဆိုင်မယ့် အချိန်မှာ နိုင်ငံတကာ့ ကွန်မြူနစ် လှုပ်ရှားမှုကတော့ ဝါးအစည်းပြေသလို ဖရိုဖရဲ ဖြစ်နေတယ်။ နယ်ချဲ့စနစ်ဟာ ဒီအခြေအနေကနေ အမြတ်တွေ ပိုထုတ် နိုင်ဖို့ ကြိုးပမ်းနေတယ်။

၁၂။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒဆိုင်ရာ တော်လှန်တဲ့မှုတွေအပေါ် အခြေခံပြီး ဒီလိုနောက်ဆုတ် ပြောင်းလဲမှုတွေကနေ မှန်ကန်တဲ့ သင်ခန်းစာထုတ်ကာ မတူတဲ့ တိုင်းပြည်များက ကွန်မြူနစ်အင်အားစုတွေအကြား ရည်မှန်းချက်နဲ့ လှုပ်ရှားမှုတို့ တညီတညွတ်တည်း ဖြစ်ရေးကို တည်ဆောက်ကြရပါမယ်။ ဒီအချက်ဟာ ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒကို စွဲကိုင်ရေးနဲ့ အားဖြည့်ပေးရေး အတွက် လိုအပ်တယ်။ ဒါက မျက်မှောက်နယ်ချဲ့စနစ်ရဲ့ ထိုးစစ်ကို ရင်ဆိုင်တိုက်ပွဲဝင်နေသူ အားလုံးနဲ့လည်း သွေးစည်းမှုကို ဖော်ဆောင်မှာ ဖြစ်တယ်။ဒီနည်းနဲ့သာ လူသားတို့ရဲ့ သမိုင်းကြောင်းကို ပြောင်းပြန်လှန်ဖို့ ကြိုးစားတဲ့ နယ်ချဲ့စနစ်ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို စိန်ခေါ်ရင်ဆိုင်နိုင်တယ်။ ဒီအခြေအနေမှာ ထွက်ပေါ်လာနေတဲ့ သဘောတရားရေးရာ မှားယွင်းတဲ့ အယူအဆတွေကို အားတိုက်ခွန်တိုက် တိုက်ပွဲဆင်ဖို့ လိုတယ်။

အစောပိုင်းက ဖော်ပြခဲ့တဲ့ အယူအဆအပြင် ရှုတ်ချရမယ့် အယူအဆတခုကတော့ အရင်းရှင်စနစ်မှာ သွေးစုပ်မှုလက္ခဏာ မရှိတော့ဘူး ဆိုတာပဲ။ ဒါကြောင့်မို့ 'ယဉ်ကျေးတဲ့ ' ကမ္ဘာ့စနစ်သစ်တရပ်ကို တစစဖြစ်ပေါ်ထွန်းကားစေမှုအတွင်းမှာ ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ်တို့ ပေါင်းဆုံမိကြမယ်ဆိုပြီး ၎င်းက အဆိုပြုတင်ပြတယ်။ ဒါဟာ တကယ်တန်းမှာ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေဟာ ဆိုရှယ်လစ် စီမံကိန်းချမှတ်မှုရဲ့ စံနမူနာတရပ်ဖြစ်ကြောင်း ဆင်ခြေတက်နေပါကလား။ သွေးစုပ်မှုဟာ အရင်းရှင်စနစ်အောက်ရှိ ထုတ်လုပ်ရေးဖြစ်စဉ်အတွင်းမှာကို ဖြစ်ပေါ်နေတယ်။ ၎င်းဟာ အရင်းရှင်စနစ်မောင်းနှင်အားရဲ့ ခွဲမရတဲ့ အစိတ်အပိုင်းပဲ။ အရင်းရှင်စနစ်ဖြိုဖျက်ရေးဆိုတာ ကိုယ်ကျင့်သိက္ခာဆိုင်ရာ ပြဿနာတရပ်သာ မဟုတ်ပါဘူး။ မဟုတ်ရုံသာမက သွေးစုပ်မှုကင်းစင်တဲ့ လူ့အဖွဲ့အစည်းတရပ် ထူဆောက်ရေးအတွက် သိပ္ပံနည်းကျပြီး သမိုင်းရေးအရ လွှဲဖယ်မရတဲ့ ဖွံ့ဖြိုးတိုးတက်မှုတရပ် ဖြစ်တယ်။

၁၃။ သဘောတရားရေးအရဆိုရင် ပဋိပက္ခတခုအတွင်းရှိ "ဆန့်ကျင်ဘက်များရဲ့ အပြန်အလှန် စိမ့်ဝင်သက်ရောက်မှု" နဲ့ ဆက်စပ်ပြီး ဆင်ခြေတက်နိုင်စရာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သိရှိပြီးဖြစ်တဲ့အတိုင်း အထင်အရှားဖြစ်ပေါ်လာနေတဲ့ ခေတ်ပြိုင်သမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေက အရင်းရှင်စနစ်ရဲ့ သွေးစုပ်မှု သည်းသန်ပြင်းထန်နေခြင်းကို ဖွင့်လှစ်ပြသနေတာပါ။ သူ့ရဲ့သွေးစုပ်မှုလက္ခဏာ ပျောက်ကွယ်သွားမှုကို ဖော်ပြတာမဟုတ်ပါဘူး။ ဒီနောက်ခံ အနေအထားအတွင်းက ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ် ပေါင်းဆုံမှုဆိုတာဟာ အရင်းရှင်စနစ်အတွင်းမှာ ဆိုရှယ်လစ်စနစ်ကို သွတ်သွင်းလိုက်ခြင်းကို ဆိုလိုတာသာ ဖြစ်ပါတယ်။

၁၄။ အလားတူပဲ သိပ္ပံနဲ့နည်းပညာဆိုင်ရာ တော်လှန်ရေးလို့ ဆိုနေပေမယ့် အရင်းရှင်စနစ် အစောပိုင်းကာလများကတည်းက လုပ်အားကုန်ထုတ်လုပ်မှု စွမ်းရည်နှုန်းထားအကြီးအကျယ် မြင့်တက်လာခဲ့ပြီး ကာယလုပ်အားနဲ့ ကွဲပြားတဲ့ ဉာဏလုပ်အား တစိတ်တပိုင်း တိုးပွားလာခဲ့တယ်။ ဒါဟာ အရေးပါမှုကြီးမားတဲ့ အပြောင်းအလဲတရပ်ဖြစ်စေဦး၊ ဒီစနစ်ရဲ့ သွေးစုပ်မှုလက္ခဏာကို ပယ်ဖျက်မပစ်နိုင်ဘူးဆိုတာကိုတော့ အလေးအနက်ပြုရပါမယ်။ ဒါကြောင့်မို့ မာ့က်စ်နဲ့ လီနင်တို့ လက်ထက်ကနဲ့ မတူတော့ဘဲ အလုပ်သမားလူတန်းစားရဲ့ လက္ခဏာ ပြောင်းလဲသွားခဲ့တာကြောင့် ဒီလူတန်းစား အနေနဲ့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒတို့နဲ့သက်ဆိုင်မှု မရှိတော့ဘူးလို့ ဆင်ခြေတက်ခဲ့ကြတဲ့ အဲဒီလူတွေဟာ အရင်းရှင်ထုတ်လုပ်ရေးရဲ့ တကယ့်အခြေခံ အချက်ဖြစ်တဲ့ အစွန်းထွက်တန်ဖိုး ထုတ်လုပ်မှုနဲ့ ၎င်းအား အရင်းရှင်တို့က ရယူမှုဆိုတဲ့ အချက်ကို ငြင်းပယ်ကြတယ်။ ဒီနည်းနဲ့သူတို့က လူမှုအပြောင်းအလဲ လိုအပ်မှုကို ငြင်းဆိုပြီး အရင်းရှင်စနစ်အတွက် ရှေ့နေလိုက်ပေးကြတယ်။

၁၅။ ၎င်းနဲ့များပြားလှတဲ့ အခြားသော မှားယွင်းတဲ့ သဘောတရားရေး အဆိုပြုချက်တွေဟာ ရှေ့မှာလည်း ဆက်လက် ပေါ်ထွက်လာဦးမယ့်ပုံ ပေါ်ပါတယ်။ ၎င်းတို့ကို ရှေ့တန်းက တိုက်ပွဲဝင်သွားရပါမယ်။ ပြုပြင်ရေး ထင်ယောင်မှားမှုတွေ ဆက်လက်မပြန့်ပွားစေဖို့နဲ့ အလုပ်သမား

လူတန်းစား လှုပ်ရှားမှုရဲ့ တော်လှန်တဲ့ အနှစ်သာရကို ပျော့ညံ့မသွားစေဖို့အတွက် ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။

## အိန္ဒိယပြည် ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ရဲ့ ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲ

၁။ အဲဒီနောက်ခံအနေအထားအောက်မှာ အိန္ဒိယပြည်မှာ ဆိုရှယ်လစ်စနစ်အတွက် CPI ( M ) ရဲ့ တိုက်ပွဲကို ဖော်ပြရှင်းလင်းဖို့ လိုပါမယ်။ ဆိုရှယ်လစ် တိုင်းပြည်တွေရှိ တကယ့်အခြေအနေတွေကို နားလည်ဖို့အတွက် အတိတ်တုန်းက အလေးထားမှု မလုံလောက်ခဲ့ဘူးဆိုတာ ကိုယ့်ကိုယ်ကို ဝေဖန်မှုရှိစွာ မှတ်သားဖို့ အလွန်လိုအပ်ပါတယ်။ CPI ( M ) ဟာ မာ့က်စ်လီနင်ဝါဒရဲ့ တော်လှန်ရေး အတွင်းသဘောတွေကို ထောက်ခံစွဲကိုင်ဖို့အတွက် နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုမှ တပ်ဖွဲ့တွေနဲ့ ကိစ္စအတော်များများမှာ ပူးပေါင်းမှုတွေ ပြုလုပ်ခဲ့တဲ့ ပြီးခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုခွဲကာလ အတွင်းမှာ ဖြစ်ပျက်ပြောင်းလဲမှု အသီးသီးရှိခဲ့လင့်ကစား ဆိုရှယ်လစ်နိုင်ငံများက အတွင်းပိုင်း အခြေအနေနဲ့ ပတ်သက်လို့ ညီနောင်ပါတီများထံက ရရှိတဲ့ သတင်းများအပေါ် ယုံကြည်မှု လွန်ကဲခဲ့တာကိုလည်း အလေးထား မှတ်သားရမှာပါ။ အမှားတွေကို ပြင်သွားလိမ့်မယ်။ ပြဿနာတွေကို ကျော်နင်းသွားလိမ့်မယ်လို့ ယူဆခဲ့တယ်။ ဒီနည်းနဲ့ ပါတီဝင်များအား ဆိုရှယ်လစ် တိုင်းပြည်တွေရဲ့ အတွေ့အကြုံတွေကို စံအဖြစ် မယူဆဖို့နဲ့ ဆိုရှယ်လစ် တည်ဆောက်ရေး ဖြစ်စဉ်ဆိုင်ရာကို နားလည်မှု ပြည့်စုံအောင် ဖြည့်ဆည်းပေးရေး ဆိုတာတွေမှာ တာဝန်လစ်ဟင်းခဲ့ရပါတယ်။

၂။ ဒီလို ကိုယ့်ကိုယ်ကို ဝေဖန်ပြီးနောက်မှာ CPI ( M ) က ဆိုရှယ်လစ်စနစ်ရဲ့ အခြေခံတရားဆိုတာ လူလူချင်း၊ လူတန်းစားချင်း၊ နိုင်ငံချင်း သွေးစုပ်ခေါင်းပုံဖြတ်မှုမှ လွတ်မြောက်ရေး ဖြစ်တယ်လို့ အခိုင်အမာ သတ်မှတ်လိုက်ပါတယ်။ ဒီလွတ်မြောက်ရေးရဲ့ ဩဇာအရှိန်အဝါဟာ တိုက်ပွဲကို ရှေ့ဆက်သယ်ဆောင်သွားဖို့ လှုံ့ဆော်စိတ်ကို ပြဋ္ဌာန်းတဲ့ လူသားတို့ရဲ့ အပြည့်စုံဆုံးလည်းဖြစ်၊ လူတိုင်းနဲ့ လည်းဆိုင်တဲ့ အသွင်သဏ္ဍာန်များ အတွင်းမှာ လူသား ဂုဏ်သိက္ခာနဲ့ အခွင့်အရေးတွေကို ကာကွယ်ထိန်းသိမ်းပေးတယ်။ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုအတွင်း မာ့က်စ်လီနင်ဝါဒကို ကာကွယ်တဲ့ CPI ( M ) ရဲ့ ၎င်းရဲ့ တကယ်တန်းဖွဲ့စည်းမှု၊ တည်ရှိမှုနဲ့ အိန္ဒိယ အခြေအနေများ အတွင်း လက်ဝဲ – လက်ယာ သွေဖီရေးတို့ကို ဆန့်ကျင်တဲ့ တိုက်ပွဲတို့အပေါ် မူတည်ပြီး အိန္ဒိယ အခြေအနေများအရ ဆိုရှယ်လစ်စနစ်ဆီ တက်လှမ်းရေးကို ဒီအတွေ့အကြုံတွေ အပေါ် အခြေခံကာ မှန်ကန်တဲ့ နိဂုံးချုပ်ချက်များ ရေးဆွဲဖို့ သတ်မှတ် ပြဋ္ဌာန်းထားပါတယ်။

၃။ အိန္ဒိယပြည်မှ မျက်မှောက်လူမှု စီးပွားရေး အခြေအနေများ၊ တည်ရှိနေတဲ့ တကယ့်ဖြစ်ရပ်မှန်များက အိန္ဒိယ တော်လှန်ရေး အဆင့်ကို ဒီမိုကရေစီအဆင့်လို့ ပြဋ္ဌာန်းတယ်။ နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်နဲ့ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ဆန့်ကျင်ရေးဆိုတဲ့ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီတော်လှန်ရေး လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် ထမ်းဆောင်ရေးအဆင့် ဖြစ်ပါတယ်။ ဒီအဆင့်မှာ ခေရှင်ကြီးလူတန်းစား ဦးဆောင်တဲ့ မျက်မှောက် ခေရှင်၊ မြေရှင်လူတန်းစားအုပ်စိုးမှုကို အလုပ်သမားလူတန်းစားက ဦးဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီ နိုင်ငံတော်တရပ်နဲ့ အစားထိုးဖို့ လိုအပ်နေပါတယ်။

၄။ လူတန်းစား မဟာမိတ်ဖွဲ့မှုဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစုဟာ ဒီမိုကရေစီ တော်လှန်ရေး ပြီးမြောက်စေမှု တာဝန်ကို ဖြည့်စွမ်းပေးနိုင်တယ်လို့ CPI ( M ) ရဲ့ လုပ်ငန်းစဉ်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားတယ်။ အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှုအပေါ်မှာ ပြတ်ပြတ်သားသား အခြေခံထားတဲ့ ဒီတပ်ပေါင်းစုမှာ လယ်ယာလုပ်သားများနဲ့ ဆင်းရဲလယ်သမားများကို အလုပ်သမားလူတန်းစားရဲ့ အခြေခံမဟာမိတ်များ ဖြစ်စေရမယ်။ ဒီတပ်ပေါင်းစုအတွင်း အလတ်တန်းစား လယ်သမားနဲ့ ချမ်းသာလယ်သမားတို့ ပါဝင်စေရမယ်။ မြို့ပြနဲ့တကွ အခြားမှ အလတ်လွှာ လူတန်းစားများနဲ့ အမျိုးသားခေရှင် လူတန်းစားရဲ့ ကျယ်ပြန့်တဲ့ အစိတ်အပိုင်းများဟာလည်း ဒီတပ်ပေါင်းစုရဲ့ မဟာမိတ်များ ဖြစ်လိမ့်မယ်။ ဒီတော်လှန်ရေးအဆင့်မှာ ပြီးမြောက်စေရမယ့် လုပ်ငန်းတာဝန်များကို CPI ( M ) ရဲ့ လုပ်ငန်းစဉ်ထဲမှာ ဖော်ပြထားတယ်။ CPI ( M ) ရဲ့အခန်းကဏ္ဍကို "တိုင်းပြည်ရှိ ပြည်ချစ်အင်အားစုအားလုံး [ အရင်းရှင်လူ့အဖွဲ့အစည်း မတိုင်မီက လူတန်းစား အကြွင်းအကျန်အားလုံး ဖယ်ရှားရေး၊ မြေယာတော်လှန်ရေးကို အကုန်စင်ဆုံး အပြည့်စုံဆုံး နည်းလမ်းနဲ့ လယ်သမားလူတန်းစား အကျိုးအပေါ် အခြေခံပြီး ဖြည့်စွမ်းပြီးမြောက် စေရေး၊ နိုင်ငံခြားအရင်းအနှီးအားလုံး ဖျက်သိမ်းရေးနဲ့ အိန္ဒိယရဲ့ စီးပွားရေး၊ လူမှုဘဝနဲ့ ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်ကျကျ ပြန်လည်တည်ဆောက်ရေးတရပ်ရဲ့ လမ်းကြောင်းပေါ်က အတားအဆီးမှန်သမျှ ဖယ်ရှားရေးတို့မှာ စိတ်ပါဝင်စားသူများ] နဲ့ သွေးစည်းညီညွတ်တဲ့" ပါတီတရပ် အဖြစ် သတ်မှတ်ထားပါတယ်။

၅။ ပြည်သူ့ဒီမိုကရေစီဆီသို့ အောင်အောင်မြင်မြင် တက်လှမ်းဖို့ဆိုရင် လူတန်းစားအင်အားစုတွေရဲ့ လက်ရှိတည်ရှိနေတဲ့ အပြန်အလှန် ဆက်ဆံရေးတွေကို ပြောင်းပစ်ဖို့ လိုတယ်။ ဒါဟာ အိန္ဒိယပြည်သူ အစိတ်အပိုင်း

အားလုံးရဲ့ အင်အားကြီးမားတဲ့ တိုက်ပွဲတွေနဲ့သာ ပြီးမြောက်နိုင်တယ်။ လွတ်လပ်ရေးအပြီးမှာ အရင်းရှင်စနစ် ဖွံ့ဖြိုးမှု ရှိခဲ့ပေမယ့် ကျွန်တော်တို့ လူဦးရေရဲ့ လေးပုံသုံးပုံနီးပါးဟာ လယ်ယာကို အမှီပြုနေကြရတာပါ။ လယ်သမား လူတန်းစား သန်းပေါင်းများစွာ အထူးသဖြင့် ဓနရှင် မြေရှင်လူတန်းစားရဲ့ အုပ်စိုးမှုအောက်မှာ မပြတ်တိုးပွားနေတဲ့ ဒုက္ခသုက္ခတွေ ကြုံတွေ့နေကြရတဲ့ ဆင်းရဲလယ်သမားတွေနဲ့ လယ်ယာလုပ်သားတွေဟာ အရင်းအမြစ်ကျကျ ပြောင်းလဲမှုအတွက် တိုက်ပွဲတွေမှာ ပါဝင်လာဖို့ စည်းရုံးလှုံ့ဆော်ရပါမယ်။ ဒါဟာ လူတန်းစား အင်အားစုများ အပြန်အလှန်ဆက်ဆံရေးများ ပြောင်းလဲစေရေး ပြည်သူ့တိုက်ပွဲတွေရဲ့ ခိုင်မာတဲ့ အခြေခံ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတာဝန်တွေက CPI ( M ) အား ၎င်းရဲ့ အဖွဲ့အစည်းကို မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ ပေါင်းစပ်အားဖြည့်သွားရေးနဲ့ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးတွေ ကြီးသထက်ကြီးနေစေတဲ့ မျက်မှောက်လူတန်းစား အုပ်စိုးမှုကို ဆန့်ကျင်တဲ့တိုက်ပွဲတွေကို ထူဆောက်ပြီး ခေါင်းဆောင်သွားစေဖို့အတွက် ၎င်းရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို သတ်မှတ်ပြဋ္ဌာန်းပေးပါတယ်။

၆။ လက်ယာဖောက်ပြန်ရေး အင်အားစုတွေက ထိုးစစ်တရပ် တိုးမြှင့်လုပ်ဆောင်နေချိန်ဖြစ်တဲ့ မျက်မှောက်အနေအထား အောက်မှာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်ရေးနဲ့ တပေါင်းတစည်းတည်းရှိရေးတို့အား ကာကွယ်တဲ့ တိုက်ပွဲတွေကို တောင့်တင်းခိုင်မာစေဖို့နဲ့ ပြည်သူတွေ အကြားမှာ တကယ့်တန်းတူမှုရှိရေး၊ ကျွန်တော်တို့ တိုင်းပြည်အတွင်း နေထိုင်ကြတဲ့ လူမျိုးအသီးသီးနဲ့ လူမျိုးစုများအကြား ချစ်ကြည်ရေးတို့ကို တည်ဆောက်သွားဖို့ လိုပါတယ်။

၇။ ပြည်သူ့ဒီမိုကရေစီ ထူဆောက်ပြီးတဲ့ နောက်ပိုင်းမှာနဲ့ နယ်ချဲ့စနစ်ဆန့်ကျင်ရေး၊ ပဒေသရာဇ်စနစ် ဆန့်ကျင်ရေးနဲ့ လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ဆန့်ကျင်ရေး တာဝန်တွေ ကုန်စင်ပြီးမြောက်ပြီးတဲ့ နောက်ပိုင်းကျမှသာ အိန္ဒိယပြည်သူတွေအနေနဲ့ ဆိုရှယ်လစ်စနစ်ဆီသို့ တက်လှမ်းနိုင်မှာပါ။ အိန္ဒိယပြည် အခြေအနေအတွင်းက ဆိုရှယ်လစ်စနစ်ဆိုတာ ဘယ်လိုအဓိပ္ပာယ် ရှိပါသလဲ။

၈။ သူ့ရဲ့ ပထမဆုံးနဲ့ အရေးအကြီးဆုံး အဓိပ္ပာယ်က – ပြည်သူ့အာဏာဟာ အမြင့်ဆုံးအာဏာ ဖြစ်ရမယ်။ ဒီမိုကရေစီနဲ့ ဒီမိုကရေစီ အခွင့်အရေးတွေဟာ ဆိုရှယ်လစ်တရားစီရင်ရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနဲ့ လူမှုရေးဆိုင်ရာစနစ်တွေရဲ့ ခွဲမရတဲ့ အခြေခံ အစိတ်အပိုင်းတွေ ဖြစ်စေရမယ်။

၉။ သူ့ရဲ့အဓိပ္ပာယ်က – ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်မှုဟာ လူ့အဖွဲ့အစည်းကပိုင်တဲ့ ထုတ်လုပ်ရေး အရင်းအနှီးနဲ့ ဗဟိုရဲ့စီမံကိန်းကျ ချုပ်ကိုင်မှုတို့အပေါ်မှာ အခြေခံရေး ဖြစ်တယ်။ ရောင်းကုန်ထုတ်လုပ်ရေး ရှိနေသရွေ့ ဈေးကွက်ရှိနေမှာ သေချာတယ်။ အစောပိုင်းက ဖော်ပြခဲ့သလို ဈေးကွက်စွမ်းအားစုများဟာ ဘယ်လိုပဲဖြစ်နေပစေ ဗဟိုရဲ့ စီမံကိန်းတကျ ချုပ်ကိုင်မှုရဲ့ လမ်းညွှန်ပေးမှုအောက်မှာ ရှိနေစေရမယ်။ ပိုင်ဆိုင်မှု အသွင်သဏ္ဌာန်အမျိုးမျိုး ယှဉ်တွဲတည်ရှိနေနိုင်ပြီး တည်ရှိနေမှာ ဖြစ်ပေမယ့် အဆုံးအဖြတ်ကျတဲ့ ပိုင်ဆိုင်မှုသဏ္ဌာန်ဟာ ထုတ်လုပ်ရေး အရင်းအနှီးကို လူ့အဖွဲ့အစည်းက ပိုင်ဆိုင်ရေး ဖြစ်စေဖို့ပါပဲ။

၁၀။ ဆိုရှယ်လစ်စနစ်အောက်မှာ အမြင်ကွဲလွဲခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နဲ့ အယူအဆ မျိုးစုံရှိခွင့်တို့ဟာ ဆိုရှယ်လစ်စနစ် တောင့်တင်းစေရေး ရည်ရွယ်ချက်နဲ့ စည်ပင်ဖွံ့ဖြိုးစေရမယ်။ အခြားနိုင်ငံရေး ပါတီများ တည်ရှိမလား– မတည်ရှိဘူးလား၊ ဒါမှမဟုတ် ပါတီစုံစနစ် ရှိမလား– မရှိဘူးလားဆိုတဲ့ ပြဿနာဟာ တော်လှန်ရေးဖြစ်စဉ် အဆင့်ဆင့်မှာနဲ့ ဆိုရှယ်လစ်စနစ် ကူးပြောင်းရေးမှာ ဒီပါတီတွေ ပါဝင်ခဲ့တဲ့ အခန်းကဏ္ဍအပေါ် အဓိက အကျဆုံး မူတည်ပါလိမ့်မယ်။

၁၁။ အိန္ဒိယ အခြေအနေများအတွင်းက ဆိုရှယ်လစ်စနစ်ဆိုတာ လက်ရှိတည်ရှိနေတဲ့ ဒီမိုကရေစီ အခွင့်အရေးများအား စည်ပင်ကြွယ်ဝစေရေးနဲ့ တောင့်တင်းခိုင်မာစေရေးအတွက် အခြေခံကို ဖန်တီးခြင်းလည်း ဖြစ်တယ်။ သူ့အဓိပ္ပာယ်က လူသားရဲ့ ဘဝအရည်အသွေးတွေ အစဉ်မပြတ် နက်နက်ရှိုင်းရှိုင်းနဲ့ ဖွံ့ဖြိုးနေဖို့ အခြေခံလည်းဖြစ်၊ အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်တဲ့ စီးပွားရေးအခြေခံကို ဖြည့်ဆည်းပေးရေး ဖြစ်ပါတယ်။ လူသားတို့ရဲ့ ဒီအခြေခံတွေအပေါ်မှာ ဆိုရှယ်ဒီမိုကရေစီဟာ ဖွံ့ဖြိုးလာလိမ့်မယ်။

## နိဂုံးချုပ်

၁။ သမိုင်းမှာ အတွန့်အလိမ်၊ အကွေ့အကောက်တွေ၊ အောင်မြင်မှုတွေနဲ့ ဆုံးရှုံးမှုတွေ ရှိပေမယ့် အထူးသဖြင့် ၁၉၁၇ ခုနှစ်က စခဲ့တဲ့ ဒီရာစုနှစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ လူသားတိုးတက်မှု တစစဖြစ်ထွန်း ပြောင်းလဲမှုဖြစ်စဉ်အတွင်းက ပြည်သူ့တိုက်ပွဲရဲ့ နက်ရှိုင်းတဲ့ သြဇာအရှိန်အဝါကို ထင်ဟပ်ပြတယ်။ တော်လှန်တဲ့ အသွင်ကူးပြောင်းမှုတွေဟာ သမိုင်းမှာ အရည်အချင်း ခုန်ကူးပြောင်းလဲမှုတွေ ဖြစ်စေပြီး ခေတ်သစ်လူ့ယဉ်ကျေးမှုမှာ ပယ်ဖျက်မရတဲ့ အမှတ်လက္ခဏာတရပ် ထင်ကျန်ရစ်ပါတယ်။ ဒီအကျိုးဆက်တွေဖြစ်တဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးဆိုင်ရာ အခွင့်အရေးများဟာ ယခုအခါ လူသားယဉ်ကျေးမှုနဲ့ ခွဲထုတ်လို့မရတဲ့ အရာတွေ ဖြစ်လာတယ်။

ပြည်သူတို့ရဲ့ အမျိုးသားဆိုင်ရာနဲ့ လူမှုဆိုင်ရာ လွတ်မြောက်ရေးဖြစ်စဉ်ဟာ ပုံမှန်မဟုတ်ဘဲ ရှုပ်ထွေးပြီး အောင်မြင်ပြီးမြောက်ဖို့ အချိန်ရှည်ကြာပါလိမ့်မယ်။ အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးဟာ တချီတည်းနဲ့ အပိုင်ဖြစ်နိုင်တဲ့ အသွင်ကူးပြောင်းရေး တရပ်မဟုတ်ဘဲ သည်းသန်ပြင်းထန်တဲ့ တိုက်ပွဲရဲ့ ရှည်ကြာတဲ့ ကာလတရပ် ဖြစ်တယ်ဆိုတာ သမိုင်းက သက်သေပြခဲ့သလို –ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပ နိုင်ငံများက အရင်းရှင်စနစ် ပြန်လည်တည်ဆောက်ရေး ဖြစ်စဉ်ဟာလည်း ထင်တိုင်းမပေါက်၊ လွယ်ကူဖြောင့်ဖြူးမှာ မဟုတ်ဘူးဆိုတာ သမိုင်းက သက်သေပြပါလိမ့်မယ်။ ရာစုနှစ်နဲ့ချီ တိုက်ပွဲတွေဆင်ပြီး ခက်ခက်ခဲခဲနဲ့ ရရှိလာခဲ့တဲ့ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို အလွယ်တကူ ချေဖျက်ပစ်လို့ မရနိုင်ပါဘူး။ ၂၀ ရာစုနှစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုများက ခေတ်ပြိုင်လူသား ဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံ ဦးတည်ချက်ဟာ အမျိုးသားဆိုင်ရာနဲ့ လူမှုဆိုင်ရာ လွတ်မြောက်မှုဖြစ်ကြောင်း သက်သေခံနေတယ်။ CPI ( M ) အနေနဲ့ ခေတ်ပြိုင်အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ် နှစ်ခုစလုံးရဲ့ လူမှုစီးပွားရေးစနစ် တစစဖြစ်ပေါ် တိုးတက်လာတဲ့ ဖြစ်စဉ်ကို ထောက်ဆဆင်ခြင်ပြီး ကမ္ဘာ့အခြေအနေကိုရော တိုင်းပြည်တခုချင်း အခြေအနေကိုပါ နှစ်မျိုးစလုံး စဉ်းစားကာ နက်ရှိုင်းတဲ့ ခွဲခြမ်းစိတ်ဖြာမှုတရပ်ကို အကောင်အထည်ဖော်ဖို့ တာဝန်ယူခဲ့တယ်။ ဒါကို အထက်မှာ ထောက်ပြခဲ့တဲ့အတိုင်း နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းက ပြန်ပြင်ရေးဝါဒနဲ့ တရားသေဝါဒတို့က အဟန့်အတား ပြုကြတယ်။ နောက်ပြီး တစုံတရာ အတိုင်းအတာအထိ သဘောတရားရေး ထိုင်းမှိုင်းမှုကို ဖြစ်စေခဲ့တယ်။ အဲဒီခွဲခြမ်းစိတ်ဖြာမှုက သက်ဆိုင်တဲ့ သဘောတရားနဲ့ လက်တွေ့ နိဂုံးချုပ်ချက်တွေ ပြုလုပ်ဖို့အတွက် မာ့က်စ်ဝါဒ၊ လီနင်ဝါဒဟာ လက်လွှတ်လို့ မရတဲ့ ကိရိယာဖြစ်တယ်။ CPI ( M ) ဟာ သူ့ရဲ့ အဆင့်အသီးသီးမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့ ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒစိတ်ဓာတ် လေ့လာရေးကို အားဖြည့်ဖို့နဲ့ အိန္ဒိယပြည်သူတွေအကြား သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ် အယူအဆများ ဝါဒဖြန့်ချိဖို့ ကတိသစ္စာပြုတယ်။ CPI ( M ) ဟာ လက်ယာပြန်ပြင်ရေးသမားတွေနဲ့ လက်ဝဲဂိုဏ်းဂဏ သွေဖီရေးတို့ကို ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်သွားဖို့ ကတိသစ္စာပြုတယ်။

ပါတီဟာ မျက်မှောက်လူတန်းစား အင်အားစုတွေရဲ့ ဆက်ဆံရေးကို ပြည်သူ့ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်စနစ် ရည်မှန်းချက်များဆီသို့ ပြောင်းပစ်ရေး တိုက်ပွဲများအတွင်းမှာ အိန္ဒိယပြည်သူများအား စည်းရုံးသိမ်းသွင်းရေး တာဝန်ကို တိုးမြှင့် ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

အိန္ဒိယပြည် ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ ) ရဲ့ <ON CERTAIN IDEOLOGICAL ISSUES > မှ TASKS BEFORE THE COMMUNIST ကို ဘာသာပြန်ဆိုပါသည်။

---

# ဆိုရှယ်လစ်ဝါဒဆိုင်ရာ
# အမြင် ( ၁၀ ) ချက်

ရဲဘော်တိန့်ရှောင်ဖင်က "ကျွန်တော်တို့မှာ အတွေ့အကြုံ သင်ခန်းစာတွေ အတော်များများပဲ ရှိပါတယ်။ အရေးအကြီးဆုံး အချက်ကတော့ ဆိုရှယ်လစ်ဝါဒ ဆိုတာဘာလဲ၊ ဆိုရှယ်လစ်ဝါဒကို ဘယ်လိုတည်ဆောက် ရမလဲဆိုတာကို ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဖို့ပါပဲ။" လို့ ပြောခဲ့ပါတယ်။ ( တိန့်ရှောင်ဖင် ကျမ်းပေါင်းစုံ–အတွဲ ၃၊ နှာ ၁၁၆။ ) ဒီနေရာမှာ အလွန်အရေးကြီးတဲ့ သဘောတရားနဲ့ လက်တွေ့ပြဿနာကို လက်တွေ့ကျကျ တင်ပြလိုက်တာ ဖြစ်ပါ တယ်။ ဆိုလိုတာကတော့ ကွန်မြူနစ်တွေ၊ မာ့က်စ်ဝါဒီတွေအတွက် ဆိုရှယ်လစ်ဝါဒအမြင်ကို မှန်မှန်ကန်ကန် စိုက်ထူရေးဟာ ဆိုရှယ်လစ် အရေးတော်ပုံကြီး ကြီးထွားအောင်မြင်မှုနဲ့ ဆုတ်ယုတ်ကျဆုံးမှုအတွက် အင်မတန်မှကို အရေးကြီးတယ်လို့ဆိုတာ ဖြစ်ပါတယ်။ တကယ်က ဆိုရှယ်လစ်ဝါဒဆိုတာ ဘာလဲ၊ ဆိုရှယ်လစ်ဝါဒကို ဘယ်လိုတည်ဆောက်ရမလဲ ဆိုတာကို လွန်ခဲ့စဉ် အချိန်ကြာရှည်စွာကပင် ရှင်းရှင်းလင်းလင်းဖြစ်အောင် မလုပ်နိုင်ခဲ့ရုံမက လူတွေရဲ့ အတွေးအခေါ်ကို ချုပ်နှောင် မှားယွင်းစေပြီး ဆိုရှယ်လစ်ဝါဒ အရေးတော်ပုံ တိုးပွား ကြီးထွားမှုကို ထိခိုက်တဲ့အထိ ဖြစ်စေခဲ့ပါတယ်။ ပါတီရဲ့ ၁၁ ကြိမ် ကွန်ဂရက် တတိယဗဟို စုံညီအစည်းအဝေး ပြီးတဲ့နောက် ရဲဘော်တိန့်ရှောင်ဖင်ဟာ သမိုင်းအတွေ့အကြုံ၊ သင်ခန်းစာများကို နိဂုံးချုပ်လုပ်တဲ့ အခြေခံပေါ်မှာ ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေးအတွင်းရှိ လက်တွေ့ ပြဿနာများကို ဦးတည်ပြီး အဘက်ဘက်၊ ပြည့်ပြည့်စုံစုံ၊ စေ့စေ့စပ်စပ်၊ သိပ္ပံနည်းကျ အဖြေပေးခဲ့တယ်။ ယင်းမှ တဆင့် တရုတ်ပြည်ရဲ့ အထူးအသွေးအရောင်ပါတဲ့ ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေး သဘောတရားကို ထူထောင်လိုက်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကြီးမားတဲ့ ပြဿနာတွေကို မတင်ပြလိုပါ။ ဆိုဗီယက်နဲ့ အရှေ့ဥရောပ တိုင်းပြည်များ ကြီးကြီးမားမား ပြောင်းလဲသွားပြီးနောက် ဆိုရှယ်လစ်ဝါဒနဲ့ ပတ်သက်လို့ လူတွေပြောဆိုငြင်းခုံမှု အဖြစ်ဆုံး၊ စိတ်အဝင်စားဆုံးဖြစ်တဲ့ ပြဿနာအချို့ကိုသာ တင်ပြလိုပါတယ်။ ဆိုလိုတာက ဆိုရှယ်လစ်ဝါဒကို ဘယ်လို သိမြင်ရမလဲ ဆိုတာကို အောက်ပါအမြင် ( ၁၀ ) ချက် အဖြစ် တင်ပြသွားပါမယ်။

( ၁ ) <u>ဆိုရှယ်လစ်ဝါဒဟာ ကြီးမြတ်တဲ့ လူသားအဖွဲ့အစည်းရဲ့ စမ်းသပ်ရေး အင်ဂျင်နီယာ လုပ်ငန်းကြီးတရပ် ဖြစ်တယ်။ ၎င်းဟာ အခြားသိပ္ပံပညာရပ်များ စမ်းသပ်မှုလိုပဲ တချီထဲနဲ့ အောင်မြင်နိုင်တာ မဟုတ်ပါ။ ဒါကြောင့် လက်တွေ့အတွင်းမှာ ဒီလို–ဟိုလို ထိခိုက်နစ်နာမှုများနဲ့ အရေးနိမ့်မှုများရှိတာဟာ မထူးဆန်းပါ။</u> ရှေးကလူများ မလုပ်ခဲ့ဘူးတဲ့ အသစ်လွင်ဆုံး လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့်လီနင်က "လူများ မပေါက်ရောက်ဘူးတဲ့၊ လေ့လာစူးစမ်းမှုများလဲ မလုပ်ခဲ့ဘူးသေးတဲ့ တောင်မြင့်ကြီးတတောင်ကို တက်ရတာမျိုး " လို့ ဥပမာပေးပြီး "ကျွန်တော်တို့ဟာ ထောင်သောင်းမကတဲ့ အခက်အခဲများကို ရင်ဆိုင်ဖို့၊ အကြိမ်တထောင် စမ်းသပ်ပြီးတာတောင်မှ ထပ်ပြီးတထောင်နဲ့တကြိမ် စမ်းသပ်ဖို့တောင် ပြင်ဆင်ထားရဦးမယ်" လို့ ပြောခဲ့ပါတယ်။ ( လီနင် ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာအတွဲ ၃၄၊ နှာ ၃၇၉။ ) ဆိုဗီယက်နဲ့ အရှေ့ဥရောပ တိုင်းပြည်များ အကြီးအကျယ် ပြောင်းလဲသွားတာဟာ ကမ္ဘာ့ဆိုရှယ်လစ်အရေးတော်ပုံကို ပြင်းပြင်းထန်ထန် ထိခိုက်နစ်နာစေခဲ့ပါတယ်။ ဒီအချိန်မှာ ဆိုရှယ်လစ်ဝါဒီတွေ ဘာလုပ်ကြမလဲ၊ လီနင်ပြောသလို လုပ်ကြရမှာပါပဲ။ "စစ်မှန်တဲ့ ဆိုရှယ်လစ်ဝါဒီ တယောက်ဟာ ကြီးမားပြင်းထန်တဲ့ ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရတဲ့

အချိန်မှာ လူစွမ်းကောင်းဟန်လဲ မဆောင်သလို အဆိုးမြင် မျှော်လင့်ချက်ကင်းမဲ့ သွားတာမျိုးလဲ မဖြစ်သင့်ပါဘူး။" ( လီနင်ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ အတွဲ ၃၄၊ နှာ ၇၅။ ) ကျွန်တော်တို့ဟာ လူစွမ်းကောင်းဟန်လဲမဆောင်၊ အဆိုးမြင် မျှော်လင့်ချက်မဲ့သွားတာလဲ မဖြစ်ဘဲ၊ အဲဒီ အဖြစ်အပျက်တွေထဲက သေသေချာချာ နိဂုံးချုပ်ပြီး လိုအပ်တဲ့ အတွေ့အကြုံ၊ သင်ခန်းစာတွေကို ထုတ်ယူရေးသာ လုပ်သင့်ပါတယ်။

( ၂ ) <u>ဆိုဗီယက်နဲ့ အရှေ့ဥရောပ တိုင်းပြည်များ ပြိုကွဲသွားတာဟာ ဆိုရှယ်လစ်ဝါဒ အခြေခံစနစ်နဲ့ မူကျတဲ့ ဆုံးရှုံးမှု မဟုတ်ပါ။ ဆိုရှယ်လစ်ဝါဒရဲ့ ထူးခြားတဲ့ လက်တွေ့စမ်းသပ်မှု ပုံစံတမျိုး– ဆိုဗီယက်ပုံစံရဲ့ ကျဆုံးမှုမျှသာ ဖြစ်ပါတယ်</u>။ ဒီနေရာမှာပြောတဲ့ "ဆိုဗီယက်ပုံစံ" ဆိုတာဟာ ဆိုဗီယက်ဝါဒ အခြေခံစနစ်က ကျင့်သုံးခဲ့တဲ့ "အုပ်ချုပ်မှု အဆောက်အအုံနဲ့ ဆောင်ရွက်တဲ့ ယန္တရား" ကိုပြောတာ ဖြစ်ပါတယ်။ အမြဲတမ်း သုံးစွဲပြောနေကျ "အဆောက်အအုံစနစ်" ကို ပြောတာပါ။ ဆိုဗီယက်ပုံစံ ဆိုတာဟာ ဆိုရှယ်လစ်ဝါဒ လက်တွေ့ပုံစံတမျိုးဖြစ်ပြီး ဓမ္မတာအတိုင်းပဲ ဆိုရှယ်လစ်ဝါဒ လက္ခဏာရဲ့ အခြေခံစနစ်နဲ့ မူများကို အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအဆောက်အအုံစနစ်ဟာ ချို့ယွင်းချက်ကြီးများ ရှိတာကြောင့် ဆိုရှယ်လစ်ဝါဒ ပင်ကိုယ်လက္ခဏာရဲ့ အခြေခံစနစ်နဲ့ မူများကို မထွန်းကားနိုင်ခဲ့ရုံမက ကြီးလေးတဲ့ စောင်းရွဲ့မှုနဲ့ ပုံပြောင်းမှုများကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါကြောင့် တခုလုံးအရပြောရင် ဆိုဗီယက်ဆိုရှယ်လစ်ဝါဒ ဖြစ်ပေါ်တိုးပွားရေးအပေါ် အတားအဆီးများပင် ဖြစ်စေခဲ့တယ်။ ဓမ္မတာပဲ အဲဒီပုံစံတရပ် ဖြစ်တည်မှုဟာ သူ့ရဲ့သမိုင်းဖြစ်စဉ်ထဲမှာ ကျိုးကြောင်းဆီလျော်မှုများလည်း ရှိခဲ့ပါတယ်။ အစကတည်းက သုံးမရတာမျိုး မဟုတ်ပါ။ ဆိုဗီယက်ယူနီယံဟာ ခေတ်နောက်ကျတဲ့ လယ်ယာနိုင်ငံတခုမှ စက်မှုနိုင်ငံတခုအဖြစ် ပြောင်းလဲခဲ့တာပဲဖြစ်ဖြစ်၊ နောက်ပိုင်းဟစ်တလာ ဖက်ဆစ်တွေအပေါ် အောင်ပွဲဆင်တဲ့ တိုက်ပွဲမှာပဲဖြစ်ဖြစ် အဲဒီအဆောက်အအုံစနစ်ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ ပြဿနာက နောက်ပိုင်းကာလတွေမှာ မာတောင့်လာပြီး အထူးသဖြင့် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက် သစ်လွင်တဲ့ သိပ္ပံပညာတော်လှန်ရေးနဲ့ သစ်လွင်တဲ့ နိုင်ငံတကာ့ဝန်းကျင် အတွင်းမှာဆိုရင် ၎င်းရဲ့အနုတ်လက္ခဏာ အခန်းဟာ ကြာလေထင်ရှားလာလေလေ ဖြစ်ခဲ့တယ်။ ဆိုရှယ်လစ်ဝါဒဟာ ရှေ့ကို ဆက်လက်ဖြစ်ပေါ်တိုးပွားဖို့ဆိုရင် အဲဒီပုံစံကို "ပြုပြင်ပြောင်းလဲ" စေပြီး တခုလုံးအရ အဲဒီ မာတောင့်နေတဲ့ ပုံစံကို ထိုးဖောက်မှု မလုပ်ဘူးဆိုရင် မျှော်လင့်ချက် မရှိနိုင်ပါ။ ဒါပေမဲ့ အဲဒီပုံစံကို "ပြုပြင်ပြောင်းလဲရေး" ဆိုတာ "ဦးတည်ချက်တခုလုံး ပြောင်းလဲ" ရမယ်လို့ ဆိုတာ မဟုတ်။ ၎င်းကို "ထိုးဖောက်ရမယ်" ဆိုတာဟာလဲ "အကုန်အစဉ် ချေမှုန်းပစ်ရမယ်" လို့ဆိုတာ မဟုတ်ပါ။ ဥပမာ ကလေးငယ်ကို ရေချိုးပေးပြီးနောက် ညစ်ညမ်းတဲ့ ရေများကို သွန်ပစ်တဲ့အခါမှာ ကလေးကိုပါ သွန်ပစ်တာမျိုး မလုပ်သင့်ပါ။ တရုတ်ပြည်ရဲ့ ပြုပြင်ပြောင်းလဲရေးဟာ ဆိုရှယ်လစ်ဝါဒကို အသက်တလူလူ ဖြစ်စေပြီး ဆိုဗီယက်နဲ့ အရှေ့ဥရောပ တိုင်းပြည်များရဲ့ ပြုပြင်ပြောင်းလဲရေး ကတော့ ဆိုရှယ်လစ်ဝါဒကို လုံးဝပြိုလဲသွားစေတဲ့ ကြေကွဲဖွယ် ဆိုးကျိုးအထိ ဖြစ်သွားစေခဲ့တယ်။ အဲဒီလိုဖြစ်သွားရတဲ့ အကြောင်းရင်းကြီးတခုကတော့ ၎င်းတို့ဟာ မူလ ဆိုရှယ်လစ်ဝါဒအပေါ် လုံးဝမတူတဲ့ သဘောထားကို ကျင့်သုံးကြတာကြောင့် ဖြစ်တယ်။ ဆိုလိုတာကတော့ တရုတ်ပြည်ဟာဆိုရင် ဆိုရှယ်လစ်ဝါဒရဲ့ အခြခံစနစ် ( အခြေခံမူကြီး လေးရပ်အား စွဲစွဲမြဲမြဲ ဆုပ်ကိုင်မှုကို စုစည်းဖော်ပြချက်အဖြစ်ထားရေး ) ကို ရှေးဦးလိုအပ်ချက်အဖြစ်ထားတဲ့အောက်မှာ "အဆောက်အအုံဟောင်းကို အကုန်အစဉ် ပြောင်းလဲပစ်တာ ဖြစ်တယ်။" ဆိုဗီယက်နဲ့ အရှေ့ဥရောပ တိုင်းပြည်များရဲ့ "ပြုပြင်ပြောင်းလဲရေး"ကတော့ "ပြုပြင်ပြောင်းလဲရေး" ဟာ "ဦးတည်ချက် ပြောင်းလဲရေး" ဖြစ်သွားတယ်။ ဆိုလိုတာက "မူလရှိတဲ့ ဆိုရှယ်လစ်စနစ်ကို အကုန်အစဉ် ချေမှုန်းရေး" ဖြစ်ခဲ့တယ်။

( ၃ ) <u>ဆိုရှယ်လစ်ဝါဒဟာ ရှည်ဝေးတဲ့ ဖြစ်စဉ်တရပ်ဖြစ်ပြီး တဖြည်းဖြည်း ဖြစ်ပေါ်တိုးပွား– ပြည့်စုံကောင်းမွန်လာစေတဲ့ဖြစ်စဉ် ဖြစ်တယ်</u>။ ကျွန်တော် တို့ဟာ ယင်းဖြစ်ပေါ်တိုးပွားမှုရဲ့ ရေရှည်မှု၊ ကွေ့ကောက်မှု၊ ခက်ခဲမှုနဲ့ ရှုပ်ထွေးမှု လက္ခဏာတွေကို အပြည့်အဝ တွက်ဆရမယ်။ အလောတကြီး အကောင်အထည် ပေါ်လာဖို့ မဖြစ်နိုင်ပါ။ လွန်ခဲ့တဲ့ အနှစ် ၁၀၀ အတွင်းက ဆိုရှယ်လစ်ဝါဒရဲ့ လက်တွေ့သမိုင်းကို ပြန်လည်သုံးသပ်ရင် လက်ျာတိမ်းစောင်းမှု အမှားများ ကျူးလွန်တာတွေ ရှိခဲ့ပေမယ့် အဓိကအကျဆုံး သင်ခန်းစာကတော့ အဲဒီရှုပ်ထွေးတဲ့ အခြေအနေကို တွက်ဆမှုမလုံလောက်ဘဲ အောင်မြင်ရေးကို အလောတကြီး တောင်းဆိုတဲ့ "လက်ဝဲတိမ်းစောင်းမှု အမှား" ကျူးလွန်ခဲ့တာ ဖြစ်တယ်။ ဆိုလိုတာကတော့ အထွေထွေလမ်းညွှန် အတွေးအခေါ်အရ ကွန်မြူနစ်စနစ်ဟာ နီးကပ်နေပြီလို့ကြည့်ပြီး အရင်းရှင်ဝါဒကို လျှော့ပေါ့တွက်ဆခြင်း၊ ဆိုရှယ်လစ်ဝါဒကိုတော့ ပိုမိုလွန်ကဲ တွက်ဆခြင်းနဲ့ ပဒေသရာဇ်စနစ်ကိုတော့ လျစ်လျူရှုထားခြင်းအားဖြင့် မာ့က်စ်ဝါဒကို ရွဲ့စောင်းစေတာ၊ မာတောင့်စေတာ ဖြစ်တယ်။ ဆိုလိုတာကတော့ ဆန္ဒပိုင်းအရ မာ့က်စ်ဝါဒကို ရပ်ခံကာကွယ်ဖို့စိတ်ဓာတ် ရှိပေမယ့် လက်တွေ့ကျတော့ မာ့က်စ်ဝါဒကို အသိမဲ့စွာ ကျောခိုင်း

တာ ဖြစ်တယ်။

အရင်းရှင်လူ့အဖွဲ့အစည်းမှ ကွန်မြူနစ် လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရာမှာ "ကူးပြောင်းရေးကာလ" ဆိုရှယ်လစ်စနစ် ကာလတခု ဖြတ်သန်းရမယ်။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းဟာ အရင်းရှင် လူ့အဖွဲ့အစည်းမှ မွေးဖွားစကာလဖြစ်တဲ့အတွက် အပြည့်အစုံ ဖြစ်ပေါ်တိုးပွားတဲ့ လူ့အဖွဲ့အစည်းတခု မဖြစ်သေးပါ။ ဒါကြောင့် လူ့အဖွဲ့အစည်းဟောင်းရဲ့ ဒဏ်ရာဒဏ်ချက်တွေ မလွဲမသွေ သယ်ဆောင်လာပြီး ခြောက်ပစ်ကင်းသဲလဲစင် မဖြစ်နိုင်ဘူးလို့ မာ့က်စ်က ယူဆခဲ့တယ်။ ဒီနေရာမှာ အဖွံ့ဖြိုးဆုံး အရင်းရှင်တိုင်းပြည်များကို ရည်ညွှန်းတာ ဖြစ်တယ်။ ခေတ်နောက်ကျတဲ့ တိုင်းပြည်များမှာ ဘယ်လိုပြုလုပ်ရမယ်ဆိုတာ သူ့အနေနဲ့ ဟိုတချိန်ကဆို ကြိုတင်တွက်ဆမှုများ မပြုလုပ်နိုင်သေးပါ။ လီနင်က ခေတ်နောက်ကျတဲ့ တိုင်းပြည်များမှာ ဆိုရှယ်လစ်စနစ် ကျင့်သုံးတဲ့အခါမှာ "ရှည်ဝေးတဲ့၊ ရှုပ်ထွေးတဲ့ ကူးပြောင်းမှုကို ဖြတ်သန်းရမယ်" "အရင်းရှင်စနစ် မထွန်းကားလေလေ ကူးပြောင်းရေးကာလ ပိုအချိန်ကြာလေလေ ဖြစ်မယ်" လို့ အလေးထား ပြောခဲ့တယ်။ သူဟာ ရုရှပြည်ရဲ့ တိုတောင်းတဲ့ တည်ဆောက်ရေးလက်တွေ့အတွင်းမှာပဲ "တိုက်ရိုက်ကူးပြောင်းရေး နည်းနာ" မကျင့်သုံးဘဲ "သွယ်ဝိုက်တဲ့နည်းနာ" ကို ကျင့်သုံးရမယ်ဆိုတာ တွေ့မြင်ခဲ့တယ်။ ( လီနင်ကျမ်း ပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၂၊ နှာ ၁၈၃–၁၉၀ ) သူက "အရင်းရှင်ဝါဒကို အသုံးချပြီး" ဆိုရှယ်လစ်စနစ် တည်ဆောက်ရမယ်လို့လဲ တင်ပြခဲ့တယ်။ တချို့က အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှုကို ကြောက်လန့်ပြီး "အရင်းရှင် စနစ်ဟာ ဒုက္ခဘုံ ဖြစ်တယ်" "ဆိုရှယ်လစ်စနစ်ဟာ သုခဘုံ ဖြစ်တယ်" လို့ ပြောနေကြတာကို ရည်ညွှန်းပြီး "ဆိုရှယ်လစ်စနစ်နဲ့ နှိုင်းစာရင် အရင်းရှင်စနစ်ဟာ ဒုက္ခဘုံ ဖြစ်တယ်။ ဒါပေမဲ့ ခေတ်လယ်စနစ်များ၊ ထုတ်လုပ်သူကလေးများရဲ့ ကွဲကျဲမှုမှ ပေါ်ပေါက်လာတဲ့ ဗျူရိုကရက်များနဲ့ နှိုင်းစာရင်တော့ အရင်းရှင်စနစ်ဟာလဲ သုခဘုံဖြစ်တယ်။" ကျွန်တော်တို့ဟာ ထုတ်လုပ်ရေးကလေးကနေ ဆိုရှယ်လစ်စနစ်ကို တိုက်ရိုက်ကူးပြောင်းရေး မလုပ်နိုင်သေးတဲ့အခါမှာ ထုတ်လုပ်ရေးကလေးနဲ့ ဖလှယ်ရေးတို့မှ ပေါက်ဖွားလာတဲ့ အရင်းရှင်စနစ်ကို တစုံတခု အတိုင်းအတာအရ မလွဲရှောင်နိုင်ပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ အရင်းရှင်စနစ်ကို အသုံးချရမယ်" လို့ နက်နက်ရှိုင်းရှိုင်း ညွှန်ပြခဲ့တယ်။ ( လီနင် ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၄၁၊ နှာ ၂၀၇။ ) လီနင်က ရုရှပြည် အရှေ့ပိုင်းက အမျိုးသားများရဲ့ ကွန်မြူနစ် အဖွဲ့အစည်းများဟာ "တကမ္ဘာလုံးမှ ကွန်မြူနစ်များ မကြုံခဲ့ဘူးတဲ့ တာဝန်တရပ်နဲ့ ရင်ဆိုင်နေရတယ်" လို့ ယူဆခဲ့တယ်။ ဆိုလိုတာက "အရင်းကို ဆန့်ကျင်တာ မဟုတ်ဘဲ အလယ်ခေတ် အကြွင်းအကျန်တွေကို ဆန့်ကျင်ရတဲ့တာဝန်နဲ့ ရင်ဆိုင်နေရတယ်။" ( လီနင် ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၃၇၊ နှာ ၃၂၃ ) ကမ္ဘာ့ဆိုရှယ်လစ်ဝါဒရဲ့ သမိုင်းအတွေ့အကြုံ အမှန်နဲ့အမှားများကို နိဂုံးချုပ်ရာမှာ တိန့်ရှောင်ဖင် အလေးထား တင်ပြတာက– တရုတ်ပြည် ဆိုရှယ်လစ်စနစ်ရဲ့ ပဏာမအဆင့်ဟာ နှစ်ပေါင်း ၁၀၀ လောက် ကြာမယ်။ "အခုဆိုရင် တရုတ်ပြည်ဟာ ဆိုရှယ်လစ်စနစ်ကို လုပ်ဆောင်နေတယ်လို့ ပြောပေမယ့် စင်စစ်အားဖြင့်တော့ စံချိန်မမီသေးပါ။" "ဆိုရှယ်လစ်ဝါဒရဲ့ သာလွန်မှုများကို လက်တွေ့သာဓကပြနိုင်တဲ့ အထိဆိုရင် မျိုးဆက် ၂ ဆက်၊ ၃ ဆက် ဒါထက်မက ၄ ဆက်အထိ ဒီပန်းတိုင်ရောက်အောင် အကောင်အထည် ဖော်ကြရလိမ့်ဦးမယ်။ အဲဒီအချိန်ကျမှ ဆိုရှယ်လစ်ဝါဒဟာ အရင်းရှင်စနစ်ထက် သာလွန်တယ်လို့ လက်တွေ့ပြပြီး အကျိုးအကြောင်းရှိရှိ အားမာန်တင်းတင်း ပြောနိုင်ပါလိမ့်မယ်။" ( တိန့်ရှောင်ဖင် လက်ရွေးစဉ်ကျမ်း၊ အတွဲ ၃၊ နှာ ၂၂၅–၂၅၆ ) သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒီ ပုဂ္ဂိုလ်ကြီးများကလဲ ဒီတောက်ပြောင်တဲ့ အတွေးအခေါ်၊ ဆိုရှယ်လစ်စနစ်ရဲ့ ရေရှည်တဲ့၊ ကွေ့ကောက်တဲ့၊ ပင်ပန်းခက်ခဲတဲ့ ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်ကို ဖြတ်သန်းရမယ်ဆိုတဲ့ အယူအဆကို မရှင်းပြဘဲ နေခဲ့တာ မဟုတ်ပါဘူး။

( ၄ ) <u>ဆိုရှယ်လစ်ဝါဒဟာ အဆက်မပြတ် ပြုပြင်ပြောင်းလဲနေတဲ့ လူ့အဖွဲ့အစည်း ဖြစ်တယ်။</u>

အိန်ဂယ်လ်က "ဆိုရှယ်လစ်စနစ်ဆိုတာ တသမတ်ထဲ မပြောင်းလဲတဲ့အရာ မဟုတ်။ အခြားလူမှုစနစ်များလိုပဲ အမြဲတမ်း ပြောင်းလဲနေပြီး အဆက်မပြတ် ပြုပြင်ရမယ့် လူ့အဖွဲ့အစည်းအဖြစ် ယူဆသင့်တယ်" လို့ ပြောခဲ့တယ်။ ( မာ့က်စ်–အိန်ဂယ်လ် ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၃၇၊ နှာ ၄၄၃ ) လီနင်ဟာ တော်လှန်ရေး အောင်ပွဲခံပြီးနောက် "ပြုပြင်ပြောင်းလဲရေး" ကို နေ့စဉ်လုပ်ငန်းအဖြစ် အချိန်မီ ထည့်သွင်းထားခဲ့ပြီး "စီးပွားရေး ပေါ်လစီသစ်" ကို ကျင့်သုံးတဲ့ ဆိုရှယ်လစ်စနစ် လက်တွေ့အတွင်းမှာရှိတဲ့ "ပြုပြင်ပြောင်းလဲရေး" ကို ပဌမဆုံးအကြိမ် ကိုယ်တိုင် ခေါင်းဆောင်ခဲ့တယ်။ သူမကွယ်လွန်မီမှာလဲ နိုင်ငံရေးအမှာစာဆိုတဲ့ သဏ္ဍာန်နဲ့ ဆိုဗီယက် နိုင်ငံတော်ရုံးများရဲ့ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို တင်ပြခဲ့တယ်။ ၎င်းပြင် လီနင်က ပစ္စည်းမဲ့လူတန်းစား အာဏာရပြီးနောက် တော်လှန်ရေးရဲ့ကဏ္ဍကို ကားချဲ့ပြီး တော်လှန်ရေး နည်းနာတွေကို သင့်တော်စွာနဲ့ ထိရောက်စွာ သုံးရေးမှာ အကန့်အသတ်ရှိမှု၊ အချက်အလက် လိုအပ်မှုတွေကို မေ့ပျောက်တဲ့ အန္တရာယ်ကို သဘောတရားအရ ညွှန်ပြလိုက်ပြီး "ပြုပြင်ရေးဝါဒ လှုပ်ရှားမှု" (ပြုပြင်

ပြောင်းလဲရေးကို ဆိုတာပါ။ ) ကို မသုံးတတ်ရင် နဖူးကွဲဒူးပြဲ အဖြစ်လွယ်ဆုံး" ဆိုတာကိုလည်း ညွှန်ပြထားပါတယ်။ ( လီနင် လက်ရွေးစဉ်ကျမ်း၊ တရုတ်ဘာသာ၊ အတွဲ ၄၊ နှာ ၆၁၂ ) တိန့်ရှောင်ဖင်ဟာ တရုတ်ပြည်ဆိုရှယ်လစ်ဝါဒ ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်ဆိုင်ရာ ပုံစံဆွဲဆရာချုပ် ဖြစ်ပါတယ်။ "ပြုပြင်ပြောင်းလဲရေး" စကားလုံးဟာ သူ့လက်ရွေးစဉ် ကျမ်းထဲမှာ အသုံးအများဆုံး စကားလုံး ဖြစ်ခဲ့တယ်။

( ၅ ) <u>ဆိုရှယ်လစ်စနစ်ဟာ တံခါးဖွင့် လူ့အဖွဲ့အစည်းဖြစ်ပြီး၊ ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်ဟာ ပိတ်ဆို့ထားတဲ့၊ မပြောင်းမလဲ သေခဲနေတဲ့ တွေးခေါ်မှု စနစ်တခု မဟုတ်ပါ။</u> ဆိုရှယ်လစ်ဝါဒ ကြီးထွားတိုးပွားဖို့ ဆိုရင် ကြီးမားတဲ့ အရင်းရှင် ယဉ်ကျေးမှုမှ ပေါက်ဖွားလာတဲ့ လူသားယဉ်ကျေးမှု အသီးအပွင့်အားလုံးကို လက်ခံမှီငြမ်း ရမယ့်အပြင် ခေတ်ကာလ ပြောင်းလဲမှု၊ သိပ္ပံ–ဝိဇ္ဇာပညာ လက်တွေ့တိုးတက်မှုတို့နဲ့အညီ အဆက်မပြတ် ပြုပြင် ပြောင်းလဲ၊ ပြည့်စုံကြွယ်ဝ၊ တိုးပွားကြီးထွား လာစေရ ပါမယ်။

လီနင်က "ဆိုရှယ်လစ်စနစ် အကောင်အထည် ဖော်နိုင်ဖို့ဆိုတာ ဆိုဗီယက်အာဏာနဲ့ ဆိုဗီယက် အုပ်ချုပ်ရေး ဖွဲ့စည်းမှုများကို အရင်းရှင်ဝါဒရဲ့ အသစ်လွင် ဆုံးဖြစ်တဲ့ တိုးတက်တဲ့အရာများနဲ့ ပေါင်းစပ်မှု အကောင်း အဆိုး အပေါ်မှာ မူတည်တယ်။" လို့ ပြောခဲ့တယ်။ ( လီနင် ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၃၄၊ နှာ ၁၇၀–၁၇၁။) ဆိုရှယ်လစ်ဝါဒကို လီနင်က "နိုင်ငံခြားက ကောင်းမွန် တဲ့ အရာများကို နှစ်နှစ်ခြိုက်ခြိုက် ခံယူရမယ်။ ဆိုဗီယက် နိုင်ငံရေးအာဏာ + ပရပ်ရှား မီးရထား အုပ်ချုပ်စီမံမှု + အမေရိကန် အတတ်ပညာနဲ့ ထရပ်စ်ဖွဲ့စည်းပုံ + အမေ ရိကန် အမျိုးသားပညာရေး ...စသည် ... စသည်... စသည်...စသည်++ စုစုပေါင်း = ဆိုရှယ်လစ်ဝါဒ" ဆိုတဲ့ ဖော်မြူလာနဲ့လည်း ရှင်းပြခဲ့သေးတယ်။ ( လီနင်ကျမ်း ပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၃၄၊ နှာ ၅၂၀။ ) ဒါပေမဲ့ ကျွန်တော်တို့ဟာ အရင်နှစ်တွေတုန်းက ရဲဘော်ကျန်းဇီမင် မြို့တော်အဆင့်မြင့်ကျောင်းဆင်း ညှိနှိုင်းဆွေးနွေးပွဲမှာ ပြောသလိုပဲ "လွန်ခဲ့တဲ့ အချိန်အတော်ကြာကြာ အတွင်းမှာ ကျွန်တော်တို့ဟာ အရင်းရှင်နဲ့ ပတ်သက်ရင် ဆိုရှယ်လစ်ဝါဒနဲ့ အရင်းရှင်ဝါဒအကြား အတိုက်အခံဘက် ကိုသာ အမြဲဒါမှမဟုတ် အတော်များများကြည့်ကြပြီး ဆိုရှယ်လစ်ဝါဒက သူ့ဆီက လေ့လာစရာ၊ မှီငြမ်းစရာနဲ့ အသုံးပြုနိုင်စရာဘက်တွေကိုမြင်တာ အတော်နည်းခဲ့ကြ တယ်။ ဒါဟာ အသိဆိုင်ရာမှာ တဘက်သတ်ကျမှု တမျိုး ပါပဲ။ ဒီလို အသိဆိုင်ရာ တဘက်သတ်ကျမှုမျိုးဟာ ဆိုရှယ် လစ်စီးပွားရေး ယဉ်ကျေးမှုများ ဖွံ့ဖြိုးရေးနဲ့ တိုးတက်ရေး တို့အတွက် အကျိုးမရှိပါဘူး။ ( တရုတ်ပြည် လူငယ် သတင်းစာ၊ ၁၉၉၂ ခု၊ မေလ ၂၁ ရက်။ )

ဆိုရှယ်လစ်ဝါဒ အတွေးအခေါ်ဟာ ပိတ်ဆို့ သေခဲနေတဲ့ စနစ်တခု မဟုတ်ပါဘူး။ မာ့က်စ်ဝါဒရဲ့ "ဖွဲ့စည်းမှုသုံးရပ်" ထဲမှာ "ရေသောက်မြစ်သုံးသွယ်" ရှိပါတယ်။ ဒါကိုယ်တိုင်က ဒီဝါဒကို ဖန်တီးသူဟာ အရင်းရှင် လူ့အဖွဲ့အစည်းကို သိပ္ပံနည်းကျ သုတေသနပြုတဲ့ အခြေခံ ပေါ်မှာ သဘောတရားကြီးသုံးရပ်ရဲ့ အသီးအပွင့်နဲ့ လူ သားအတွေးအခေါ် ယဉ်ကျေးမှုမှ သာလွန်တဲ့ အသီးအပွင့် မှန်သမျှတို့အတွင်းမှ ဝေဖန်မှုရှိရှိ ထုတ်နုတ်ယူပြီး ကျိုး ကြောင်းဆီလျော်တဲ့ အတွေးအခေါ် ဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။ ဒ့ါပြင် ၎င်းကို ပြည့်စုံတဲ့ ကမ္ဘာ့အမြင်သစ်နဲ့ နည်းနာတရားအဖြစ် ဖွဲ့တည်လိုက်တာ ဖြစ်ပါတယ်။ ယင်းမှတဆင့် အလုပ်သမားလူတန်းစား လွတ်မြောက်ရေး အတွက် မှန်ကန်တဲ့ လမ်းညွှန်အတွေးအခေါ်ကို ပေးအပ် ခဲ့တာ ဖြစ်ပါတယ်။ မာ့က်စ်ဝါဒကို တီထွင်ပြီး နောက်ပိုင်း သမိုင်းကာလ သက်သေပြတာကတော့ သိပ္ပံပညာ တိုးတက် မှု၊ လက်တွေ့ဖြစ်ပေါ်တိုးပွားမှု သမိုင်း အကြောင်းအချက် များတို့ရဲ့ ပြောင်းလဲမှုနဲ့အညီ အရောင်အသွေး အမျိုးမျိုး သော မှားယွင်းတဲ့ အတွေးအခေါ် ရေစီးကြောင်းများနဲ့ ဂိုဏ်းများကို အဆက်မပြတ်တိုက်ပွဲဆင်ရတဲ့ အပြင် လူသားတို့ရဲ့ ရှေ့တန်းရောက် အတွေးအခေါ်တွေနဲ့ ယဉ်ကျေးမှု အသီးအပွင့်များကို အဆက်မပြတ် ခံယူပြီး သဘောတရားရေး ဖြစ်ပေါ်တိုးပွားမှုဆိုတဲ့ လောကသစ်သို့ တက်လှမ်းခဲ့ကြတာ ဖြစ်ပါတယ်။ မျက်မှောက်ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်ဝါဒ တွေးခေါ်မှုစနစ်နဲ့ ဂိုဏ်းများအကြား မူအရ ကွဲလွဲမှုများ ရှိကြပေမယ့် တူညီတဲ့ အချက်များလည်း ရှိ ကြပါတယ်။ ဒါကတော့ သူတို့ဟာ အရင်းရှင်ဝါဒအပေါ် ဝေဖန်တဲ့ သဘောထား ရှိကြပြီး လက်ရှိအရင်းရှင် စနစ်ထက် ပိုမိုကောင်းမွန်၊ ပိုမိုတရားနည်းလမ်း ကျတဲ့၊ ပိုမိုကျိုးကြောင်းဆီလျော်တဲ့ လူ့အဖွဲ့အစည်းတခု ဖြစ်ပေါ်ဖို့ မျှော်လင့်ကြတာ ဖြစ်တယ်။ မာ့က်စ်ဝါဒီတွေဟာ တူညီတာကိုရှာဖွေ၊ မတူညီတာကို ထိန်းသိမ်းထားဆိုတဲ့ မူအရ အခြားလက်ဝဲ နိုင်ငံရေး ပါတီများနဲ့ပေါင်းစပ်၊ အခြားအတွေးအခေါ်ဂိုဏ်းများ အတွင်းမှ အကျိုးရှိတဲ့ အရာများကို ဝေဖန်ပိုင်းခြားမှုရှိရှိ ခံယူမှီငြမ်းပြီး၊ မာ့က်စ် ဝါဒရဲ့ ဆိုရှယ်လစ်စနစ် အမြင်များကို တဆင့်တိုး ကြွယ်ဝ လာအောင်၊ တိုးပွားကြီးထွားလာအောင် လုပ်သင့်ပါတယ်။

( ၆ ) <u>ဆိုရှယ်လစ်ဝါဒနဲ့ ပတ်သက်တဲ့ အတွေးအခေါ် အမျိုးမျိုးနဲ့ အစီအစဉ် အမျိုးမျိုးတွေ ကို ဘယ်သူကတင်ပြတာပဲဖြစ်ဖြစ် လက်တွေ့စမ်းသပ်မှုတွေကို ခြွင်းချက်မရှိ ခံယူပြီး လက်တွေ့က သာဓကပြမှုဖြင့် ကြွယ်ဝ စေရမယ်။ တိုးပွားကြီးထွားစေရမယ်။</u> အောက်တိုဘာ

တော်လှန်ရေး အောင်ပွဲခံပြီးတဲ့နောက်မှာ လီနင်က “အခုဆိုရင် အရာရာဟာ လက်တွေ့အပေါ်မှာ တည်တယ်။ အခုသမိုင်းဟာ ဂိတ်တခုကို ရောက်ခဲ့ပြီ – သဘောတရားဟာ လက်တွေ့အဖြစ် ပြောင်းလဲခဲ့ပြီး၊ သဘောတရားများကိုလည်း လက်တွေ့ဖြင့် အသက်ဝင် လှုပ်ရှားသွားစေခဲ့တယ်။ လက်တွေ့ဖြင့် အမှန်ဖြစ်အောင် ပြင်ပေးခဲ့တယ်။ လက်တွေ့ဖြင့် စမ်းသပ်ပေးခဲ့တယ်။” လို့ အလေးတင်းပြောခဲ့တယ်။ ( လီနင်ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၃၃၊ နှာ ၂၀၈။ ) “ရုရှပြည်အဖို့ ပြောရရင် ဆိုရှယ်လစ်ဝါဒ လုပ်ငန်းစဉ်ကို စာအုပ်အရ ကိုးကားငြင်းခုံတဲ့ ခေတ်ဟာ ကျော်လွန်သွားခဲ့ပြီ။ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးလို့ ကျွန်တော်စွဲစွဲမြဲမြဲ ယုံကြည်ပါတယ်။ ဒီနေ့ဆိုရင် အတွေ့အကြုံများနဲ့သာ ဆိုရှယ်လစ်ဝါဒကို ဆွေးနွေးရလိမ့်မယ်။” ( လီနင်ကျမ်းပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ၃၄၊ နှာ ၄၆၆။ ) ကုန်စည်နဲ့အသပြာကို ပြောရင် မာ့က်စ်နဲ့အိန်ဂယ်လ်တို့ဟာ လာမယ့်လူ့အဖွဲ့အစည်းမှာ ကုန်စည်နဲ့ အသပြာ မလိုအပ်တော့ဘူးလို့ ခန့်မှန်းခဲ့ကြတယ်။ ဒါပေမဲ့ လီနင်ဟာ စီးပွားရေးပေါ်လစီသစ်ကာလမှာ လက်တွေ့အရ ကုန်စည်နဲ့ အသပြာကို မလွဲမရှောင်သာ ပြန်သုံးရပြီး ကုန်စည်လှည့်လည်ရေးကို ကြီးထွားစေခဲ့ရတယ်။ စတာလင်ကလည်း ဆိုရှယ်လစ်လူ့အဖွဲ့အစည်းမှာ တန်ဖိုးတရားရဲ့ အခန်းကို အသိအမှတ် ပြုခဲ့ရတယ်။ ဒါပေမဲ့ ထုတ်လုပ်ရေးပရိဘောဂဟာ ကုန်စည်ဖြစ်တယ်ဆိုတာကိုတော့ သူက ငြင်းပယ်ခဲ့တယ်။ တိန့်ရှောင်ဖင်က “စီမံကိန်း စီးပွားရေးဟာ ဆိုရှယ်လစ်ဝါဒနဲ့ ထပ်တူသဘောထားလို့ မရသလို အရင်းရှင်စနစ်ဟာလည်း စီမံကိန်းများ ရှိကြပါတယ်။ ထို့အတူပဲ ဈေးကွက်စီးပွားရေးဟာလည်း အရင်းရှင်စနစ်နဲ့ ထပ်တူထားလို့ မရပါ။ ဆိုရှယ်လစ်စနစ်ဟာလည်း ဈေးကွက်စီးပွားရေး ရှိပါတယ်။ စီမံကိန်းနဲ့ ဈေးကွက်တွေဟာ စီးပွားရေးနည်းနာများသာ ဖြစ်ကြတယ်။” လို့ ပြောခဲ့ပါတယ်။ ( တိန့်ရှောင်ဖင်လက်ရွေးစဉ်၊ အတွဲ ၃၊ နှာ ၃၇၃။ ) ဒါဟာ ဈေးကွက်စီးပွားရေးကို ဆိုရှယ်လစ်စနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်အောင်လုပ်တဲ့ အစဉ်အလာ အယူအဆတွေကို အကုန်အစဉ် ပြုပြင်လိုက်တာ ဖြစ်တယ်။ လက်တွေ့က သာဓကပြတာကတော့ လီနင်ပြောခဲ့သလို “အခုအခါ ငြင်းခုံစရာ မလိုတဲ့ အမှန်တရားတရပ်ကို ရှင်းလင်းအောင် လုပ်ရမယ်။ ဆိုလိုတာက မာ့က်စ်ဝါဒီတွေဟာ အသက်တလူလူဖြစ်နေတဲ့ လက်တွေ့ဘဝကို စဉ်းစားပြီး အဖြစ်မှန်တိကျတဲ့ အဖြစ်အပျက်များကို စဉ်းစားရမယ်။ မနေ့က သဘောတရားတွေကိုပဲ လက်မလွှတ်တန်း နှလုံးပိုက်ထားလို့ မရပါ။ ဘာကြောင့်လည်းဆိုတော့ ဒီသဘောတရားတွေဟာ အခြားသဘောတရားတွေလိုပဲ အများဆုံးဆိုရင် အခြေခံကျတဲ့ ယေဘုယျကျတဲ့ အရာများကိုသာ ညွှန်ပြနိုင်ပြီး လက်တွေ့ဘဝအတွင်းမှာရှိတဲ့ ရှုပ်ထွေးလှတဲ့ အခြေအနေများကို အကြမ်းဖျင်းအားဖြင့်သာ ခြုံငုံပြနိုင်တာ ဖြစ်လို့ပါပဲ။” (လီနင် လက်ရွေးစဉ်ကျမ်း၊ တရုတ်ဘာသာ၊ အတွဲ ၃၊ နှာ ၂၆–၂၇။ )

( ၇ ) ဆိုရှယ်လစ်ဝါဒဟာ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ကိုက်ညီတဲ့ “ပုံစံ” တခုတည်းဆိုတာ မရှိနိုင်ပါ။ နိုင်ငံအသီးသီးရှိ ဆိုရှယ်လစ်ဝါဒီတွေဟာ မိမိတို့နိုင်ငံရဲ့ လက်တွေ့အခြေအနေမှ အစချီပြီး မာ့က်စ်ဝါဒရဲ့ အခြေခံမူတရားများကို မိမိနိုင်ငံရဲ့ အခိုင်အမာ လက်တွေ့နဲ့ ပေါင်းစပ်ကာ မိမိနိုင်ငံက အကောင်အထည်ဖော်ရမယ့် ဆိုရှယ်လစ်စနစ် လမ်းကြောင်းကို လေးလေးနက်နက် စူးစမ်းရှာဖွေရမယ်။ ဆိုရှယ်လစ်စနစ်ဟာ မုချပဲ အမျိုးသားအသွေးအရောင် ပါရှိရမယ်။ အမျိုးသား ဝတ်ရုံကို ခြုံထားရမယ်။ ဒီနေရာမှာ လီနင်ညွှန်ပြခဲ့သလို “အမျိုးသားတိုင်းဟာ မုချပဲ ဆိုရှယ်လစ်စနစ်သို့ ချီတက်ကြမှာ မလွဲပါ။ ဒါပေမဲ့ အမျိုးသားတိုင်းရဲ့ ချီတက်နည်းကတော့ အားလုံးဟာ တမျိုးထဲ မဖြစ်နိုင်ပါ။ ဒီမိုကရေစီရေးမှာ ဒီသဏ္ဍာန် ဟိုသဏ္ဍာန်၊ ပစ္စည်းမဲ့အာဏာရှင်စနစ်မှာ ဒီတမျိုးဟိုတမျိုး၊ ဒီလိုပါပဲ၊ လူမှုဘဝ ဘက်အသီးသီးမှာလည်း ဆိုရှယ်လစ်စနစ် ပြုပြင်ရေး အရှိန်ဟာ အမျိုးသားတိုင်းမှာ မိမိတို့ရဲ့ ထူးခြားချက်များ ရှိကြပါလိမ့်မယ်။” ( လီနင်ကျမ်း ပေါင်းစုံ၊ တရုတ်ဘာသာ၊ အတွဲ ၂၈၊ နှာ ၁၆၃။ )

( ၈ ) ရုပ်ဝတ္ထုပစ္စည်း ဆင်းရဲမွဲတေမှုဟာ ဆိုရှယ်လစ်စနစ် မဟုတ်သလို စိတ်ဓာတ် ရေးရာအရ ဗလာကျင်း ချွတ်ခြုံကျမှုဟာလည်း ဆိုရှယ်လစ်စနစ် မဟုတ်ပါ။ ဆိုရှယ်လစ်စနစ်ဟာ မုချပဲ ရုပ်ပိုင်းယဉ်ကျေးမှုနဲ့ စိတ်ပိုင်းယဉ်ကျေးမှု နှစ်ရပ်စလုံး ဖွံ့ဖြိုးသာယာတဲ့ လူ့အဖွဲ့အစည်း ဖြစ်ရမယ်။

တိန့်ရှောင်ဖင် သဘောတရားက ညွှန်ပြတာကတော့ ရုပ်ပိုင်းယဉ်ကျေးမှုရော၊ စိတ်ပိုင်း ယဉ်ကျေးမှုရော ၂ ရပ်စလုံး ကောင်းမွန်အောင် လုပ်ရမယ်။ ဒါမှသာ တရုတ်အရောင်သွေးပါတဲ့ ဆိုရှယ်လစ်စနစ် ဖြစ်မယ်။ မွဲတေတဲ့ အခြေခံပေါ်က “တရားမျှတတဲ့ ပျော်ရွှင်ရေးပန်းခြံ” ဟာ ရေးဘုံကွန်မြူနစ်ဝါဒနဲ့ ဘာမှမခြားနားတာမျိုးပဲ ဖြစ်မယ်။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒတော့ မဖြစ်နိုင်ပါ။ ရုပ်ဝတ္ထုပစ္စည်းကိုသာ အလေးထားပြီး စိတ်ပိုင်းဆိုင်ရာကို လျစ်လျူရှုတာဟာလည်း ဆိုရှယ်လစ်ဝါဒ မဖြစ်နိုင်ဘူး။ အရင်းရှင်ဝါဒနဲ့ ရောထွေးသွားပြီး နောက်ဆုံးမှာတော့ အရင်းရှင်စနစ်ကို ပြန်ရောက်သွားပါလိမ့်မယ်။

( ၉ ) ဆိုရှယ်လစ်ဝါဒဟာ မုချပဲ လူသားနဲ့ သဘာဝ အတူတကွတွဲဖက်ပြီး ဆက်လက် ဖြစ်ပေါ်တိုးပွား

တဲ့ လူ့အဖွဲ့အစည်း ဖြစ်ရမယ်။ သဘာဝပတ်ဝန်းကျင်နဲ့ ကမ္ဘာ့သယံဇာတ ရေသောက်မြစ်များရဲ့ ခံနိုင်အားကို မထောက်ထားဘဲ၊ ဆိုးဆိုးဝါးဝါးဖြစ်အောင် လုပ်တာဟာလည်း အကျိုးဆက်ကတော့ လူသားများကိုယ်တိုင် ဘေးဒုက္ခနဲ့ ပျက်သုဉ်းမှုသို့ ဆိုက်ရောက်စေလိမ့်မယ်။ ဒါဟာလည်း ဘယ်လိုမှ ဆိုရှယ်လစ်ဝါဒလို့ ပြောလို့မရပါဘူး။ တကမ္ဘာလုံးမှာရှိတဲ့ လူဦးရေးသန်းပေါင်း ၆၀၀၀ ဟာ လက်ရှိအမေရိကန်ရဲ့ နေထိုင်မှုရေချိန်ကို ရောက်ရှိပြီး လက်ရှိပုံစံအတိုင်းသာ ဆက်သွားနေရင် သယံဇာတတွေ ( ၁၅ ) ကမ္ဘာလောက်ရှိတဲ့တိုင်အောင် မလုံလောက်နိုင်ပါ။ ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်တိုးပွားမှုဟာ မုချပဲ သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတတို့ရဲ့ ခံနိုင်အားရဲ့ အကန့်အသတ် ဒီဂရီကိုထည့်သွင်း တွက်ဆရပါလိမ့်မယ်။

( ၁၀ ) ဆိုရှယ်လစ်နိုင်ငံဟာ အရင်းရှင်နိုင်ငံများ ( အထူးသဖြင့် ဖွံ့ဖြိုးတဲ့နိုင်ငံများ ) နဲ့ ဆက်ဆံမှုကို ဘက်စုံသိရှိပြီးမှန်မှန်ကန်ကန် ဖြေရှင်းရေးဟာ ဆိုရှယ်လစ်စနစ် ဖြစ်ပေါ်တိုးပွားရေး ဖြစ်စဉ်အတွင်းမှာ ရေရှည်သေနင်္ဂဗျူဟာ လက္ခဏာဆောင်တဲ့ ပြဿနာတခုဖြစ်ပြီး ၎င်းပြဿနာ ဖြေရှင်းမှု ကောင်းမကောင်းဟာ ဆိုရှယ်လစ်ဝါဒ ဖြစ်ထွန်းအောင်မြင်မှုနဲ့ ဆုတ်ယုတ်ကျဆင်းမှုတို့ အပေါ် တိုက်ရိုက်ဆက်စပ်နေတဲ့ ပြဿနာ ဖြစ်တယ်။ အနောက်နိုင်ငံများရှိ စစ်အေးအယူအဆရှိကြတဲ့ လက်ျာခေါင်းမာ အင်အားစုများဟာ ဆိုရှယ်လစ်နိုင်ငံများအပေါ် “အနောက်ဆန်ရေး” “ကွဲပြဲရေး” ဆိုတဲ့ သေနင်္ဂဗျူဟာ အကြံအစည်များကို လက်လွှတ်မှာ မဟုတ်ပါ။ ဒါကြောင့် ဆက်ဆံမှုမှန်ကန်အောင် လုပ်ရေးဟာ အလွန်တရာမှပင် ခက်ခဲလှပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ပဋိပက္ခတွေဟာ အလွန်လည်းများ၊ အလွန်လည်း ရှုပ်ထွေးတာကြောင့် ဆိုရှယ်လစ်နိုင်ငံများနဲ့ အနောက်ဖွံ့ဖြိုးတဲ့နိုင်ငံများ “လမ်းကြောင်းမတူကြပေမယ့်” ဒီမတူတဲ့ နိုင်ငံများဟာ မတူသလို “မတူတဲ့ အကျိုးစီးပွားများ” ရှိနေကြပါတယ်။ စီးပွားရေးအရ ပြောရင် အပြန်အလှန် ဖြည့်စွမ်းတဲ့ လက္ခဏာ ရှိတာကြောင့် ဘက်ပေါင်းစုံ အတိုက်အခံဖြစ်မှုကို ရှောင်လွှဲပြီး၊ ပဋိပက္ခရဲ့ တိုက်ပွဲလည်းရှိသလို အသုံးချ ပူးပေါင်းမှုလည်း ရှိတဲ့ ဆက်ဆံရေးကို ရအောင်ဆောင်ရွက်ဖို့ဆိုတာ လုံးဝပင် ဖြစ်နိုင်စရာရှိပါတယ်။ ။

ရှောင်ဖုန်း

( တရုတ်ပြည် ကွန်မြူနစ်ပါတီ၊ ဗဟို ဆက်သွယ်ရေးဌာန သုတေသီ )

မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ ဂျာနယ်။ ၂၀၀၀ ခုနှစ်၊ ပထမရာသီထုတ်မှ။

# နယ်ချဲ့စနစ်ရဲ့

## (ဒုတိယပိုင်း)

### ဗိုလ်ကျလွှမ်းမိုးရေးဝါဒရဲ့ ပြောင်းလဲလာနေတဲ့ မျက်နှာပြင်

၁၉၉၀ ခုနှစ်ကစလို့ ကမ္ဘာတဝှမ်း နိုင်ငံပေါင်း ၂၀ ကျော်မှာ ပြည်တွင်းစစ် သို့မဟုတ် ပြည်တွင်း ပဋိပက္ခများ ပေါ်ပေါက်နေပါတယ်။ အာဖရိကတိုက်မှ အယ်လ်ဂျီးရီးယား၊ အင်ဂိုလာ၊ ရဝမ်ဒါ၊ ဆိုမာလီယာ၊ ကွန်ဂို နဲ့ ဆူဒန်။ လက်တင်အမေရိကမှ ကိုလံဘီယာ၊ ပီရူးနဲ့ မက္ကဆီကို။ အာရှတိုက်မှ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အာဖဂန် နစ္စတန်၊ ကော့ကေးဆပ် နိုင်ငံများနဲ့ တာဂျစ်ကစ္စတန်။ ဥရောပမှ ယူဂိုဆလပ်၊ တူရကီ၊ လက်ဘနွန် စတာတွေ ဖြစ်ပါတယ်။

ဒီပဋိပက္ခ အများစုဟာ ကမ္ဘာတဝှမ်း ယှဉ်ပြိုင်မှု က ပေါ်ထွက်လာတဲ့ စီးပွားရေး အကျပ်အတည်းတွေ၊ ကြွေးမြီအကျပ်အတည်းတွေ၊ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာ ငွေကြေးအဖွဲ့ (IMF) တို့ရဲ့ ထိန်းညှိရေး ပေါ်လစီတွေ၊ ဒီ နိုင်ငံတွေရဲ့ တခုတည်းသော အရင်းအမြစ်ဖြစ်တဲ့ သယံ ဇာတနဲ့ ကျွမ်းကျင်မှုမပါတဲ့ လုပ်အားခတွေ၊ အဆက်မပြတ် တန်ဖိုးချခံရမှုတွေရဲ့ ရလဒ်များသာ ဖြစ်ပါတယ်။

ဒါတွေကြောင့် လူမှုရေးအရ ချွတ်ခြုံကျလာကြ ပြီး နိုင်ငံရေး၊ လူမျိုးရေးနဲ့ ဘာသာရေး ကွဲပြားမှုများဟာ ပြင်းထန်သည်းသန်လာကြပါတယ်။ တချို့နိုင်ငံများ သို့မ ဟုတ် ဒေသများဟာ ကုလသမဂ္ဂ အသုံးအနှုန်းအရ “ဝရုန်းသုန်းကား ဖြစ်နေတဲ့ မအုပ်ချုပ်နိုင်တဲ့ဒေသ” များဖြစ်ပြီး ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ NGO များ၊ ကြက်ခြေနီ အဖွဲ့များက ထိန်းသိမ်းထားရပါတယ်။ တချို့ ဆိုရင် မအုပ်ချုပ်နိုင်တာ မဟုတ်ဘဲ အစိုးရအဖွဲ့တောင် မရှိပါဘူး။ ဒီအထဲက အချို့နိုင်ငံတွေကတော့ ရဝမ်ဒါ၊ ဘူရွန်ဒီ၊ လိုင်ဘီးရီးယား၊ ဆိုမာလီယာ၊ ကွန်ဂို၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ တာဂျစ်ကစ္စတန်၊ ယခင် ဆိုဗီယက် ဗဟိုအာရှနိုင်ငံအချို့နဲ့ ဘောစနီးယား၊ အယ်လ်ဘေးနီးယားတို့ ဖြစ်ကြပါတယ်။

ဒါတွေက အမေရိကန် လွှမ်းမိုးတဲ့ ကမ္ဘာ့အခင်း အကျင်းသစ်ဟာ ကသောင်းကနင်း ဖြစ်နေပြီဆိုတာကို ပြသလိုက်တာပါပဲ။ စစ်အပြီး အမေရိကန်ရဲ့ စီးပွားရေး အားသာမှုဟာ နှစ်ဆယ်စုအနည်းငယ်ပဲ ရှိခဲ့တာပါ။ ကမ္ဘာအနှံ့ မတည်မငြိမ် ဖြစ်လာမှုနဲ့ ကမ္ဘာ့စီးပွားရေး ဇာတ်ခုံပေါ်မှာ ဥရောပနဲ့ ဂျပန်တို့ အလျင်အမြန် ကြီးထွား လာမှုတို့ရဲ့ ခြိမ်းခြောက်မှုကို ခံလာနေရပါပြီ။

တကယ်တော့ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုး ရေးဝါဒဟာ ၁၉၇၀ ခုနှစ်များကစလို့ ကျဆင်းလာနေပါပြီ။ အမေရိကန် စီးပွားရေးအနေနဲ့ မိမိတို့နိုင်ငံရေးအရ ထိန်း ချုပ်ထားနိုင်တာထက် အများကြီးသာလွန်တဲ့ အရင်းအနှီး စုပုံမှုများ ရှိလာတာကြောင့် အကျပ်အတည်းများ တသီ တတန်းကြီး ဖြစ်လာခဲ့တာ ဒီနေ့အထိပါ။ ကုန်သွယ်ရေး လိုငွေပြမှုဟာ တနှစ်ထက်တနှစ် တိုးလာနေပါတယ်။ အမေရိကန်တွေဟာ သူတို့ထုတ်လုပ်တာထက် ပိုသုံးစွဲ နေပြီး ကမ္ဘာမှာ စုဆောင်းနှုန်း အနိမ့်ဆုံးနိုင်ငံ ဖြစ်နေပါပြီ။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ နိုင်ငံခြားချေးငွေ အများဆုံး (ဒေါ်လာဘီလျံ ၁,၂၀၀ နီးပါး ) ဖြစ်နေပါပြီ။

ဒီမညီမျှမှုကို တစိတ်တပိုင်း အနေနဲ့ ဆပ်ပေးနေ တာကတော့ အမေရိကန်ရဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများက အမြတ်အစွန်းများ ဖြစ်ပါတယ်။ ဂျပန်၊ ဥရောပနဲ့ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံအများအပြားရှိ ကော်ပိုရေးရှင်းကြီး များမှ အမြတ်ငွေများ တနှစ် တနှစ် လိမ့်ဝင်နေပါတယ်။ ၁၉၉၅ – ၉၇ များမှာ တနှစ်လျှင် ဒေါ်လာဘီလျံ ၆၀၀ ခန့် အထိဖြစ်လာပြီး နှစ်စဉ်တိုးပွားနေပါတယ်။

ဒါပေမဲ့ တချိန်တည်းမှာပဲ ပြည်တွင်းထုတ်လုပ်မှု

များ နေးကွေးနေပြီး ဘဏ္ဍာရေး၊ လူမှုရေး မတည်မငြိမ် ဖြစ်မှုများ ပေါ်ပေါက်နေကာ နိုင်ငံခြား ကုန်သွယ်ရေး လိုငွေပြမှုဟာလည်း ပိုကြီးထွားလာနေပါတယ်။ ၁၉၈၈ က စလို့ ဂျပန်နဲ့ ဂျာမဏီတို့က အမေရိကန်ကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ နံပါတ်တစ် အဖြစ်မှ တွန်းထုတ်လိုက်ပါတယ်။ အမေရိကန်ရှိ ဘဏ်တွေရဲ့ ရရန်ပိုင်ခွင့်တွေရဲ့ ၂၀ ရာခိုင်နှုန်းဟာ နိုင်ငံခြားပိုင် ဖြစ်လာပြီး ၁၄ ရာခိုင်နှုန်းဟာ ဂျပန်တဦးတည်းရဲ့ လက်ထဲရောက်သွားပါတယ်။

အမေရိကန်ရဲ့ စီးပွားရေးဟာ “နယ်ချဲ့စနစ် နယ်လွန်မှု” ရဲ့ ဒဏ်များကို ခံစားနေရပါပြီလို့ တချို့ အကဲခတ်များက ဆိုကြပါတယ်။

အမေရိကန် ဦးဆောင်တဲ့ ကမ္ဘာ့အခင်းအကျင်း သစ်ရဲ့ စီးပွားရေးအခြေခံဟာ နိုင်ငံလွန် ကော်ပိုရေးရှင်းကြီး များရဲ့ လုပ်ဆောင်ချက်များပေါ်မှာ တည်ပါတယ်။ (ဒီကော်ပိုရေးရှင်းကြီးများဆီကရတဲ့ အမြတ်အစွန်းများနဲ့ ပြည်တွင်းအမျိုးသားချေးငွေ တိုးပွားလာမှုကို ထိန်းနေရတာပါ။ )

ဒါပေမဲ့ ကမ္ဘာ့အဝှမ်း နိုင်ငံရေး၊ စီးပွားရေး မတည်မငြိမ် ဖြစ်မှုများကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ လုပ်ရန် ခက်လာနေပါတယ်။ ဒါ့အပြင် နိုင်ငံလွန် ကော်ပို ရေးရှင်းကြီးများရဲ့ လုပ်ငန်းဆောင်တာ လုပ်ဆောင်ချက် များ ကိုယ်တိုင်က နိုင်ငံရေးတင်းမာမှုများနဲ့ မတည်ငြိမ်မှု များကို ပေါ်ပေါက်စေတာကြောင့် မကြာခဏ နိုင်ငံရေးအရ တိုက်ရိုက်ဝင်စွက်ဖက်ခြင်း သို့မဟုတ် စစ်ရေးအရ ဝင်စွက်ရ ခြင်းများ ပြုလုပ်ရပါတယ်။ အနိမ့်ဆုံးအနေနဲ့ ဖိနှိပ် ချုပ်ချယ်တဲ့ အစိုးရများကို သွယ်ဝိုက်တဲ့နည်းနဲ့ ထောက်ပံ့ မှုများ လုပ်ရပါတယ်။ ဒါတွေဟာ အမေရိကန်ရဲ့ ကမ္ဘာ့ အခင်းအကျင်းသစ်ရဲ့ ပိုမိုကြီးထွားလာနေတဲ့ မဖြေရှင်းနိုင် တဲ့ ပဋိပက္ခများ ဖြစ်ပါတယ်။

ဗြိတိသျှရဲ့ ကမ္ဘာလုံးဆိုင်ရာ ဗိုလ်ကျလွှမ်းမိုးရေး ဝါဒဟာ စုပုံလာတဲ့ သူ့ရဲ့ ပဋိပက္ခများကို အလျှော့မပေးခင် နှစ်ပေါင်း ရာစုနှစ်ဝက်လောက် ခံခဲ့ပါတယ်။ အမေရိကန် ကတော့ နှစ်ပေါင်း ၃၀ အတွင်းမှာကို သူ့ရဲ့ ပဋိပက္ခတွေ ဟာ ရင့်မှည့်လာနေတာပါ။

အနှံ့အပြား၊ အပြင်းအထန် ဆင်းရဲခြင်းနဲ့အတူ အလွန်အကျွံ ကြွယ်ဝမှု၊ အလွန်အကျွံ သုံးစွဲမှုနဲ့ စက်ရုံများ လုပ်လီလုပ်လဲ့ ဖြစ်နေမှု၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လူမှုဝန်ဆောင် လုပ်ငန်းများအပေါ် အသုံးစရိတ် လျှော့ချ လိုက်ပြီး၊ ကာကွယ်ရေး အသုံးစရိတ် အဆမတန် တိုးမြှင့်မှု – စတာတွေက အမေရိကန် စီးပွားရေးဟာ မလွဲမရှောင်သာ ကျဆင်းနေပြီဆိုတာကို ပြသနေပါတယ်။

ဒါတွေအားလုံးဟာ အမေရိကန်ရဲ့ ကမ္ဘာလုံး ဆိုင်ရာ သေနင်္ဂဗျူဟာအဆင့်အပေါ် အကျိုးသက်ရောက် မှုများ ရှိစေမှာဖြစ်ပြီး ဒီသေနင်္ဂဗျူဟာကို ထိရောက်စွာ ဟန့်တားဖို့အတွက် ပြင်ဆင်လုံးပန်း ကြရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကောင်းကောင်းနားလည်ထားဖို့ လိုပါတယ်။

## နေတိုး “မဟာမိတ်များ” နဲ့ ဥရောပသမဂ္ဂ (အီးယူ)

စီးပွားရေး လွှမ်းမိုးမှု တခုတည်းနဲ့ မရတော့ဘဲ စစ်ရေးအင်အားကိုပါ အသုံးပြုဖို့ လိုအပ်လာတဲ့အခါ အမေရိကန်မှာ အကျပ်အတည်းနှစ်ခုနဲ့ ရင်ဆိုင်လာရ ပါတယ်။

တဖက်မှာကတော့ စီးပွားရေးအရ ယှဉ်ပြိုင်လာ နိုင်နေပြီးဖြစ်တဲ့ ( တချို့က သာလွန်သွား) “မဟာမိတ် ” နိုင်ငံများရဲ့ ကြီးထွားလာနေတဲ့ မကျေနပ်မှုများနဲ့ ဖိအား ကို ခံလာရပါတယ်။ ဒါကြောင့် “ကမ္ဘာ့အခင်းအကျင်းသစ်” ရဲ့ခေါင်းဆောင်မှုနေရာရဖို့အတွက် စစ်ရေးဘက်လှည့် ပြန်တော့လည်း အကုန်အကျ ကြီးမားမှုနဲ့ အန္တရာယ် ကြီးမားမှုကို ရင်ဆိုင်ရနိုင်ပါတယ်။

ရုရှားနဲ့ ရင်ဆိုင်ရာမှာလည်း အမေရိကန်မှာ အလားတူ အကျပ်အတည်းများ ရှိနေပါတယ်။ တကယ်လို့ ရုရှားကို စီးပွားရေးအရ မကူညီဘဲထားလိုက်ရင် ၁၉၁၉ ခု ဗာဆေးစာချုပ်အပြီး ပေါ်ပေါက်ခဲ့တဲ့ အမျိုးသားရေး အုံကြွမှုများ ပေါ်လာနိုင်တယ်။ တခါ ဒုတိယကမ္ဘာစစ် အပြီးမှာ ဂျာမဏီကို ဥရောပနဲ့ ပေါင်းပေးခဲ့သလို ရုရှားကို ဥရောပနဲ့ ပူးပေါင်းပေးလိုက်ရင်လည်း (ဂျာမဏီရဲ့ ဥရောပအပေါ် လွှမ်းမိုးလာမှုကို ချုပ်ထိန်းနိုင်ပေမယ့် ) အဲဒီဒေသအပေါ် ပြင်ပ (ဒါတော့ အမေရိကန် ) ဩဇာ လွှမ်းမိုးမှု ကျဆင်းသွားနိုင်ပါတယ်။ ဒီလမ်းကို အမေရိကန် က ၁၉၉၀ ခုနှစ်များ အစောပိုင်းကတည်းက ပယ်ထားတာပါ။ နေတိုးအပေါ် အမေရိကန် လွှမ်းမိုးမှုနဲ့ နေတိုးက တဆင့် ဥရောပအပေါ် လွှမ်းမိုးမှုကို ထိခိုက်နိုင်ပါတယ်။

နေတိုးကြောင့် အမေရိကန်ဟာ ဥရောပမှာ စစ်ရေးအင်အား အကြီးအကျယ် ချရပ်ထားနိုင်ပါတယ်။ ဂျာမဏီ စစ်စခန်းများမှာ ချရပ်ထားတဲ့ အမေရိကန် စစ်သားချည်း ၃ သိန်းရှိပါတယ်။ ဒါက အမေရိကန်ရဲ့ ကမ္ဘာ့ စီးပွားရေး အားသာမှုဟာ စစ်ရေးအားသာမှုအပေါ် တဖြည်းဖြည်း မှီခိုလာရပြီ ဆိုတာကို ပြသနေတာပါ။ ဒါပေမဲ့ နေတိုးအပေါ် အမေရိကန်ရဲ့ လွှမ်းမိုးမှုကို ဥရောပ နိုင်ငံကြီးများဖြစ်တဲ့ ပြင်သစ်ကရော၊ ဂျာမဏီကပါ အစာမကြေလှပါဘူး။

ပြင်သစ်ဆိုရင် ကာကွယ်ရေးနဲ့ လုံခြုံရေးမှာ ပိုမိုပူးပေါင်းဆောင်ရွက်မှုကို အထူးစိတ်ဝင်စားပါတယ်။ နှစ်ဆယ်စုပေါင်းများစွာ သူ့ရဲ့အဓိက ရည်မှန်းချက်ဟာ ဥရောပအပေါ် အမေရိကန်ရဲ့ ဩဇာလွှမ်းမိုးမှုကို လျှော့ချ ပစ်ပြီး ပြင်သစ်နဲ့ ဥရောပရဲ့ ကိုယ်ပိုင်ချုပ်ကိုင်မှုကို ပိုမို

ရရှိရေး ဖြစ်ပါတယ်။ အတိအကျအားဖြင့် ပြင်သစ်ဟာ နေတိုးရဲ့ အချက်အချာ အခန်းကို လျှော့ချပစ်ချင်ပါတယ်။ ပြင်သစ်ရဲ့ အမြင်အရ နေတိုးဟာ ဥရောပအပေါ် အမေရိကန်ရဲ့ လွှမ်းမိုးမှုအတွက် ယန္တရားဖြစ်နေလို့ပါပဲ။ ဒါကြောင့်ဒါကို ဥရောပထိန်းချုပ်တဲ့ အဆောက်အအုံ တရပ်နဲ့ အစားထိုးပစ်ချင်နေပါတယ်။

၁၉၈၉ ခုနှစ်ကစလို့ အစည်းအဝေးပွဲတွေမှာ ပြင်သစ်ဩဇာ လွှမ်းမိုးတဲ့ ဥရောပ အဆောက်အအုံတွေမှာ ဂျာမဏီ ပူးကပ်ပါဝင်လာဖို့ ပါရီက တောက်လျှောက် လုံးပန်းခဲ့တာ ဖြစ်ပါတယ်။

ဥရောပရဲ့ အရှေ့ဘက်ဒေသများကို ပိုင်ဆိုင်ထားတဲ့ ဂျာမဏီ နိုင်ငံအဖို့တော့ ရုရှားနဲ့ ယခင်ဆိုရှယ်လစ်နိုင်ငံတွေက လူမှုရေးနဲ့ စီးပွားရေး ဝရုန်းသုန်းကား ဖြစ်မှုတွေရဲ့ အကျိုးဆက်တွေ အပေါ်မှာ အထူးအလေးထား စိုးရိမ်မှု ရှိပါတယ်။

ဂျာမဏီနိုင်ငံရဲ့ ကုန်သွယ်ရေး ဆက်ဆံမှုတွေဟာ ဥရောပတိုက် အနောက်နဲ့ အရှေ့မှာ အများစု ဖြစ်ပါတယ်။ ဥရောပရဲ့ တည်ငြိမ်မှုကို အန္တရာယ် ဖြစ်စေတဲ့ အမေရိကန်နဲ့ နေတိုးအဖွဲ့တို့ရဲ့ ပေါ်လစီတွေကို စိုးရိမ်ထိတ်လန့်ပြီး လက်မခံ ဖြစ်နေရတာဟာ ဒီအကြောင်း အချက်တွေကြောင့် ဖြစ်ပါတယ်။

အလားတူ အချက်တွေကြောင့် အီတလီနိုင်ငံဟာလည်း နေတိုးရဲ့ ပေါ်လစီတွေနဲ့ ပတ်သက်လို့ မတက်မကြွပါပဲ။ ဒီပေါ်လစီတွေဟာ အန္တရာယ်များလှတယ်လို့ မြင်နေတာကြောင့် ဖြစ်ပါတယ်။

ဂရိနိုင်ငံ အပါအဝင်ဖြစ်တဲ့ ဥရောပရဲ့ ရှေ့တန်းနိုင်ငံတွေကတော့ အမေရိကန် ချမှတ်တဲ့ နေတိုးရဲ့ ပေါ်လစီတွေဟာ "ကန့်သတ်ထိန်းချုပ်ထားတယ် " ဆိုတဲ့ ဒေသပဋိပက္ခတွေကို အရှိန်အဟုန် မြင့်မားလာစေပြီး အန္တရာယ်ကြီးလှတဲ့ အတိုင်းအတာအထိ ရောက်ရှိပေါက်ကွဲပျံ့နှံ့သွားမှာကို စိုးရိမ်ကြပါတယ်။

ဒါကြောင့်မို့ ဒီနိုင်ငံတွေဟာ နေတိုးမဟာမိတ်အဖွဲ့ရဲ့ ပိုမိုပြီးယိမ်းယိုင်လာတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာပါတယ်။ ယူဂိုဆလပ် – ကိုဆိုဗို အရေးခွန့်မှုမှာ ဒီယိမ်းယိုင်မှုကို အထင်အရှား တွေ့မြင်ကြရပါတယ်။ ပြင်သစ်၊ ဂျာမဏီ၊ အီတလီနဲ့ ဂရိနိုင်ငံတို့က အစိုးရအဖွဲ့တွေအတွင်း ကွဲလွဲမှုကြောင့် ဝန်ကြီးတွေ နုတ်ထွက်တာ၊ လူသိရှင်ကြား ပြစ်တင်ဝေဖန်တာတွေ ဖြစ်ကုန်ပါတယ်။

ဒါ့အပြင် နေတိုးရဲ့ အနှစ် (၅၀) မြောက် အခမ်းအနားမှာ နေတိုးရဲ့ ပေါ်လစီများကို အမေရိကန် ဖိအားနဲ့ ကာကွယ်ရေး၊ ခုခံရေး ပေါ်လစီများမှ "ကာကွယ်ရေးနဲ့ မဆိုင်တဲ့ လုပ်ငန်းများ" သို့ ပြောင်းလဲပစ်လိုက်ပါတယ်။ နောင်ဆိုရင် ပင်လယ်ကွေ့ စစ်ပွဲမျိုးလို စစ်ပွဲများကို ကုလသမဂ္ဂအနေနဲ့ မဟုတ်ဘဲ နေတိုးနံမည်နဲ့ပဲ လုပ်ဆောင်နိုင်ပြီလို့ ယူဆရပါတယ်။

ယူဂိုဆလပ်အပေါ် တိုက်ခိုက်တဲ့ ဘော်လ်ကန်စစ်ပွဲ ခြိမ့်ခြိမ့်သဲနေစဉ်မှာပဲ မကြေညာတဲ့ တိုက်ပွဲတွေလည်း အကြီးအကျယ် ဆင်နွှဲနေပါတယ်။ ဒါတွေကတော့ တူရကီ အရှေ့ဖျားရှိ ကဒ်ရှ်ာများကို နေတိုး စရိတ်နဲ့ အကြီးအကျယ် တိုက်ခိုက်မှုများ၊ အီရတ်အပေါ် လေကြောင်းတိုက်ခိုက်မှုများ စတာတွေပါ။

ဒါတွေကြောင့် အမေရိကန်ရဲ့ စစ်သုံးစရိတ်ဟာ အံ့မခန်းတက်လာပါတယ်။ ဒုတိယ ကမ္ဘာစစ်အပြီးမှ ၁၉၉၇ ခုနှစ်အထိ ကုန်ကျငွေ စစ်စရိတ်ဟာ တနှစ်ပျမ်းမျှ ဘီလျံ ၃၀၀ ခန့်ရှိပြီး စုစုပေါင်း ဒေါ်လာသန်းပေါင်း ၁,၆၀၀ သန်း (ထရီလီယံ ၁၆၀၀) ရှိပါတယ်။ ဒါ့အပြင် အခု ကလင်တန်က နောက်ခြောက်နှစ်အတွင်း ကာကွယ်ရေးသုံးငွေ ဒေါ်လာဘီလျံ ၁၁၂ ပိုသုံးရန် အဆိုတင်ထားတာကို ကြည့်ရင် ကမ္ဘာကို ဗိုလ်ကျလွှမ်းမိုးရေး စစ်ရေးဝါဒ အန္တရာယ်ကို တွေ့မြင်နိုင်ပါတယ်။

နောက်တချက်ကတော့ ကမ္ဘာ့လက်နက်ရောင်းဝယ်မှုရဲ့ ၄၅ ရာခိုင်နှုန်းကို အမေရိကန်က အုပ်စီးထားပါတယ်။ ၁၉၉၇ ခုတနှစ်တည်းမှာပဲ အမေရိကန်က ဒေါ်လာ ၂၃ .၅ ဘီလျံဖိုး လက်နက်များ ပို့ဆောင်ရောင်းချခဲ့ပါတယ်။ နေတိုးထဲ အသစ်ဝင်ရောက်ခဲ့တဲ့ အချိန်ကစပြီး ဟန်ဂေရီ၊ ပိုလန်နဲ့ ချက်တို့ကတင် အမေရိကန် ဒေါ်လာ ၆၅၃ သန်းဖိုး လက်နက်ဝယ်ခဲ့ရပါတယ်။

## တခြားသုံးသပ်ချက်များ။

အမေရိကန် – နေတိုးတို့ရဲ့ နယ်ချဲ့ မာန်မာနများကို ထိန်းချုပ်နိုင်တဲ့ အင်အားစုများ ရှိပါသလား။ တရားဝင်အာဏာများနဲ့ တခုတည်းရှိတာကတော့ ကုလသမဂ္ဂ အဖွဲ့ကြီးပါ။

ဒါပေမဲ့ ဒီပွဲမှာ အမေရိကန်နဲ့ နေတိုးတို့ဟာ ကုလသမဂ္ဂကို မျက်စိထဲမှာတောင် မထားဘဲ နိုင်ငံတကာ့ ဥပဒေများကို ပြောင်ပြောင် ချိုးဖောက်ခဲ့တာပါ။

ကုလသမဂ္ဂရဲ့ အစောပိုင်းနှစ်တွေမှာ အဆိုပြုလာတဲ့ "တနိုင်ငံ တမဲ" စနစ်ကိုလည်း အမေရိကန်ဟာ အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ခဲ့ပါတယ်။

လုံခြုံရေးကောင်စီရဲ့ အမြဲတန်းအဖွဲ့ဝင် "မဟာအင်အား" တွေရဲ့ ဗီတိုအာဏာ အသုံးပြုခွင့်ဆိုတာဟာ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပခဲ့တဲ့ အင်အားကြီး ၃ နိုင်ငံ ယော်လ်တာကွန်ဖရင့်မှာ အမေရိကန် ကိုယ်စားလှယ်အဖွဲ့က အဆိုပြုခဲ့တာ ဖြစ်ပါတယ်။

လုံခြုံရေးကောင်စီရဲ့ ထိရောက်စွာ စွမ်းဆောင်နိုင်မှုဟာ ဆိုဗီယက် သို့မဟုတ် တရုတ်နိုင်ငံတို့ရဲ့ ဗီတိုအာဏာ သုံးစွဲမှုတွေကြောင့် ထိခိုက်ယုတ်လျော့ လာခဲ့

ရတယ်လို့လည်း အတော်ကြာကြာ ပုံဖော်ခဲ့ကြပါတယ်။ အမေရိကန်ရော ဗြိတိန်ရောဟာ ကိစ္စအတော်များများမှာ ဗီတိုအာဏာကို သုံးခဲ့ကြပါတယ်။ ဒါပေမဲ့ ဒါတွေကို ဖုံးကွယ်ထားပြီး ဆိုဗီယက်ယူနီယံနဲ့ တရုတ်နိုင်ငံတို့က ဗီတိုသုံးတာတွေကိုသာ လူသိရှင်ကြားဖြစ်အောင် လုပ်ခဲ့ကြပါတယ်။ နေတိုးက သူတို့ရဲ့ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက် ၁၁၆၀ နဲ့ ၁၁၉၉ တို့ကို အကောင်အထည်ဖော်တာလို့ အကြောင်းပြပါတယ်။ ဒါပေမဲ့ နေတိုးကို ၁၉၉၈ ဇွန်လမှာ အကြောင်းကြားခဲ့တဲ့ ဆုံးဖြတ်ချက် ၁၁၉၉ ဆိုတာက “ဘော်လ်ကန်ဒေသမှာ အင်အားသုံးဖို့ လိုလာပြီဆိုရင် ကုလသမဂ္ဂရဲ့ တရားဝင်ခွင့်ပြုချက် ရယူရမယ် ” လို့ ဆိုထားတာပါ။

အမေရိကန်အဖို့ မိမိရဲ့ ဗိုလ်ကျလွှမ်းမိုးရေးဝါဒအတွက် လုပ်ဆောင်ရာမှာ ကုလသမဂ္ဂနဲ့ လုံခြုံရေးကောင်စီတွေဟာ ခလုတ်တံသင်းတွေ ဖြစ်နေတာ ကြာပါပြီ။ တဖက်မှာလည်း အမေရိကန် အကျိုးစီးပွားအတွက် လိုအပ်တဲ့ စစ်ရေးလှုပ်ရှားမှုများ၊ ပိတ်ဆို့မှုများ စတာတွေအတွက် ကုလသမဂ္ဂနံမည်ကို ကြိမ်ဖန်များစွာ အသုံးပြုရတဲ့ သာဓကတွေကလည်း ရှိနေပါတယ်။ ကုလသမဂ္ဂရဲ့ တရားဝင် တံဆိပ်တုံးတွေ လိုအပ်နေတဲ့ အခါတွေရှိပါတယ်။ ကုလသမဂ္ဂ လုပ်ငန်းအမျိုးမျိုး ( ဥပမာ – အတွင်းရေးမှူးချုပ် ရွေးချယ်ရေး ) မှာ နေရာတကာမှာ အမေရိကန်က ဝင်ရောက်ချယ်လှယ် နေတာကို တွေ့နေရတာပါ။ ဒါတွေကြောင့် ကုလသမဂ္ဂထဲမှာကို အကျပ်အတည်း ပြဿနာတွေ ပုံတက်လာနေပါပြီ။ ကုလသမဂ္ဂ အထွေထွေ ညီလာခံတွေမှာဆိုရင် အမေရိကန် ပေါ်လစီတွေကို ဆန့်ကျင်တဲ့ ဆွေးနွေးမှု၊ စကားအခြေအတင် ပြောမှုတွေဟာ တခါတရံ အလွန်ပြင်းထန်ပါတယ်။

ဒါ့အပြင် နေတိုးမဟာမိတ် နိုင်ငံအများအပြားဟာ အချောင်သမားစိတ်ဓာတ်နဲ့ အမေရိကန်ရဲ့ ဘော်လ်ကန်ပေါ်လစီကို မှိန်းထောက်ခံခဲ့တာပါ။ မိမိတို့မှာ လုံလောက်တဲ့ စစ်ရေးအင်အား မရှိလေတော့ နေတိုးက “ငြိမ်ဝပ်ပိပြားစေပြီး” ထိန်းသိမ်းပေးမယ့် အမေရိကန်လွှမ်းမိုးတဲ့ ကမ္ဘာ့အခင်းအကျင်းသစ်ကို လက်ခံခဲ့ပါတယ်။ နေတိုးသိမ်းပိုက်အုပ်စိုးတဲ့ အကာအကွယ်ခံ ဒေသတွေပေါ်လာရင် ဘော်လ်ကန်ဒေသတွင်း တည်ငြိမ်ရေး ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။ အဲဒီက ပေါ်ထွက်လာတဲ့ အမြတ်အစွန်းက အရိုးအရင်းလေးလည်း ကိုက်ရလိမ့်မယ်လို့လည်း မျှော်လင့်ခဲ့ကြပါတယ်။

ဥရောပ နိုင်ငံများအနေနဲ့ မိမိကံကြမ္မာကို နေတိုးဂြိုဟ်နက္ခတ်နဲ့ ပူးထားရတာပါ။ ဒါပေမဲ့ နေတိုးကိုယ်တိုင်က အမေရိကန်ကို မှီနေရလေတော့ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးမှု ကျဆင်းလာရလို့ သူလည်း တဖြည်းဖြည်း ကျလာနေပါတယ်။ အမေရိကန်ကတော့ သူ့ဗိုလ်ကျလွှမ်းမိုးရေးကို ထိန်းသိမ်းထားနိုင်ဖို့အတွက် အကြမ်းဖက်လုပ်ငန်းဟူသမျှ ဘာကိုမဆိုလုပ်ဖို့ အဆင်သင့်ပါ။ (ဒါပေမဲ့ အကြမ်းဖက်ဝါဒ (terrorism) ဆိုတဲ့စကားကိုတော့ အမေရိကန်တွေက တခြားလူတွေကို စွပ်စွဲဖို့ပဲ သုံးပါတယ် )

ပင်လယ်ကွေ့စစ်ပွဲက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ၊ အီရတ်ပိတ်ဆို့မှုကြောင့် ပြောမကုန်အောင် များပြားလှတဲ့ လူမဆန်တဲ့လုပ်ရပ်တွေ၊ ရွာပေါင်း ၆၀၀၀ ကျော်ကို ဖျက်ဆီးပြီး လူသုံးသောင်း အသက်ဆုံးရှုံးရပြီး လူပေါင်းနှစ်သန်းကျော် ဒုက္ခသည် ဖြစ်စေခဲ့တဲ့ ကာဒ်လူမျိုးများအပေါ် စစ်ဆင်မှုတွေ၊ နေတိုးကသုံးခဲ့တဲ့ ဓာတုလက်နက်ဗုံးတွေ စတာတွေဟာ သတင်းကြားခံတွေက မဖြန့်ချိပေမယ့် သိနေကြရတဲ့ အမေရိကန်တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေပါ။ ဒါတွေက အမေရိကန်တွေဟာ ဘယ်သူ့ကိုမဆို ( ရန်သူ သို့မဟုတ် မိတ်ဆွေ ) ဒူးထောက်လာရေးအတွက် ဘယ်နည်းလမ်းမဆို မဆိုင်းမတွ သုံးမယ်ဆိုတာကို ပြသလိုက်တာပါ။

ဒါ့အပြင် ဒီလုပ်ငန်းများအတွက် အလွန်ကြီးလေးတဲ့ ငွေကြေးကုန်ကျမှုများ ရှိလာပါတယ်။ ဒါကို အမေရိကန်က တဦးတည်း မခံနိုင်တော့ဘဲ သူ့နေတိုးမဟာမိတ်များကို ခွဲဝေခံခိုင်းလာပါတယ်။ ဒါတွေဟာ နေတိုးမဟာမိတ်များအကြား မကျေလည်မှုများကို ဖြစ်စေခဲ့ပါတယ်။

အစိုးရအဖွဲ့တွေအတွင်း “အသုံးချခွင့် သဘောတူညီချက်များ” ဆိုတာလည်း ရှိပါသေးတယ်။ အမြဲတမ်းစစ်တပ်ချထားမှုကို အနည်းဆုံးဖြစ်ရေးအတွက် ရည်ရွယ်တာပါ။

ဒီလိုဖြစ်နိုင်ဖို့အတွက် ထုထည်ကြီးမားတဲ့၊ လျင်မြန်တဲ့ သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများနဲ့ သေးငယ်ပေမယ့် ကျွမ်းကျင်တဲ့၊ အထူးမြင့်မားစွာ လေ့ကျင့်ပေးထားတဲ့ သောင်းကျန်းသူတန်ပြန်ရေး အဖွဲ့တွေကို သေနင်္ဂဗျူဟာအရ အရေးပါတဲ့ ဒေသတွေမှာ ချထားရေးတို့ကို လုပ်ဆောင်ပါတယ်။ ဒီအဖွဲ့တွေအများစုကို တတိယကမ္ဘာ နိုင်ငံတွေမှာ တပ်စွဲထားတာဟာ အဓိပ္ပာယ် ရှိလှပါတယ်။

ဥရောပမှာ တပ်တွေလျှော့ချပေမယ့် ဝါရှင်တန်ဟာ ပင်လယ်ကွေ့မှာ၊ ပင်လယ်ကွေ့စစ်ပွဲ မတိုင်ခင်က စစ်သည် ၂၀၀၀ သာရှိရာမှ ဆယ်ဆတိုးပြီး နှစ်သောင်းကျော် တပ်စွဲထားပါတယ်။ ကူဝိတ်၊ အိုမန်နဲ့ ဘာရိန်းနိုင်ငံတွေနဲ့ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွေ ချုပ်ဆိုခဲ့တယ်။ တိုးချဲ့ခဲ့တယ်။ အခုဆိုရင် နောက်ထပ်သုံးနိုင်ငံနဲ့ ဒီလိုချုပ်ဆိုဖို့ ဆွေးနွေး ညှိနှိုင်းနေပါတယ်။

အာဖရိကတိုက်မှာရှိတဲ့ အမေရိကန် အထူးတပ်ဖွဲ့ဟာ ၁၉၉၁ ခုနှစ်မှာ သုံးဆတိုးလာခဲ့ပါတယ်။

ယူဂိုဆလပ်အပေါ် တိုက်ခိုက်တဲ့ နေတိုးရဲ့ စစ်ပွဲကြောင့် ရခဲ့တဲ့ သင်ခန်းစာတွေဟာ နည်းပါတယ်။ ဒါပေမဲ့ ရှင်းပါတယ်။ စီမံခန့်ခွဲထားတဲ့ ဒီမိုကရေစီနဲ့ ထိပ်သီးဆွေးနွေးပွဲ နိုင်ငံရေးတွေဟာ ကျူးကျော်သူများရဲ့ အကျိုးဆောင်များသာ ဖြစ်ပါတယ်။ ဒီနှစ်ခုဟာ ခေတ်သစ်နယ်ချဲ့စနစ်ရဲ့ အန္တရာယ်ကြီးလှတဲ့ အမြင့်မားဆုံး ယဥ်ကျေးမှု ဖြစ်နေပါပြီ။

ယူဂိုဆလပ်စစ်ပွဲအတွင်း သတင်းစာများမှာ နေတိုးကို ဆန့်ကျင်တဲ့ အမြင်တွေ ဖော်ပြတဲ့ လူထောင်သောင်း ပေါ်လာခဲ့ပါတယ်။ အပြန်အလှန် ဆွေးနွေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အတော်ဝေဆာသွားခဲ့ပါတယ်။ တောင်းဆိုချက်တွေ၊ မေးခွန်းတွေလည်း တသီကြီး ပေါ်ထွက်လာပါတယ်။ ထိပ်သီးဆွေးနွေးပွဲ နိုင်ငံရေးတွေ ရပ်စဲဖို့၊ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေကို သက်ဆိုင်ရာ ပညာရှင်များ ဝင်ရောက်ဆွေးနွေးဖို့ စတာတွေ တောင်းဆိုလာကြပါတယ်။ အရင်းရှင်စနစ် ကမ္ဘာ့အခင်းအကျင်းသစ်ဟာ လူ့အဖွဲ့အစည်းကြီးကို မဖျက်ဆီးခင် ဘယ်လောက်မွှေအုံးမလဲ။ ဒီစနစ်ဟာ သူ့အတွင်းပိုင်း အခြေအနေကြောင့်ပဲ ပြိုကွဲမလား။ အပြင်ဘက်က ဖျက်ပေးရမှာလား။ သူသွားရင် ကမ္ဘာကြီးကိုပါ ဆွဲချသွားမှာလား။ အရင်းရှင်စနစ်က ဖန်တီးခဲ့တဲ့ သဘာဝပတ်ဝန်းကျင် အပျက်အစီးများက ဘယ်လောက် ဆိုးလာအုံးမှာလဲ။ အရင်းရှင်စနစ်သို့မဟုတ် နယ်ချဲ့စနစ်က ကမ္ဘာကြီး မဖျက်ဆီးလိုက်ခင် သူ့ကို အရင်ဖျက်ဆီးနိုင်မလား။ ဘယ်လိုဖျက်ဆီးပစ်ကြမလဲ – ဆိုတဲ့ မေးခွန်းတွေ ထုတ်ခဲ့ကြပါတယ်။

တကယ်တော့ ဒီအရာတွေ အားလုံးဟာ ပြည်သူလူထု အများစုကို လှုံ့ဆော်နိုင်မှု အတိုင်းအတာနဲ့ အရင်းရှင်စနစ်က မွေးမြူပေးခဲ့တဲ့ မညီညွတ်မှုများနဲ့ တကိုယ်ကောင်းဆန်မှုများကို ကျော်နင်းနိုင်မှုများအပေါ် မူတည်နေပါတယ်။ ဒါတွေအားလုံးဟာ ပြဿနာသစ်များနဲ့ ပြဿနာကြီးများချည်းဖြစ်ပြီး ချဉ်းကပ်မှု အသစ်များကို အလျင်အမြန် လိုအပ်လာပါတယ်။

ဘော်လ်ကန်ဒေသကို နေတိုးတပ်များ တိုက်ခိုက်မှုက နိုင်ငံတကာ့ ဥပဒေမဲ့မှုကို အသိအမှတ်ပြုပေးလိုက်ပါတယ်။ နိုင်ငံအဆင့် အကြမ်းဖက်ဝါဒ (State Terrorism ) ဟာ တရားဝင်ဝါဒအဖြစ် ရောက်သွားပါပြီ။ ဒါကို အများအပြား ထောက်ခံခဲ့တဲ့ အစိုးရတွေဟာ အလုပ်သမားပါတီနဲ့ ဆိုရှယ်ဒီမိုကရက်ပါတီ အစိုးရများပါ။

၁၉၁၂ ခု ဒုတိယ ဆိုရှယ်လစ်အင်တာနေရှင်နယ်မှာ အလုပ်သမား လူတန်းစားများ စစ်ထဲပါဝင်ခြင်းကို အပြင်းအထန် ဆန့်ကျင်ခဲ့တဲ့ ပါတီများဟာ ၁၉၁၄ ခု ဥရောပ အုပ်ချုပ်သူလူတန်းစားများအကြား စစ်ပွဲဖြစ်လာတော့ (ပါတီ အနည်းအကျဥ်းကလွဲလို့ ) ဒီအလုပ်သမားနဲ့ ဆိုရှယ်ဒီမိုကရက်ပါတီ အများအပြားဟာ မိမိတို့ရဲ့ ရပ်တည်ချက်ကို အစိုးရဝန်ကြီးနေရာအချို့နဲ့ လဲစားလိုက်ကြပြီး သန်းပေါင်းများစွာသော အလုပ်သမားများကို အသနားအကြင်နာ ကင်းမဲ့စွာ သေတွင်းပို့ခဲ့ကြပါတယ်။

ဒါကြောင့်ပဲ လီနင်က ၁၉၁၅ က ရေးခဲ့တဲ့ “ဒုတိယ အင်တာနေရှင်နယ် ကျဆုံးခြင်း” မှာ “သမိုင်းတွင် အကျပ်အတည်းတွေ ကြီးမားတဲ့ ဒုက္ခတွေနဲ့ လူ့သမိုင်းက ရုတ်တရက်အကွေ့တွေဟာ လူတချို့ကို ကြောင်သွား၊ ကြေမွသွားစေပြီး၊ တခြားလူတွေကိုတော့ အလင်းရောင်တွေရစေ၊ ခိုင်မာတောင့်တင်းသွားစေနိုင်ပါတယ် ”လို့ ရေးခဲ့တယ်။

ဒီနေ့မှာလည်း ဆိုရှယ်ဒီမိုကရက်တွေဟာ ၁၉၁၄ ခုတုန်းကလိုပဲ စစ်ပွဲကို အထောက်ခံဆုံး၊ နေတိုးကျူးကျော်မှုကို အကာကွယ်ဆုံးသူများ ဖြစ်နေပါတယ်။ ကလင်တန်ရဲ့ သစ္စာအရှိဆုံး နောက်လိုက်များ ဖြစ်နေကြပါပြီ။

တကယ်တော့ နေတိုးစစ်ပွဲက ဆိုရှယ်ဒီမိုကရက်များရဲ့ ယခင်သစ္စာဖောက်မှုများကို ပြန်လည်သတိရစေခဲ့ပါတယ်။ ဒီတခါမှာလည်း သူတို့ရဲ့ နယ်ချဲ့သခင်များရဲ့ အကျိုးကျေးဇူးအတွက် အပြစ်မဲ့သူများကို သတ်ဖြတ်ချေမှုန်းတဲ့ စစ်ပွဲကို ထောက်ခံခဲ့ပါတယ်။ ဒီနောက်ဆုံး သစ္စာဖောက်မှုက ကမ္ဘာ့ပြည်သူများရဲ့ မျက်စိအလင်းရစေပြီး သူတို့ရဲ့ သမိုင်းအခန်းကိုလည်း အဆုံးသတ်စေခဲ့ပါပြီ။ အင်အားစု အသစ်များက သူတို့နေရာကိုယူဖို့ အသင့်ပြင်ဆင်နေကြပါပြီ။

( ၁၉၉၉ နိုဝင်ဘာ၊ ဩစတြေးလျ ကွန်မြူနစ်ပါတီမှ ထုတ်ဝေတဲ့ ဩစတြေးလျ မာ့က်စ်ဝါဒဂျာနယ်မှ အာနာဘာနက်ရဲ့ ဆောင်းပါးကို ကောက်နုတ်၍ ဆီလျော်အောင် ဘာသာပြန်ပါတယ်။ )

# ကိုဆိုဗိုပြီးနောက်

## ဥရောပရဲ့ နိုင်ငံတကာ ဆက်ဆံရေး

ဥရောပရဲ့ နိုင်ငံတကာ့ ဆက်ဆံရေးဟာ ရှုပ်ထွေးလှပါတယ်။ အထူးသဖြင့် ၁၉၉၉ ခုနှစ်မတ်လမှ ဇွန်လအထိ တိုက်ခိုက်ခဲ့တဲ့ ကိုဆိုဗိုစစ်ပွဲပြီးနောက် ပိုရှုပ်ထွေးလာပါတယ်။ ဒီစစ်ပွဲက ဥရောပရဲ့ နိုင်ငံတကာ့ ဆက်ဆံရေးအပေါ် ဘက်အသီးသီးက ဂယက်ရိုက်ခတ်ပြီး ဩဇာလွှမ်းမိုးခဲ့ပါတယ်။

၁။ ဥရောပနဲ့ အမေရိကန် ဆက်ဆံရေး။ ဥရောပနဲ့ အမေရိကန် ဆက်ဆံရေးဟာ အပြန်အလှန် လိုအပ်မှု အသုံးချမှုများနဲ့အတူ ပြိုင်ဆိုင်မှုလည်း ရှိနေပါတယ်။ သူတို့အချင်းချင်းအကြား ပဋိပက္ခများနဲ့ အတိုက်အခိုက်များကို စဉ်းစားသုံးသပ်ကြရာမှာ လူတွေဟာ သူတို့ရဲ့ မတူကွဲပြားမှုများကိုသာ အလေးထားဖို့ တိမ်းစောင်းနေကြပြီး သူတို့ရဲ့ တူညီမှုများကိုတော့ လျစ်လျူရှုမိ နေကြပါတယ်။ သို့သော်ငြားလည်း ကိုဆိုဗိုစစ်ပွဲက ကမ္ဘာကို ပြသလိုက်တာကတော့ ဥရောပနဲ့ အမေရိကန်တို့မှာ ကုန်သွယ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး စတာတွေနဲ့ ပတ်သက်ပြီး ပဋိပက္ခများ၊ တိုက်ပွဲများ ရှိနေပေမယ့် အခြေခံအားဖြင့် တူညီတဲ့ အတွေးအခေါ်များ၊ တန်ဖိုးများနဲ့ သေနင်္ဂဗျူဟာ အကျိုးစီးပွားများ ရှိနေကြတယ်ဆိုတာပါပဲ။ သူတို့ရဲ့ တူညီတဲ့ အမြင်များက အချက်အချာ အချိန်အခါမှာ သူတို့ရဲ့ ပဋိပက္ခများကို ဘေးချိတ်နိုင်စေခဲ့ပြီး၊ ညီညွတ်စုစည်းသော လှုပ်ရှားမှုကို လုပ်နိုင်စေခဲ့ပါတယ်။ ဥရောပ သမဂ္ဂနိုင်ငံများ ပါဝင်ပတ်သက်ခြင်း မရှိခဲ့ပါက ကိုဆိုဗိုစစ်ပွဲ မဖြစ်ပေါ်နိုင်ခဲ့ဘူး ဆိုတာဟာ အလွန်ရှင်းလင်းတဲ့ အချက်ပါ။ တဖက်မှာလည်း အမေရိကန်ရဲ့ ခေါင်းဆောင်မှုမရှိဘဲ ဥရောပ နိုင်ငံများအနေနဲ့ ယူဂိုဆလပ်နိုင်ငံအပေါ် နှစ်လကျော် ဗုံးမကြဲနိုင်ပါဘူး။ သို့ကြောင့် ကိုဆိုဗိုစစ်ပွဲက ဥရောပနဲ့ အမေရိကန်တို့ အကြား တူညီတဲ့ သေနင်္ဂဗျူဟာအကျိုးစီးပွားကို ဖော်ထုတ်ပြသလိုက်ပါတယ်။

တချိန်တည်းမှာပဲ ဥရောပနဲ့ အမေရိကန်တို့အကြားရှိ ပဋိပက္ခများနဲ့ ကွဲပြားခြားနားမှုများဟာလည်း မကြာခဏနဲ့ ဘက်အတော်များများမှာ ပေါ်ထွက်လာပါတယ်။ ကိုဆိုဗို စစ်ပွဲအတွင်းမှာတောင် သူတို့ရဲ့ သဘောကွဲလွဲမှုများဟာ ထင်ရှားသိသာပါတယ်။ ဥရောပနိုင်ငံများအနေနဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းပွဲများ ပျက်ပြားသွားပြီး၊ အင်အားအသုံးပြုချင်သော်လည်း မိမိမှာ လုပ်နိုင်စွမ်း မရှိလို့ ထင်မှတ်လာသော အခါမှသာလျှင် အမေရိကန်ရဲ့ ဦးဆောင်မှုကို ခံယူတာ ဖြစ်ပါတယ်။ လေကြောင်းတိုက်ပွဲများနဲ့ ပတ်သက်လို့ အီတလီ၊ ဂရိနဲ့ ဂျာမဏီစတဲ့ ဥရောပနိုင်ငံများဟာ အမေရိကန်နဲ့ မကြာခဏ သဘောချင်း မတိုက်ဆိုင်မှုများ ပေါ်ထွက်လာပြီး သူတို့အနေနဲ့ ဗုံးအကြဲရပ်လိုပြီး မြေပြင်တပ် လွှတ်ချင်နေကြပါတယ်။ ဒါ့အပြင် ရုရှားနဲ့ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ဥရောပနိုင်ငံများရော၊ အမေရိကန်ရော ရုရှားရဲ့ သေနင်္ဂဗျူဟာ နယ်မြေကို ချုံ့ထားချင်သော်လည်း ဥရောပ အနေနဲ့ ရုရှားကို သိပ်ဖိအားမပေးလိုပါ။ အမေရိကန်ကတော့ ဒီအချက်ကို သိပ်စဉ်းစားခြင်း မပြုလှပါ။ သို့မဟုတ် အနည်းငယ်သာ ထည့်သွင်းစဉ်းစားပါတယ်။ ဒီကွဲလွဲချက်ဟာ အတော်နက်ရှိုင်းပါတယ်။

ကိုဆိုဗိုစစ်ပွဲက ဥရောပသမဂ္ဂနဲ့ အမေရိကန် အကြား အလွန်အောင်မြင်တဲ့ ပူးပေါင်းမှုကို ဖြစ်ပေါ်စေခဲ့သော်လည်း ဒါကပဲ ဥရောပနိုင်ငံများကို သူတို့နဲ့ အမေရိကန် ဆက်ဆံရေးများကို ပြန်လည်သုံးသပ်ဆန်းစစ်စေခဲ့ပါတယ်။ ဥရောပအနေနဲ့ အခက်အခဲ အကျပ်အတည်းများကို နိုင်ငံရေးအရရော၊ စစ်ရေးအရပါ ၎င်းတို့ဘာသာ၎င်းတို့ ဖြေရှင်းနိုင်စွမ်း ရှိလိုကြပါတယ်။ ၁၉၉၉ ဒီဇင်ဘာလမှာ ဥရောပသမဂ္ဂက လွတ်လပ်တဲ့ ကာကွယ်ရေးစနစ်အတွက် ဥရောပအမြန်တပ်ဖွဲ့ ဖွဲ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါကအမေရိကန်ကို လန့်ဖျပ်သွားစေပါတယ်။

၂။ ဥရောပ – ရုရှား ဆက်ဆံရေး။ အမေရိကန်ရဲ့ ခေါင်းဆောင်မှုနဲ့ ဥရောပ နိုင်ငံများဟာ ယူဂိုဆလပ်ကို တိုက်ခိုက်ခဲ့ပါတယ်။ အကြောင်းများကတော့ တဖက်မှာ သူတို့က ရုရှားရဲ့အားနည်းချက်နဲ့ ချည့်နဲ့မှုများကို မြင်တွေ့နေရပြီး၊ တခြားတဖက်မှာလည်း သူတို့ကိုယ်တိုင်က ဥရောပမှာ သူတို့ကိုယ်ပိုင် ဩဇာနယ်ပယ် ထူထောင်လို

ကြလို့ပါပဲ။ ယူဂိုဆလပ်အပေါ် စစ်ရေးတိုက်ခိုက်မှုများက ဥရောပသမဂ္ဂနဲ့ နေတိုးရဲ့ အရှေ့ဘက်တိုးချဲ့မှုကို အထောက်အကူ ဖြစ်စေနိုင်မှာဖြစ်ပြီး ရုရှားရဲ့ သေနင်္ဂဗျူဟာ နယ်မြေကိုလည်း ဆက်လက်ချုံ့ထားနိုင်မှာပါ။ သို့သော် ဥရောပသမဂ္ဂဟာ ပထဝီအနေအထားအရ ဥရောပနဲ့ မကွဲမကွာ တည်ရှိနေပြီး အဏုမြူစွမ်းအင်လည်း ရှိတဲ့ ရုရှားကို လန့်ပါတယ်။ ဒါကြောင့် ဥရောပသမဂ္ဂ အနေနဲ့ ရုရှားကို ရန်စရန်သော်လည်းကောင်း၊ တိုက်ရိုက် ထိခိုက်စေမှုသော်လည်းကောင်း မလုပ်ရဲပါ။

တဖက်မှာလည်း ကိုဆိုဗိုစစ်ပွဲဟာ ဒုတိယကမ္ဘာစစ်ပွဲအပြီး ရုရှားရဲ့ အာဏာပိုင်မှုနဲ့ အဆင့်နေရာအပေါ် အကြီးဆုံးနဲ့ အန္တရာယ်အရှိဆုံး စိန်ခေါ်မှုတရပ်ဖြစ်ပါတယ်။ ရုရှားရော၊ ဥရောပ သမဂ္ဂရော သူတို့ရဲ့ ဆက်ဆံရေးကို မပျက်ပြား၊ မထိခိုက်စေလိုပါဘူး။ ဒါကြောင့်ပဲ လေးလကျော် ကိုဆိုဗိုစစ်ပွဲအပြီးမှာ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့မှာ ဥရောပခေါင်းဆောင်များနဲ့ ရုရှားဝန်ကြီးချုပ်တို့ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ကြပါတယ်။ သူတို့က ပူးတွဲကြေညာချက်တရပ်ကို လက်မှတ်ထိုးခဲ့ကြပြီး ပူးပေါင်းလုပ်ဆောင်မှုများကို အင်အားဖြည့်တင်းရန်နှင့် နိုင်ငံရေး၊ စီးပွားရေး နီးစပ်စွာ ဆက်ဆံရေးများကို ထူထောင်ရန် ဆုံးဖြတ်ကြပါတယ်။

သို့သော်လည်း ကိုဆိုဗိုစစ်ပွဲဟာ ရုရှားဥရောပ ဆက်ဆံရေးများကို အကြီးအကျယ် ထိုးနှက်လိုက်ပါတယ်။ စစ်ပွဲအပြီးမှာ နှစ်ဘက်စလုံးက တဖက်နဲ့တဖက် ပိုမိုမယုံသင်္ကာမှုများ တိုးလာခဲ့ပါတယ်။

၃။ တရုတ် – ဥရောပ ဆက်ဆံရေး။ တရုတ်နဲ့ ဥရောပတို့ဟာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိခဲ့ပါတယ်။ သို့သော် နေတိုးက ယူဂိုဆလပ်အပေါ် ကျူးကျော်ဗုံးကြဲပြီးနောက် အထူးသဖြင့် တရုတ်သံရုံးအပေါ် ရက်ရက်စက်စက် ဗုံးကြဲခြင်းဖြင့် ဒီကာလအတွင်း နေတိုးတင်ပြတဲ့ "သေနင်္ဂဗျူဟာ အမြင်သစ်" များပြီးနောက် နှစ်ဘက်စလုံး အကြား မှုများကွဲပြား ခြားနားလာပါတယ်။

သို့သော် နှစ်ဘက်စလုံးအနေနဲ့ အကျိုးတူပေါ် တည်ဆောက်ထားတဲ့၊ ရင်းနှီးတဲ့ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးများကို မထိခိုက်စေလိုပါဘူး။ တရုတ်သံရုံးအပေါ် ဗုံးကြဲပြီးနောက် ဥရောပသမဂ္ဂက ချက်ချင်းလိုပဲ တရုတ်ပြည်နဲ့ ရင်းနှီးတဲ့ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ဖို့ မျှော်လင့်ကြောင်း ဖော်ထုတ်ပြောဆိုခဲ့ပါတယ်။ ၁၉၉၉ အောက်တိုဘာမှာ တရုတ်သမ္မတ ကျန်ဇီမင်းရဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမဏီ အလည်အပတ်ခရီးတို့က ဒီမျှော်လင့်ချက်ကို အင်အားဖြည့် ပေးပါတယ်။ ထို့အတူ နောက်တလအကြာ ဂျာမန်ဝန်ကြီးချုပ် ရှရိုဒါရဲ့ တရုတ်ပြည် ခရီးကလည်း ထိုနည်းလည်းကောင်းပါပဲ။

၄။ ဥရောပသမဂ္ဂနိုင်ငံများအကြား ဆက်ဆံရေး။ မနှစ်ကစလို့ ဥရောပနိုင်ငံများအကြား ညီညွတ်ပူးပေါင်းရေးဟာ ပိုမိုအင်အားတောင့်တင်းလာပါတယ်။ ဒီနှစ်စမှာပဲ ဥရောပသမဂ္ဂ တစည်းတလုံးတည်းဖြစ်မှုရဲ့ အင်အားအကြီးဆုံး အညွှန်းသင်္ကေတဖြစ်တဲ့ ယူရို (Euro) ငွေကြေးစနစ်ကို တရားဝင် စတင်သုံးစွဲခဲ့ကြပါတယ်။ မေလထဲမှာတော့ ရောမစာချုပ်၊ မတ်စထရစ်ချ် စာချုပ်တို့အပြီး တတိယအရေးအကြီးဆုံး စာချုပ်ဖြစ်တဲ့ အမ်စတာဒမ်စာချုပ်ဟာ တရားဝင် အကောင်အထည်ပေါ်လာပြီး ဥရောပသမဂ္ဂရဲ့ တစည်းတလုံးတည်းရှိမှုရဲ့ အဆင့်သစ်ကို ဖော်ထုတ်လိုက်ပါတယ်။ အတိုက်အခိုက်ဖြစ်မှုများ မကြာခဏ ပေါ်ပေါက်လျက် ရှိသော်လည်း အခြေခံဇောင်းကတော့ သဟဇာတဖြစ်မှုနဲ့ ညီညွတ်မှုတို့ပါပဲ။

၁၉၉၉ ခုနှစ်အတွင်း ဥရောပသမဂ္ဂနိုင်ငံများ အကြား စည်းလုံးညီညွတ်မှုအတွက် အထူးခြားဆုံး အချက် ကတော့ ကာကွယ်ရေးနယ်ပယ်မှာ တွေ့ရတာပါပဲ။ ဥရောပသမဂ္ဂ စတင်ထူထောင်ချိန်ကစလို့ ကာကွယ်ရေးမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အဆက်မပြတ် ကြိုးပမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ အခက်အခဲ အများကြီး ရင်ဆိုင်ခဲ့ရပါတယ်။ ကိုဆိုဗိုစစ်ပွဲကသာလျှင် ဥရောပနိုင်ငံများကို သူတို့ရဲ့ ကာကွယ်ရေး အားနည်းချက်ကို ရှင်းရှင်းလင်းလင်း မြင်စေခဲ့ပြီး ဒီနယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ကို ချပေးလိုက်ပါတယ်။ ၁၉၉၉ ခု ဇွန်လ ကိုလုံးမှာ ကျင်းပတဲ့ ထိပ်သီးဆွေးနွေးပွဲမှာ ဘုံကာကွယ်ရေးစနစ်ကို အင်အားဖြည့်ဖို့ ဥရောပသမဂ္ဂက အလေးထားခဲ့ကြပါတယ်။ ဒီနောက်မှာတော့ ပြင်သစ်၊ ဂျာမဏီ၊ ဗြိတိန်နဲ့ အီတလီတို့ဟာ ဘုံကာကွယ်ရေး သို့မဟုတ် စစ်ရေး ပူးပေါင်းမှုများ အကောင်အထည် ပေါ်လာရေးအတွက် အပြန်အလှန် အဆက်မပြတ် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြပါတယ်။ နှစ်ကုန်ပိုင်းမှာတော့ လွတ်လပ်တဲ့ အမြန်တပ်ဖွဲ့ ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ကို တရားဝင် ချမှတ်လိုက်ကြပါတယ်။ ကာကွယ်ရေးမှာ ပူးပေါင်းဆောင်ရွက်ရေးဟာ တစုတစည်းတည်းဖြစ်ရေးအတွက် အလွန်ခက်ခဲသော်လည်း တခုကတော့ သေချာနေပါတယ်။ ဥရောပသမဂ္ဂ အနေနဲ့ ကာကွယ်ရေးမှာ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည် ပေါ်လာတဲ့အခါ ဥရောပတခုလုံး တစုတစည်းတည်းဖြစ်မှု (integrity ) အတွက် အလွန်ကြီးမားတဲ့ ရှေ့ခြေလှမ်းတရပ် လှမ်းလိုက်နိုင်တယ် ဆိုတာပါပဲ။

ပီကင်းရီဗျူး မေ ၁၅၊ ၂၀၀၀ မှ Pan Qichang ရဲ့ ဆောင်းပါးကို ဘာသာပြန်ဆိုပါသည်။

# တရုတ်အိန္ဒိယ

# အခြေအနေကွဲလွဲချက်

တရုတ်ပြည်တော်လှန်ရေးဟာ ပြီးခဲ့တဲ့ ထောင်စုနှစ်ရဲ့ ထူးချွန်ပြောင်မြောက်တဲ့ ဖြစ်ရပ်တွေထဲမှာ တခုအပါအဝင် ဖြစ်ပါတယ်။ လူသားတွေရဲ့ လွတ်မြောက်မှုဆီသို့ ချီတက်ရာလမ်းမှာ ရောမခြေလှမ်းကြီးလည်း ဖြစ်ပါတယ်။ တရုတ်ပြည်တော်လှန်ရေး အနှစ် ၅၀ ပြည့်မြောက်တဲ့ အခုလို အခါသမယမှာ ကျွန်တော်တို့ဟာ ၄င်းရဲ့နောက်ခံ၊ သဘာဝနဲ့ နောက်ပိုင်းလမ်းကြောင်း တို့ကို သုံးသပ်ဆင်ချင်ကြည့်ရင်းနဲ့ မေးခွန်းတခုကို မမေး ဘဲ မနေနိုင် ဖြစ်လာရပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ တိုးတက်မှုလမ်းကြောင်းဟာ တရုတ်ပြည်နဲ့ ဘာကြောင့် ဒီလောက်တောင် ကွာခြားရပါသလဲဆိုတဲ့ မေးခွန်းပါ။ ဒီမေးခွန်းကို ရှင်းရှင်းလင်းလင်း တခွန်းထဲနဲ့ ဖြေလို့မရပါဘူး။ ခက်ခဲရှုပ်ထွေးတဲ့ ဖြေရှင်းချက်တွေ အများကြီး လိုပါမယ်။ ဒါပေမဲ့ ဘယ်လိုဖြေရှင်းချက်မျိုးစုံမှာမဆို အရေးကြီးတဲ့ အချက်တရပ်တော့ ပါရပါမယ်။ အဲဒါကတော့ အိန္ဒိယပြည်ဟာ နယ်ချဲ့အင်အားတရပ်ရဲ့ လုံးဝထိန်းချုပ်ခံထားရတဲ့ ကိုလိုနီ ဖြစ်ခဲ့ပြီး တရုတ်ပြည်ကတော့ ဘယ်တုန်းကမှ အဲဒီလို အပြည့်အဝ ထိန်းချုပ်ခံရတာမျိုး မရှိခဲ့ဘူးဆိုတာပါပဲ။ ကိုလိုနီတပိုင်းသာ ဖြစ်ခဲ့ပါတယ်။ တရုတ်ပြည်ကို အပြည့်အဝ ကိုလိုနီပြုဖို့ ဂျပန်ရဲ့ကြိုးပမ်းချက်ဟာလည်း မအောင်မြင်ခဲ့ရုံတင် မကပါဘူး။ တရုတ်ပြည် လူ့အဖွဲ့အစည်းအတွင်းမှာ တော်လှန်ရေးအင်အားစုတွေ အထက်စီးရစေမှုနဲ့ အဆုံးသတ်ခဲ့ပါတယ်။

တရုတ်ပြည်ဟာ အပြည့်အဝ ကိုလိုနီနိုင်ငံ မဖြစ်ခဲ့တာဟာ တခုသော ကမ္ဘာ့အခြေအနေတရပ်ရဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။ တရုတ်ပြည်နဲ့ ဥရောပကုမ္ပဏီတွေအကြား ကုန်သွယ်မှုဟာ အတော်စောစောပိုင်းထဲက စခဲ့ပေမယ့် ကိုလိုနီပြုဖို့ လုပ်နေကျ ရှေ့ဦးအလုပ်ဖြစ်တဲ့ စစ်အင်အား အသုံးပြုတာကိုတော့ ၁၈၄၀ ခုနှစ်များမှာ ဖြစ်တဲ့ ဘိန်းစစ်ပွဲ တွေကျမှ စသုံးခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကိုက်လောက်မှာပဲ နယ်ချဲ့အင်အားစု အသီးသီးဟာ ကိုယ့်အကျပ်အတည်းနဲ့ကိုယ် အလုပ်ရှုပ်နေကြပါတယ်။ ၁၈၅၃ ခုနှစ်နဲ့ ၁၈၅၆ ခုနှစ် အကြားမှာ ဗြိတိန်နဲ့ ပြင်သစ်ဟာ ( အော်တိုမန်အင်ပါယာနဲ့အတူ ) ရုရှားကို စစ်တိုက်နေကြပါတယ်။ ပျက်စီးဆုံးရှုံးမှုကြီးလှတဲ့ ခရိုင်းမီးယား စစ်ပွဲပါ။ ဒီစစ်ပွဲမှာ လူသားသန်းဝက် အသက်ဆုံးရှုံးခဲ့ရပြီး စစ်မက်ပြုကြတဲ့ ၂ ဖက်အကြား အညီအမျှနီးပါး ဆုံးရှုံးခဲ့ကြတာ ဖြစ်ပါတယ်။ ခရိုင်းမီးယား စစ်ပွဲ ပြီးတယ်ဆိုရုံ ရှိသေးတယ် ဗြိတိန်နိုင်ငံဟာ အိန္ဒိယပြည်မှာ ၁၈၅၇ ခုနှစ် တော်လှန်ပုန်ကန်မှုကို ရင်ဆိုင်ရပါတော့တယ်။ ဒီအတွက် ဗြိတိန်ဟာ နောက်နှစ်ပေါင်းများစွာ လုံးလုံးကြီး အလုပ်များ နေပါတော့တယ်။ ၁၈၅၄ ခုနှစ်မှာ ရေတပ်ဗိုလ်ချုပ်ပယ်ရီက ဂျပန်ပြည်ကို 'တံခါးအတင်း ဖွင့်ပစ်ခြင်း' ဖြင့် အမေရိကန် ပြည်ထောင်စုရဲ့ ဖြစ်ထွန်းစ နယ်ချဲ့ရည်မှန်းချက်ဟာ ပေါ်လွင်လာခဲ့တယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံဟာလည်း ပျက်စီးဆုံးရှုံးမှုကြီးတဲ့ ပြည်တွင်းစစ် ( ၁၈၆၁–၆၅ ) မှာ နစ်မြုပ်သွားပြန်ပါတယ်။ ဒီပြည်တွင်းစစ်မှာလည်း လူသန်းဝက် အသက်ဆုံးရှုံးရပြန်ပါတယ်။

ခရိုင်းမီးယားစစ်ပွဲအပြီးမှာ ပြင်သစ်နိုင်ငံကတော့ မက်ဆီမီလီယန်ကို မက္ကဆီကိုနိုင်ငံရဲ့ ဧကရာဇ်အဖြစ် ( ၁၈၆၄–၆၇ ) အတင်းနန်းတင်ပေးတဲ့ လူဝီဘိုနာဘတ်ရဲ့ စီမံကိန်းနဲ့ အလုပ်ရှုပ်နေပါတယ်။ ဒီအရဲစွန့်လုပ်ငန်းဟာ ပြင်သစ်အတွက် ဘေးဒုက္ခတွေနဲ့ တွေ့စေပြီး အဆုံးသတ်ခဲ့ရတယ်။ မက်ဆီမီလီယန်လည်း အကွပ်မျက်ခံလိုက်ရတယ်။ ပြင်သစ်ကိုလိုနီပြုရေး မောင်းနှင်အားကို အကြီးအကျယ် ဆုတ်ယုတ်စေခဲ့တယ်။

အဲဒီထူးခြားတဲ့ သမိုင်းကာလမှာ ကိုလိုနီအင်အားစုတွေ ရင်ဆိုင်နေရတဲ့ အထက်ပါ အကျပ်အတည်းတွေရဲ့ အကျိုးကြောင့် အဲဒီအချိန်က "တံခါး

အတင်းဖွင့်'' ခံနေကြရတဲ့ နိုင်ငံတွေဟာ အပြည့်အဝ ကိုလိုနီပြုခံရမယ့် ကြမ္မာဆိုးကနေ လွတ်မြောက်ကုန်ကြပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့ 'မေဂျီပြန်လည် ထိန်းသိမ်းရေး' ( ပြည်တွင်းဘူဇွာစနစ်ကို အထက်မှ အတင်းချမှတ်ဖော်ဆောင်ခြင်း ) ကို ဆက်အကောင်အထည် ဖော်နိုင်တယ်။ 'မညီမျှတဲ့ စာချုပ်တွေ' ကို လက်မှတ်ထိုးခဲ့ရတာတောင်မှ ဂျပန်နိုင်ငံဟာ သူ့ကြိုးစားမှုနဲ့သူ အဓိကရအရင်းရှင်အင်အားတရပ်အဖြစ် ပေါ်ထွက်လာနိုင်ခဲ့တယ်။

ပြည်တွင်းဘူဇွာစနစ်ကို အထက်မှ အတင်းချမှတ် ဖော်ဆောင်ခြင်း မရှိဘဲ သူ့ရဲ့မြေရှင်ပဒေသရာဇ်ဖွဲ့စည်းမှုအဟောင်းနဲ့ပဲ ဆက်စခန်းသွားနေတဲ့ တရုတ်ပြည်ဟာလည်း 'မညီမျှတဲ့ စာချုပ်' တွေကို လက်မှတ်ထိုးခဲ့ရပါတယ်။ ဒါပေမဲ့ ကိုလိုနီတပိုင်းပဲ ဖြစ်ခဲ့ပါတယ်။ ကိုလိုနီအင်အားစုတွေဟာ သူတို့အတွင်းမှာ မျှခြေရှိမှုတရပ်ကို သဘောတူခဲ့ကြတယ်။ တရုတ်ပြည် တပြည်လုံးကို 'ဩဇာခံနယ်မြေ' တွေအဖြစ် စိတ်ပိုင်းလိုက်ကြတယ်။ အဲဒီနယ်မြေတွေဟာ ဧကရာဇ်ရဲ့ အမည်ခံအုပ်ချုပ်မှုအောက်မှာ ရှိကြတယ်လို့ သတ်မှတ်လိုက်ကြတယ်။

ဒါကြောင့် အိန္ဒိယပြည်ရှိ ကျွန်တော်တို့အနေနဲ့ ဂျပန်နဲ့ တရုတ်ပြည်တို့ ကိုလိုနီစစ်စစ် အနေအထားအထိ အဆင့်လျော့မကျသွားစေဖို့ ( သို့မဟုတ် ကိုလိုနီစစ်စစ်တွေအဖြစ် တိုင်းပြည်ကို ခွဲစိတ်ပစ်မခံလိုက်ရစေဖို့ ) ၁၈၅၇ ခုနှစ် ကျွန်တော်တို့ တော်လှန်အုံကြွမှုက ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးသမားတွေဟာ အတိုင်းအတာတခုအထိ တာဝန်ထမ်းခဲ့တယ်ဆိုတဲ့ အချက်အတွက် ကျေနပ်အားရစရာ ရှိပါတယ်။

တရုတ်ပြည်ကို ဘယ်နယ်ချဲ့အင်အားစုကမှ တဦးတည်း မထိန်းချုပ်နိုင်တဲ့အတွက် သူတို့ဟာ ပဒေသရာဇ်မြေရှင် လူတန်းစားနဲ့ လက်ဝေခံနေရှင် လူတန်းစားတို့ရဲ့ အကူအညီနဲ့ ပူးတွဲအုပ်ချုပ်ခဲ့ကြပါတယ်။ သူတို့ရဲ့ စက်မှုထုတ်ကုန်တွေအတွက် စျေးကွက်အဖြစ်နဲ့ ( ဒီအတွက် တရုတ်ပြည် စက်မှုမထွန်းကားအောင် အတင်းအကျပ်ပြုလုပ်ခဲ့ကြ ) ကုန်ကြမ်းထောက်ပံ့သူအဖြစ် တရုတ်ပြည်ကို ပြုလုပ်ခဲ့ကြပါတယ်။ နယ်ချဲ့ရဲ့ ထိုးဖောက်ဝင်ရောက်မှုက တရုတ်ပြည်ရဲ့ ရှေးဟောင်းစနစ် အခြေခံတွေကို ဖျက်ဆီးပစ်လိုက်ပေမယ့် သန်စွမ်းတဲ့ ပြည်တွင်းအရင်းရှင်စနစ် ပေါ်ပေါက်လာမှာကိုတော့ ဟန့်တားထားခဲ့တယ်။ ပဒေသရာဇ်တပိုင်း ကိုလိုနီတပိုင်း စီးပွားရေးအဖြစ်ပဲ တည်ရှိစေခဲ့တယ်။

ဒီလူ့အဖွဲ့အစည်းရဲ့ အခြေခံ ပဋိပက္ခကတော့ နယ်ချဲ့အင်အားစုတွေနဲ့ သူတို့ရဲ့ ပြည်တွင်းမဟာမိတ်တွေနဲ့ ထုထည်ကြီးမားလှတဲ့ တရုတ်ပြည် ပြည်သူတွေအကြားက ပဋိပက္ခပဲ ဖြစ်ပါတယ်။ နယ်ချဲ့စနစ်ကို ဆန့်ကျင်ကြတဲ့ လူတန်းစားတွေအထဲမှာ အမျိုးသားခနရှင်ရဲ့ အင်အားဟာ သေးငယ်ပါတယ်။ ဒါတင်မကပါဘူး၊ အလုပ်သမားလူတန်းစားနဲ့ နှိုင်းယှဉ်ရင်တောင် သေးငယ်နေပါတယ်။ ဘာကြောင့်လည်းဆိုတော့ အလုပ်သမားလူတန်းစားထဲမှာ နိုင်ငံခြားအရင်းအနှီးက ပိုင်ဆိုင်တဲ့ လုပ်ခင်းကိုင်ခင်းကြီးတွေမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေလည်း ပါဝင်လို့ပါပဲ။ ဒါကြောင့်မို့ ပဒေသရာဇ်တပိုင်း ကိုလိုနီတပိုင်း နိုင်ငံဖြစ်တဲ့ တရုတ်ပြည်မှာ နယ်ချဲ့အင်အားစုတွေရဲ့ အုပ်စိုးမှုကို ဆန့်ကျင်တဲ့ တိုက်ပွဲဟာ အလုပ်သမားလူတန်းစား ခေါင်းဆောင်မှုအောက်မှာရှိတဲ့ ဒီမိုကရေစီ တော်လှန်ရေးသဏ္ဍာန် ဖြစ်ရတာပါပဲ။

ဂျပန်ရဲ့ ကျူးကျော်ဝင်ရောက်မှုဟာ တရုတ်ပြည် တပြည်လုံးကို တိုက်ရိုက်ကိုလိုနီအဖြစ် အသွင်ပြောင်းဖို့ ကြိုးစားမှု ဖြစ်ပါတယ်။ တရုတ်ပြည်ရဲ့ အစိတ်အပိုင်းတွေကို ဂျပန်ဟာ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီး အဲဒီနေရာတွေဟာ သူ့ရဲ့တိုက်ရိုက်ကိုလိုနီ အုပ်ချုပ်မှုအောက် ရောက်သွားကြတယ်။ ဒါကြောင့် တရုတ်ပြည် လူ့အဖွဲ့အစည်းဟာ ပိုပြီးအရောင်အသွေးစုံလှတဲ့ လက္ခဏာကို ဆောင်လာစေတယ်။ ကိုလိုနီ၊ ကိုလိုနီတပိုင်းနဲ့ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်း ဖြစ်လာခဲ့တယ်။ ဒီလိုနဲ့ နယ်ချဲ့အုပ်စိုးမှု၊ အထူးသဖြင့် ဂျပန်နယ်ချဲ့စနစ် အုပ်စိုးမှုအောက်က အမျိုးသားလွတ်မြောက်ရေး လုပ်ငန်းတာဝန်ဟာ ရှေ့တန်းရောက်လာခဲ့တယ်။ ဒီမိုကရေစီနဲ့ အမျိုးသားတော်လှန်ရေးတွေအကြား ဆက်စပ်မှုဟာ လည်း အရေးပါလာတော့တယ်။

လုပ်ငန်းတွေထဲမှာ တော်လှန်ရေးဟာ အခိုင်အမာ နေရာယူလာတော့တယ်။ နယ်ချဲ့စနစ်အောက်မှ လွတ်မြောက်ရေးဟာ တရုတ်ပြည် ပြည်သူတွေအတွက် အရေးအကြီးဆုံး လုပ်ငန်းတာဝန် ဖြစ်လာတော့တယ်။ လယ်သမားတွေကို စည်းရုံးစုစည်းမှု မရှိဘဲနဲ့ ဒီလုပ်ငန်း မဖြစ်မြောက်နိုင်ပါဘူး။ တနည်းအားဖြင့် မြေရှင်တွေကို ဆန့်ကျင်တဲ့ ဒီမိုကရေစီတော်လှန်ရေးကို ရှေ့တဆင့်တိုးမြှင့်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွတ်မြောက်ရေး အရေးတကြီး လိုအပ်တယ်ဆိုတာဟာ ဒီမိုကရေစီ တော်လှန်ရေး အရေးတကြီး လိုအပ်တယ်လို့ အဓိပ္ပာယ်ဖွင့်နိုင်ပါတယ်။ အမျိုးသားရေးတိုက်ပွဲအတွက် မကြောက်မရွံ့တဲ့ ခေါင်းဆောင်မှုကို ပေးစွမ်းနိုင်တဲ့ အင်အားစုဟာ အတိအကျအားဖြင့် ဆိုရရင် ဒီမိုကရေစီ တော်လှန်ရေးကို ခေါင်းဆောင်နိုင်တဲ့ အင်အားစုပဲ ဖြစ်ပါတယ်။ အဲဒီ အင်အားစုဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီပဲ ဖြစ်ပါတယ်။

မြေရှင်တွေနဲ့ ခနရှင်ကြီး လူတန်းစားရဲ့

အာဏာရှင်စနစ်ကို ကိုယ်စားပြုတဲ့ ချန်ကေရှိတ်အစိုးရဟာ ဂျပန်ကျူးကျော်သူတွေကို ဆန့်ကျင်ရာမှာ ယိမ်းယိုင်နေပါတယ်။ ဂျပန်ကျူးကျော်မှုကို ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့ လယ်သမားတွေဟာ ဒီမိုကရေစီတော်လှန်ရေးအားဖြင့် မြေရှင်ဖိနှိပ်မှုအောက်က လွတ်မြောက်သွားမှာကို စိုးရိမ်နေလို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ သီးခြားထူးခြားတဲ့ အနေအထားဟာ တရုတ်ပြည်ရဲ့ တကယ့်ပကတိဘာဝ အခြေအနေတွေက ပေါ်ထွက်လာတာ ဖြစ်တယ်။ ဂျပန် ကျူးကျော်မှုကို တိုက်ပွဲဝင်ဖို့ ကွန်မြူနစ်တွေနဲ့ သဘောတူညီမှုကို စိတ်မပါတဲ့ ချန်ကေရှိတ်ကို အတင်းလက်မှတ် ထိုးစေခဲ့တဲ့ ရှီးအန်းအရေးအခင်းဟာ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ အဲဒီ သီးခြားထူးခြားတဲ့ အနေအထားကို အရေးပါစေခဲ့တယ်။ ဒီအတွက် တိုင်းချစ်ပြည်ချစ် တရုတ်အမျိုးသား သန်းပေါင်းများစွာကို စိတ်သက်သာရာ ရစေခဲ့ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ သီးခြားထူးခြားတဲ့ အနေအထား အခုလို ပေါ်ပေါက်လာနိုင်တာဟာ တရုတ်ပြည်မှာ လက်နက်ကိုင် တန်ပြန်တော်လှန်ရေးကို လက်နက်ကိုင် တော်လှန်ရေးက ရင်ဆိုင်နေခဲ့ရပြီဖြစ်လို့ ဖြစ်တယ်။ ဆိုလိုတာက တပ်နီတော် တည်ရှိခဲ့ပြီး ဖြစ်လို့ပဲ။ နောက်ပြီး တရုတ်ပြည်မှာ တခုတည်းသော ဗဟိုချုပ်ကိုင်မှုရှိတဲ့ အာဏာပိုင် မရှိခဲ့လို့လည်း ဖြစ်တယ်။ အဲဒီလိုသာ ရှိခဲ့ရင် ဓနရှင်ကြီးလူတန်းစားဟာ အဲဒီအာဏာပိုင်နဲ့ တိုက်ရိုက်ညှိနှိုင်းမှုတွေ လုပ်နိုင်ပြီး သူတို့ကလည်း လက်နက်ကိုင် အတိုက်အခံဖြစ်မှုရဲ့ အဆင့်ကို နှိမ့်ချထားဖို့ အတွက် ဓနရှင်ကြီးလူတန်းစားကို အလျှော့ပေးမှုတွေ လုပ်ပေးနိုင်မှာ ဖြစ်တယ်။ တချိန်တည်းမှာ သီးခြားစီစဉ်မှုတွေနဲ့ ကွန်မြူနစ်တွေ အများအပြားကိုလည်း ချေမှုန်းပစ်နိုင်မှာ ဖြစ်တယ်။ အဲဒီလို တခုတည်းသော ဗဟိုချုပ်ကိုင်မှုရှိတဲ့ အာဏာပိုင် မရှိတဲ့အတွက် ဓနရှင်ကြီးလူတန်းစားဟာ ကွန်မြူနစ်တွေနဲ့ ပူးတွဲလုပ်ကိုင်ဖို့ လိုအပ်ခဲ့တော့တယ်။ ကူမင်တန်ဟာ ဆိုဗီယက် အကူအညီကို ရယူခဲ့ရတယ်။ သူ့အဖွဲ့အစည်းထဲမှာ ကွန်မြူနစ်တွေကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့တယ်။

၁၉၂၆ ခုနှစ် မတ်လမှာ ကူမင်တန်အတွင်းမှာ တာဝန်ရှိတဲ့ နေရာတွေကနေ ကွန်မြူနစ်တွေကို ချန်ကေရှိတ်က ထုတ်ပစ်လိုက်တယ်။ ၁၉၂၇ ခုနှစ် ဧပြီလမှာ ရှန်ဟဲမြို့မှာ အလုပ်သမားတွေကို အစုလိုက်အပြုံလိုက် သတ်ပစ်ခဲ့တယ်။ ဒါပေမဲ့ နှစ်အတော်လေး ကြာတော့မှပဲ ကျန်းရှီးဆိုဗီယက်အပေါ် အဓိကထိုးစစ်ကို ချန်ကေရှိတ်ဟာ ဆင်နွှဲနိုင်ပါတယ်။ ၁၉၃၄ ခုနှစ် အောက်တိုဘာကျတော့မှ ကျန်းရှီးအခြေခံဒေသကို စွန့်ခွာခဲ့ပြီး တရုတ်ပြည်အနောက်မြောက်သို့ ခရီးရှည်ချီတက်ပွဲကြီး စတင်ခဲ့ပါတယ်။ ဒီနှစ်တွေကတော့ အာဏာပိုင်မှုအတွက် ယှဉ်ပြိုင်ကြရတဲ့ ခုနှစ်တွေပဲ ဖြစ်ပါတယ်။ ချန်ကေရှိတ်နဲ့ တပ်နီတော် အင်အားစုတွေအကြားမှာသာမကဘဲ သူတို့နဲ့ အခြားများပြားလှတဲ့ စစ်ဘုရင်တွေအကြား ပြိုင်ဆိုင်ကြရတာ ဖြစ်ပါတယ်။

တရုတ်ပြည်က ဓနရှင်ကြီးလူတန်းစားဟာ အာဏာကို ဗဟိုချုပ်ကိုင်မှုရှိတဲ့ ကိုလိုနီအစိုးရဆီက ရရှိတာ မဟုတ်ပါဘူး။ များပြားလှတဲ့ အင်အားရှိ စစ်မက်ပြိုင်နေကြတဲ့ ပဒေသရာဇ် အရှင်သခင်တွေ အပေါ်ကနေ ထူထောင်ယူရတာ ဖြစ်ပါတယ်။ ပဒေသရာဇ်တပိုင်း၊ ကိုလိုနီတပိုင်း တရုတ်ပြည်မှာ မန်ချူးအင်ပါယာဟာ ကြာမြင့်စွာ အစိတ်စိတ်အမွှာမွှာ ကွဲထွက်နေရာက နောက်ဆုံးပြိုလဲကျသွားတဲ့အခါမှာ ညီညွတ်မှု မရှိတဲ့ အဲဒီပဒေသရာဇ် အရှင်သခင်တွေက အစိတ်အပိုင်းတွေကို အမွေဆက်ခံခဲ့ကြတာ ဖြစ်ပါတယ်။ ဓနရှင်ကြီးလူတန်းစားဟာ အာဏာကို ကာလတခု ကွန်မြူနစ်တွေနဲ့ပေါင်းပြီး ထူထောင်ခဲ့တယ်။ နောက်ပိုင်းမှာတော့ ကွန်မြူနစ်တွေကို ဆန့်ကျင်ပြီး ထူထောင်ကြတယ်။ ဒါပေမဲ့ အဲဒီအခြေအနေ ကိုယ်နှိုက်ကပဲ တပ်နီတော်တည်ရှိပြီး လှုပ်ရှားနိုင်ဖို့ ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ တပ်နီတော်ဟာ တခါတရံမှာ အင်အားကြီးထွားလာပြီး၊ တခါတရံမှာတော့ အင်အားတွေ ဆုံးရှုံးခဲ့တယ်။

တရုတ်ပြည်ဟာ ကိုလိုနီအင်အားစု တခုတည်းက အုပ်ချုပ်တဲ့ ဗဟိုချုပ်ကိုင်မှုရှိတဲ့ ကိုလိုနီနိုင်ငံတော် မဟုတ်ဘဲ အာဏာရရေးအတွက် သည်းသန်တဲ့ နောက်ဆုံးတိုက်ပွဲတွေ တိုက်နေတဲ့ ကိုလိုနီတပိုင်းတိုင်းပြည် ဖြစ်နေတာက ကွန်မြူနစ်ပါတီကို ယှဉ်ပြိုင်မှုထဲမှာ ဆက်လက်ပါရှိခွင့် ပေးခဲ့တယ်။ တရုတ်ပြည်တော်လှန်ရေးကို သူ့ရဲ့တာဝန်နှစ်ရပ်ဖြစ်တဲ့ အမျိုးသားရေး လုပ်ငန်းတာဝန်နဲ့ ဒီမိုကရေစီရေး လုပ်ငန်းတာဝန် နှစ်ရပ်လုံး ဖြည့်စွမ်းနိုင်တဲ့အထိ ဦးဆောင်နိုင်စေခဲ့တယ်။

ဆန့်ကျင်ဘက်အားဖြင့် အိန္ဒိယပြည်မှာတော့ ဗြိတိသျှနယ်ချဲ့စနစ်ဟာ ခိုင်ခိုင်မာမာနဲ့ အထူးတလည် ကြံ့ခိုင်စွာ ထူဆောက်ထားတာ ဖြစ်ပါတယ်။ ပဒေသရာဇ် အစိတ်အပိုင်းတွေနဲ့ မဟာမိတ်ပြုရာကနေ ရှင်သန်နေတဲ့ ဗဟိုချုပ်ကိုင်မှုရှိတဲ့ ကိုလိုနီအစိုးရဟာ အမျိုးသားလှုပ်ရှားမှုရဲ့ ဓနရှင်လူတန်းစား ခေါင်းဆောင်မှုနဲ့ စေ့စပ်ညှိနှိုင်းမှုတွေလုပ်ပြီး တိုက်ပွဲကို “သိပ်ပြီးတက်ကြွမလာဖို့” နဲ့ “မထိန်းနိုင်မသိမ်းနိုင်” ဖြစ်မသွားအောင် လုပ်ထားနိုင်ခဲ့တယ်။ ကွန်မြူနစ်တွေဟာ ဖိနှိပ်မှုကို ရင်ဆိုင်ခဲ့ကြရတယ်။ လွတ်မြောက်မှု အရေးတော်အတွက် ရောမစွန့်လွှတ်မှုတွေ လုပ်ခဲ့ကြတယ်။ ကွန်ဂရက်မှာ ပါဝင်ခွင့်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်တွေဟာ အမျိုးသားရေး လှုပ်ရှားမှုမှာ စင်ပြိုင်အဖွဲ့လည်း မဖွဲ့နိုင်ခဲ့ဘူး။ အာဏာပိုင်

ဗဟိုအခွင့်အာဏာတို့ ခေါင်းဆောင်မှုတခုခုတို့လည်း မရခဲ့ဘူး။ ဒါ့ကြောင့်လည်း ကျွန်တော်တို့တိုင်းပြည်က ဒီမိုကရေစီတော်လှန်ရေးဟာ ဆိုးဆိုးဝါးဝါး မပြည့်မစုံ ဖြစ်ခဲ့ရ တာပဲ။

ဒါကြောင့်တိုင်းပြည်နှစ်ပြည်ရဲ့ အတွေ့အကြုံတွေမှာ ကွဲလွဲချက်ကတော့ အခြေခံအားဖြင့် သူတို့ရဲ့ ကိုလိုနီသမိုင်းတွေအကြား ကွဲလွဲချက်ပဲ ဖြစ်တယ်။ အိန္ဒိယကိစ္စမှာဆိုရင် မဟာဗျူဟာနဲ့ နည်းပရိယာယ် အမှားတွေ အများအပြားကို ရွတ်ဆိုပြနိုင်မှာ သေချာပါတယ်။ ဒါပေမဲ့ ဒီလိုအမှားတွေ ဖြစ်ရတာဟာ တိုင်းပြည်နှစ်ပြည်ရဲ့ ကွဲလွဲတဲ့ အတွေ့အကြုံအပေါ်ချည်း ပုံချမယ်ဆိုရင် အင်မတန်ဆိုးဝါးတဲ့ အမှားပဲ ဖြစ်ပါမယ်။ ရုပ်ဝါဒရုပ်တည်ချက်ကို စွန့်လွှတ်ရာလည်း ကျပါတယ်။ တကယ်ကတော့ မော်စီတုန်းကိုယ်တိုင်ကလည်း အိန္ဒိယပြည်တော်လှန်ရေးနဲ့ ပတ်သက်ပြီး မှတ်ချက်အချို့ ပေးရာမှာ တိုင်းပြည်နှစ်ပြည်ရဲ့ ဒီအခြေခံ ကွဲလွဲချက်ကို အလေးထားခဲ့ပါတယ်။ ဒီဟာကို ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သတိပေး နိုးဆော်ဖို့လည်း အရေးကြီးပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ တရုတ်ပြည်တော်လှန်ရေး အထိန်းအမှတ်ပွဲ ကျင်းပတာဟာ ကျွန်တော်တို့ရဲ့ တော်လှန်ရေးအစဉ်အလာတွေ သေးသိမ်စေတာ ဖြစ်မသွားဖို့လိုလို့ ဖြစ်ပါတယ်။

## တရုတ်ပြည်တော်လှန်ရေးရဲ့သဘာဝ

တရုတ်ပြည်တော်လှန်ရေးဟာ လူသားသမိုင်းမှာ တသီးတခြားထူးခြားရတာဟာ တရုတ်ပြည်ရဲ့ အရွယ်ပမာဏကြောင့် ဒါမှမဟုတ် တော်လှန်ရေးထဲမှာ ပါဝင်ကြတဲ့ လူထုအတိုင်းအတာကြောင့်သက်သက် မဟုတ်ပါ။ ဒီတော်လှန်ရေးဟာ လုံးလုံးကွဲပြားခြားနားတဲ့ ပုံစံဖြစ်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးဖြစ်တာကြောင့်လည်း ပါပါတယ်။ အမှန်ပါပဲ ဒုတိယကမ္ဘာစစ် အပြီးမှာ အရှေ့ဥရောပ နိုင်ငံတွေမှာ ပြည်သူ့ဒီမိုကရေစီတွေ ပေါ်ထွန်းခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလို ပေါ်ထွန်းခဲ့ကြတာဟာ ဆိုဗီယက်တပ်နီတော် ရှိနေလို့ ဖြစ်ပါတယ်။ ( တပ်နီတော်ရဲ့ အကူအညီပေါ်မှာထက် ကွန်မြူနစ်ထောက်ခံသူတွေ ကိုယ်တိုင်ရဲ့ ကြိုးပမ်းမှုနဲ့ အာဏာရယူနိုင်ခဲ့တဲ့ ယူဂိုဆလားဗီးယားနိုင်ငံမှာတောင် ဆိုဗီယက်ရဲ့ အစောပိုင်းထောက်ခံမှုကြောင့် ဆက်လက်ရှင်သန်နိုင်တာ ဖြစ်ပါတယ်။ အဲဒါသာ မရှိခဲ့ရင် ဂရိနိုင်ငံ ဖြစ်သလို ဖြစ်သွားမှာပါ။ )

တရုတ်ပြည်တော်လှန်ရေးဟာ လွှမ်းမိုးမှုအရဆိုရင် လယ်သမားတော်လှန်ရေးပါ။ ဒါပေမဲ့ လူသားသမိုင်းမှာ ပေါ်ပေါက်ခဲ့ကြတဲ့ လယ်သမားတော်လှန်ရေးတွေအားလုံးနဲ့ ကွဲပြားတာကတော့ အလုပ်သမားလူတန်းစား ခေါင်းဆောင်မှုတံဆိပ် ခတ်နှိပ်ထားတာပါပဲ။

ဒီအချက်ရဲ့ အရေးပါမှုကို အတော်များများက သတိလက်လွတ်ဖြစ်ကြပြီး တရုတ်ပြည်တော်လှန်ရေးဟာ လယ်သမားတော်လှန်ရေးမျှသာဖြစ်တယ်လို့ အပေါ်ယံကျကျ အဓိပ္ပာယ် ဖွင့်ကြပါတယ်။ ဒါပေမဲ့ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ ဆိုတာကိုတော့ မငြင်းသာကြပါဘူး။ အဲဒီလိုဖွင့်ဆိုမှုတွေ အားလုံးဟာ တရုတ်ပြည်တော်လှန်ရေးအပေါ် <u>ပစ္စည်းမဲ့လူတန်းစား</u> ခေါင်းဆောင်မှုကို ပါတီခေါင်းဆောင်မှုဆိုတဲ့ ယန္တရားကတဆင့် တံဆိပ်ခတ်နှိပ်ထားတယ်ဆိုတဲ့ အချက်ရဲ့ အရေးပါမှုကို လျှော့တွက်ကြပါတယ်။

အဲဒီ အဓိပ္ပာယ်ဖွင့်ဆိုမှုရဲ့ အပေါ်ယံကျမှုကို အောက်ပါအခြေခံ အချက်နှစ်ချက်က ထင်ရှားစေပါတယ်။ ပထမ– လယ်သမားအခြေခံတဲ့ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲတွေဟာ နိုင်ငံအများအပြားမှာ အောင်ပွဲခံခဲ့ပါတယ်။ အယ်လ်ဂျီးရီးယားနိုင်ငံဟာဆိုရင် အရေးကြီးတဲ့ နမူနာ တခုပါ။ ဒါပေမဲ့ အဲဒီနိုင်ငံတွေထဲမှာ ကွန်မြူနစ်ပါတီက ခေါင်းဆောင်မှုပေးခဲ့တဲ့ နိုင်ငံ ( ဗီယက်နမ် နိုင်ငံ ) ကလွဲလို့ ဘယ်နိုင်ငံမှ နောက်ပိုင်းဖြစ်ပေါ်ထွန်းကားမှု လမ်းကြောင်းဟာ တရုတ်ပြည်နဲ့ စဉ်းငယ်မျှတောင် မတူကြပါဘူး။

ဒုတိယ– ကိုယ့်ကိုယ်ကိုယ် မာ့က်စ်ဝါဒီလို့ ဆိုသူတွေ အပါအဝင် အတော်များများက တရုတ် တပ်နီတော်ဟာ အခြေခံအားဖြင့် လယ်သမားတပ်ဖြစ်တဲ့အတွက် မြို့ကြီးတွေကိုဝင်ရင် ပစ္စည်းမဲ့လူတန်းစားရဲ့ ရန်လိုမှုကို ရင်ဆိုင်ရလိမ့်မယ်လို့ ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီလို မဖြစ်ခဲ့ပါဘူး။ ကျေးလက်မှာ တော်လှန်ရေးကို ဦးဆောင်နေစဉ်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ ပစ္စည်းမဲ့အမြင်ကို ဖော်ဆောင်ခဲ့ရုံတင် မကပါဘူး၊ တရုတ်ပြည် ပစ္စည်းမဲ့လူတန်းစားက ကွန်မြူနစ်ပါတီကို သူတို့ရဲ့ တပ်ဦးအဖြစ် လက်ခံခဲ့ကြပါတယ်။ အစောပိုင်းနှစ်တွေကလွဲလို့ နောက်ပိုင်းမှာ ကွန်မြူနစ်ပါတီဟာ ရုပ်ပိုင်းအရ ကျေးလက်မှာသာ တည်ရှိနိုင်တော့တဲ့ ကြားထဲက အခုလို လက်ခံခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် တော်လှန်ရေးကို ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်မှု သို့မဟုတ် တော်လှန်ရေးရဲ့ ပြည်သူ့ဒီမိုကရေစီလက္ခဏာ ( ဆိုလိုတာက ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်တဲ့ ဒီမိုကရေစီတော်လှန်ရေး ) ဆိုတာ သံသယရှိစရာ မလိုပါ။ သစ်လွင်ဆန်းသစ်တဲ့ သီးခြားထူးခြားတဲ့ ဖြစ်ရပ်ကြီးလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီသစ်လွင်ဆန်းသစ်တဲ့ ဖြစ်ရပ်ကြီးဟာ ဖြစ်ပျက်သွားတဲ့ ကိစ္စတခုမျှသာ မဟုတ်ပါဘူး။ အဲဒီလို

မဖြစ်လာခင် စောစွာထဲက ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှာ အဲဒါကို တွေးဆမြော်မြင်ခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးဆိုတဲ့ တွေးဆမြော်မြင်မှုဟာ ကွန်မြူနစ်လှုပ်ရှားမှုရဲ့ စံပြထိုးထွင်းကြံဆမှုပဲ ဖြစ်ပါတယ်။ ဒါဟာ ဆန်းပြားရှုပ်ထွေးတဲ့ တွေးဆမြော်မြင်မှုလည်း ဖြစ်ပါတယ်။ ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်နဲ့ ကိုလိုနီတပိုင်းကို ဦးတည်ဆန့်ကျင်တဲ့ ဒီမိုကရေစီ တော်လှန်ရေးအဖြစ်နဲ့ ၎င်းဟာ ပြီးပြည့်စုံတဲ့ အရင်းရှင် ဖြစ်ထွန်းမှုအတွက် အချက်အလက်များ ဖန်တီးပေး ပါတယ်။ တချိန်ထဲမှာပဲ တော်လှန်ရေးရဲ့ ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှုဟာ အရင်းရှင်အဆင့်မှနေပြီး ဆိုရှယ်လစ်နစ်ဆီ အပြတ်အတောက် မရှိဘဲ ဆက်လက် သွားရေးအတွက် သေချာမှုရှိအောင် လုံးပန်းခဲ့ကြတယ်။ အရင်းရှင်လူတန်းစား ကြံ့ခိုင်တောင့်တင်းလာတဲ့ သမိုင်းရေး ကာလတခု ပေါ်ပေါက်လာခွင့် မပေးဖို့ပေါ့။

အရင်းရှင်လူတန်းစား ဖြစ်ပေါ်ဖွံ့ဖြိုးလာမှုကို အားပေးရေးရော၊ ငြင်းပယ်ရေးရော လက္ခဏာနှစ်ရပ်လုံး ပါဝင်နေတဲ့ ဒီတော်လှန်ရေးရဲ့ ဆန်းပြားရှုပ်ထွေးမှုက တော်လှန်ရေးလမ်းကြောင်းမှာ အမှာသွေဖီရေးနှစ်ရပ် ကနေ ပေါ်ပေါက်လာတဲ့ အမှာအန္တရာယ်နှစ်ရပ်ရဲ့ ထိုးနှက်မှု အန္တရာယ်တွေ ရှိနေကြောင်း ပြဆိုနေပါတယ်။ တဖက်မှာ အရင်းရှင်ဖြစ်ပေါ်မှုကို အနိုင်ယူဖို့ လိုအပ်ချက်ကို ဘေးဖယ်ပြီးအရင်းရှင်စနစ် ဖြစ်ပေါ်မှုကိုသာ တဖက်သတ် အလေးထား အားပေးမယ်ဆိုရင် တော်လှန်ရေးဟာ အရင်းရှင်စနစ် ပြန်လည်ထူထောင်ရေး အန္တရာယ်နဲ့ ကြုံရမှာ ဖြစ်ပါတယ်။ တဖက်မှာလည်း အရင်းရှင် လူတန်းစား ဖြစ်ပေါ်ဖွံ့ဖြိုးမှုကို ငြင်းဆန်တာကို လိုတာထက် ပိုအလေးပေးမိပြန်ရင်လည်း တော်လှန်ရေးဟာ အထီးကျန်ဖြစ်မှုနဲ့ ၎င်းရဲ့အခြေခံ သေးကြုံ့သွားမှု အန္တရာယ်နဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ လက်ယာ သွေဖီရေးနဲ့ လက်ဝဲသွေဖီရေးဆိုတဲ့ သွေဖီရေးနှစ်ရပ်အကြားမှာ တော်လှန်ရေးလမ်းကြောင်းကို ရေးဆွဲချမှတ်ရတာဟာ မလွယ်ကူပါဘူး။ အဆစ်အချိုးတွေ၊ အကွေ့အကောက်တွေ ရှိမှာပါ။ အရေးကြီးတာကတော့ တော်လှန်ရေးကို အန္တရာယ်ပေးမလာခင် သွေဖီမှုတွေကို ပြင်နိုင်ဖို့ပါပဲ။

တရုတ်ပြည်တော်လှန်ရေးဟာလည်း အဲဒီလို အကွေ့အချိုးတွေကို ကြုံခဲ့ရပါတယ်။ အဲဒီအကွေ့အချိုးတွေကို ဖြတ်သန်းရင်းကပဲ တိုးတက်လာခဲ့တာပါ။ အဲဒီအကွေ့အချိုး ခရီးစဉ်ကြီးမှာ အဆင့်တဆင့်ကိုပဲ 'မှန်ကန်တဲ့' တော်လှန်ရေးလမ်းစဉ်လို့ ယူဆရင် ပြဿနာကို ဘက်တဖက်ထဲကြည့်ရာ ကျပါတယ်။ တော်လှန်ရေးအပေါ် မှန်ကန်တဲ့ (အနုပဋိလောမ) ချဉ်းကပ်မှုဟာ တော်လှန်ရေးကိုယ်တိုင်ရဲ့ အနုပဋိလောမကို နားလည်ရေးအပေါ်မှာ အခြေခံရပါမယ်။

ဒါပေမဲ့ တရုတ်ပြည်တော်လှန်ရေးလမ်းကြောင်းကို ဖွင့်ဆိုရှင်းပြချက်တွေဟာ အဲဒီလို တဖက်သတ်ကျမှု အပေါ်မှာ အမြဲလိုလို အခြေခံကြပါတယ်။ အထူးသဖြင့် အခုတလောမှာ ပိုလုပ်ကြပါတယ်။ တရုတ်ပြည်ရဲ့ မကြာမီက ရရှိလာတဲ့ စီးပွားရေး အောင်မြင်မှုတွေဟာ ၎င်းရဲ့ တော်လှန်ရေးနဲ့ ဘာမှမဆိုင်ဘူး။ မကြာမီက ပြုလုပ်ခဲ့တဲ့ "စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ" အဆင့်ရဲ့ ပေါ်လစီတွေနဲ့သာ ဆိုင်တယ်ဆိုပြီး မှားယွင်းစွာ သတင်းဖြန့်နေကြပါတယ်။ နယ်ချဲ့စနစ်အတွက် အကျိုးအမြတ်ရှိမယ်လို့ မျှော်ကိုးပြီး ဒီလိုလုပ်နေကြတာ ဖြစ်ပါတယ်။

## စီးပွားရေးအောင်မြင်မှုအတွက်အခြေခံများ

၁၉၄၉ ခုနှစ်ကစပြီး တရုတ်ပြည်ရဲ့ စီးပွားရေး တိုးတက်မှုဟာ ဒီရာစုနှစ်ရဲ့ အရေးပါဆုံး ဖြစ်ရပ်ကြီးတွေထဲမှာ ပါပါတယ်။ ကမ္ဘာပေါ်က ဆင်းရဲနုံချာနေသူတွေအတွက် သူတို့ရဲ့ ကံကြမ္မာဟာလည်း အချိန်တိုအတွင်းမှာ အံ့မခန်း တိုးတက်သွားနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်ကိုလည်း ဖြစ်ပေါ်စေပါတယ်။ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ နိုင်ငံတွေအကြားမှာ အလျင်အမြန် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိလာတာ တရုတ်ပြည် တပြည်တည်း မဟုတ်ဘူးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သူကသီးသီးခြားခြား ထူးခြားနေတာကတော့ သူ့ရဲ့အရွယ်ပမာဏကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့ဖွံ့ဖြိုးတိုးတက်မှုက ကမ္ဘာ့ဆင်းရဲမွဲတေမှုကို အကြီးအကျယ် ခြားနားမှု ဖြစ်စေခဲ့ပါတယ်။

ဒါပေမဲ့ နယ်ချဲ့စနစ်က ဒီအောင်မြင်မှုတွေကို တရုတ်ပြည်တော်လှန်ရေး လမ်းကြောင်းနဲ့ အဆက်ဖြတ်ထားရေးမှာ စိတ်ဝင်စားကြပါတယ်။ နယ်ချဲ့သတင်းကြားခံ (မီဒီယာ) တွေမှာ အခုလိုမျိုး မှတ်ချက်တွေနဲ့ ပြည့်နှက်နေပါတယ်။ 'တရုတ်ပြည်အနေနဲ့ ကွန်မြူနစ်စနစ် အနှစ် ၅၀ ပြည့်နှစ်ဆိုတာထက် ပြုပြင်ရေး ၂၅ နှစ်ပြည့်ဆိုပြီး ကျင်းပသင့်တယ်။'

အဲဒီအမြင်တခုလုံးဟာ လုံးလုံးကြီး မှားယွင်းပါတယ်။ ပြုပြင်ရေး မပြုလုပ်မီကာလမှာ တိုးတက်မှုကင်းမဲ့ပြီး ပြုပြင်ရေးလုပ်ပြီး ကာလကျမှ ကြီးမားတဲ့ အောင်မြင်မှုတွေ ရရှိခဲ့တယ်ဆိုပြီး ခွဲခြားနှိုင်းယှဉ်ပြတာဟာ အချက်အလက်အရ မမှန်ကန်ပါဘူး။ နောက်ပြီး ပြုပြင်ရေး လုပ်ပြီးနောက်ပိုင်း စီးပွားရေး စွမ်းဆောင်မှုတွေကို ဖွင့်ဆိုရာမှာလည်း အခြေခံအရ ချွတ်ယွင်းနေပါတယ်။

'ဈေးကွက်ပြုပြင်ရေးတွေ' မစတင်မီကတည်းက တရုတ်ပြည်ဟာ ဆင်းရဲမွဲတေမှုကို (ကျွန်

တော်တို့လို တတိယနိုင်ငံတွေရဲ့ သတ်မှတ်ချက်အရ ) ကျော်နင်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ‘ဈေးကွက်ပြုပြင်ရေးတွေ’ မစတင်မီကတည်းက ပြည်သူအားလုံးသို့ ခွဲဝေပေးရေး စနစ်ကို တရုတ်ပြည်ဟာ ထူထောင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီစနစ်က နိုင်ငံသားတိုင်းကို မရှိမဖြစ်တဲ့ ကုန်ပစ္စည်း ပမာဏတရပ်ကို ခွဲဝေပေးပါတယ်။ ‘ဈေးကွက်ပြုပြင်ရေး တွေ’ မစတင်မီကတည်းက လူမှုအညွှန်းကိန်းနဲ့ ပတ်သက်တဲ့ တရုတ်ပြည်ရဲ့ ကြီးမားတဲ့ အောင်မြင်မှုတွေဟာ ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါတယ်။

နောက်ပြီး ‘ဈေးကွက်ပြုပြင်ပြောင်းလဲရေးတွေ’ မစတင်မီကတည်းက တရုတ်ပြည်ဟာ လူနဲ့ မြေအချိုး ဆိုးဝါးတဲ့ကြားက ( အိန္ဒိယပြည်ထက် အများကြီးပိုဆိုး ) ရိက္ခာထုတ်လုပ်မှုမှာ ထူးထူးခြားခြား တိုးပွားလာတဲ့ ( တခုလုံးအရရော၊ တဦးချင်းအရရော ) စံချိန်တွေတင်အောင် စီမံနိုင်ခဲ့တယ်။ စုပေါင်းပိုင်ဆိုင်မှု အောက်မှာ လေးစားလောက်တဲ့ ရေစီမံခန့်ခွဲမှုစနစ်တွေ တည်ဆောက်ခြင်းအားဖြင့်လည်းကောင်း၊ ဒေသအလိုက် ရရှိနိုင်တဲ့ အစွန်းထွက်လုပ်အားတွေ စည်းရုံးစုစည်းခြင်း အားဖြင့်လည်းကောင်း တိုးတက်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ပိုပြီးအရေးကြီးတဲ့ အချက်ကတော့ ပြုပြင်ရေးနောက်ပိုင်းကာလ မြင့်မားတဲ့ ကြီးထွားမှုတွေ ရရှိတာဟာ ‘ဈေးကွက်ရဲ့ အကျိုးထူး’ တွေကြောင့် ဖြစ်တယ်ဆိုတဲ့ အယူအဆပါပဲ။ တကယ်ကတော့ ဒီကြီးထွားမှုကို မှားယွင်းစွာ ဖွင့်ဆိုမှုပဲ ဖြစ်ပါတယ်။

တရုတ်ပြည်ရဲ့ ပြုပြင်ရေးနောက်ပိုင်း ထူးထူးခြားခြား ကြီးထွားမှုတွေ ရရှိနိုင်ခဲ့တာဟာ ပြုပြင်ရေးမတိုင်မီ စီးပွားရေးစနစ်ရဲ့ စွမ်းဆောင်အောင်မြင်ချက်တွေကြောင့်သော်လည်းကောင်း၊ အဲဒီစနစ်ရဲ့ အချို့သော လက္ခဏာရပ်တွေကို ဆက်လက်သယ်ဆောင်ခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်ပါတယ်။

ဒီလိုဖြစ်လာဖို့အတွက် အနည်းဆုံးအားဖြင့် လမ်းကြောင်းလေးခုလောက် ရှိပါတယ်။ ပထမအားဖြင့် လူတိုင်းနီးနီး စာတတ်အောင် လုပ်နိုင်ခဲ့ပြီး အလုပ်အင်အားစုရဲ့ ပညာရေးနဲ့ ကျန်းမာရေး အနေအထားတွေ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါတွေဟာ အစောပိုင်းနှစ်ကာလတွေရဲ့ အမွေတွေဖြစ်ပြီး လောလောလတ်လတ် ကာလအတွင်း တရုတ်ပြည်က ရရှိခဲ့တဲ့ စွမ်းရည်ခွန်အားအတွက် အရေးကြီးတဲ့ အကျိုးပြုချက်တွေ ဖြစ်ပါတယ်။

ဒုတိယအားဖြင့် တရုတ်ပြည်မှာ ဒေသအလိုက်ရော၊ လူတဦးချင်းအရရောမှာပါ မညီမျှမှုတွေဟာ ‘ပြုပြင်ရေး’ နှစ်တွေမှာ ကြီးထွားလာခဲ့တယ်ဆိုတာ နည်းနည်းမှ သံသယဖြစ်စရာ မရှိပါဘူး။ ဒါဟာ ‘ပြုပြင်ရေး’ ဖြစ်စဉ်နဲ့ တွဲဖက်ပါလာတဲ့ အဓိက ပြဿနာလည်း ဖြစ်ပါတယ်။ မြင့်မားတဲ့ ကြီးထွားမှုနဲ့ တွဲဖက်ပါလာတဲ့ ဒီမညီမျှမှုတွေ ကြီးထွားလာမှုကိုသာ အကြီးအကျယ် ပုံပျက်နေပြီဖြစ်တဲ့ ဝင်ငွေနဲ့ ခန့်ခွဲဝေမှုအပေါ်မှာ ထပ်ဆင့်တင်လိုက်မယ်ဆိုရင် တရုတ်ပြည်ဟာ မြင့်မားတဲ့ ကြီးထွားမှုနှုန်းတွေ ရရှိနေတဲ့ကြားကကိုပဲ လူမှုတင်းမာမှုတွေဟာ ထိန်းချုပ်ဖို့ ခက်ခဲလာပါလိမ့်မယ်။ တဖက်မှာ ဒီတင်းမာမှုတွေ ပေါ်ပေါက်လာမှုကြောင့် အဲဒီကြီးထွားမှုနှုန်းတွေ ဆက်ထိန်းထားနိုင်မှာ မဟုတ်တော့ပါဘူး။ တရုတ် ပြည်က သူ့ရဲ့ပြုပြင်ရေး ကာလနောက်ပိုင်း ကြီးထွားမှုကို ဆက်ထိန်းနေနိုင်တာဟာ နှိုင်းယှဉ်ချက်အားဖြင့် တရားမျှတမှုရှိတဲ့ အခြေခံက အစချီခဲ့လို့ ဖြစ်ပါတယ်။ ဒါဟာလည်း အစောပိုင်းစနစ်ရဲ့ ကောင်းမှုပြုချက်ပါပဲ။

တတိယအားဖြင့် တရုတ်ပြည်ကို လစ်ဘရယ်ဝါဒသစ် ‘ပုံစံ’ လို့ ပြောတာဟာ အမှန်ကို တလွဲတချော်လုပ်ပစ်တာပါပဲ။ ပြုပြင်ရေးနှစ်တွေ အတွင်းမှာ ရုတ်ပြည်ရဲ့ အောင်မြင်မှုဟာ အတိအကျအားဖြင့် အောက်ပါအချက်ကြောင့် ရရှိခဲ့တာပါ။ ‘ဗဟိုချုပ်ကိုင်မှု’ ရဲ့ ကောင်းမွန်မှုတွေကို ‘ဗဟိုချုပ်ကိုင်မှု လျှော့ချရေး’ ရဲ့ ကောင်းမွန်မှုတွေနဲ့ လုံးလုံးထူးခြား ကွဲပြားတဲ့ နည်းလမ်းအရ စီမံပေါင်းစပ်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ တနည်းအားဖြင့် အမိန့်ပေး စီးပွားရေးရဲ့ အားသာချက်တွေကို ဈေးကွက်လည်ပတ်မှုက ဖြစ်ပေါ်လာတဲ့ ပျော့ပျောင်းမှုနဲ့ ဘေးချင်းယှဉ်လျက် စီမံပေါင်းစပ်နိုင်ခဲ့လို့ပါပဲ။

အမိန့်ပေးစီးပွားရေးက တချိထဲနဲ့ ရှင်းလင်းပစ်ပါတယ်။ ဥပမာအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်းဟာ ထိန်းမနိုင်သိမ်းမရ ဖြစ်နေတဲ့ ကာလတွေမှာဆိုရင် ( အရင်းရှင်စနစ်အောက်မှာ ဖြစ်သလိုမျိုး ) မြင့်မားတဲ့ လူမှုစရိတ်တွေနဲ့ ငွေကြေးမဖောင်းပွအောင် လုပ်မယ့်အစား ဈေးနှုန်းထိန်းချုပ်မှုတွေကို သက်သက်သာသာလေးနဲ့ လုပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စီးပွားရေးရဲ့ ကျယ်ပြန့်တဲ့ အစိတ်အပိုင်းဟာ နိုင်ငံတော်ပိုင်အဖြစ် ဆက်ရှိနေတဲ့အတွက် ပါတီအနေနဲ့ ဝင်ရောက်စွက်ဖက်နိုင်နေလို့ပဲ ဖြစ်ပါတယ်။ တတိယကမ္ဘာ အရင်းရှင်စီးပွားရေးတွေက ဆိုးဝါးတဲ့ ပြဿနာတွေရဲ့ အားအင်ရှိတဲ့ ဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံခြားငွေ စီမံခန့်ခွဲမှုကိုလည်း အလားတူစွာ အလွန်သက်သောင့်သက်သာနဲ့ ကိုင်တွယ်ဖြေရှင်းပေးနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ခင်းကိုင်ခင်းကြီးတွေ အပေါ် ပါတီရဲ့ လမ်းညွှန်မှု စနစ်ဟောင်းဟာ ဆက်လက်ရှင်သန်နေဆဲ ဖြစ်လို့ပါပဲ။

အတိုချုပ်ပြောရမယ်ဆိုရင် တရုတ်ပြည်ဟာ အရင်းရှင်ဈေးကွက် စီးပွားရေးစနစ်မှာ ရရှိနိုင်တဲ့ အစိုးရစွက်ဖက်ရေးအတွက် သုံးနေကျကိရိယာတွေကို ပြုပြင်ရေး

မတိုင်မီနှစ်များက ရရှိထားတဲ့ အခြားကိရိယာများနဲ့ ပံ့ပိုးပေးနိုင်တဲ့ အကျိုးအမြတ် ရရှိနေပါတယ်။ ဒီအဓိပ္ပာယ် အရ ပြောမယ်ဆိုရင် ပြုပြင်ရေး မတိုင်မီနဲ့ နောက်ပိုင်း ကာလတွေအကြား ထင်ရှားပြတ်သားစွာ ခွဲခြားပစ်တာ ဟာ လုံးလုံးကြီး လွဲချော်လှပါတယ်။

နိဂုံးအားဖြင့် ပြုပြင်ရေး စမ်းသပ်မှုအတွက် အခြေခံကောင်းတွေ ပေးအပ်ခဲ့တဲ့ ပြုပြင်ရေး အစောပိုင်း နှစ်တွေမှာ ရရှိခဲ့တဲ့ မြင့်မားတဲ့ လယ်ယာကဏ္ဍ ကြီးထွားမှု ဟာ စုပေါင်းပိုင်ဆိုင်မှုနဲ့ ရေပေးဝေရေးစနစ် စီမံခန့်ခွဲမှုပိုင်း အုပ်ချုပ်မှုစနစ်ကို မစွန့်လွှတ်ခဲ့လို့သာ ဖြစ်နိုင်တာပါ။ ဒီမှာလည်းပဲ တရုတ်ပြည်ဟာ လက်ဆင့်ကမ်း လုပ်ဆောင် ရရှိခဲ့တဲ့ ရေပေးဝေရေး လုပ်ငန်းတွေက စုပေါင်းစနစ်ဟောင်း ရဲ့ အကျိုးအမြတ်တွေကို ဆက်လက်ရိတ်သိမ်း ခံစား နေရပါတယ်။ ဘုံအဖွဲ့တွေ ဖျက်သိမ်းပြီး လယ်ယာလုပ်ငန်း တွေ ပုဂ္ဂလိကပိုင် လုပ်နေတဲ့ကြားက ဒီလိုလုပ်ငန်းမျိုးတွေရဲ့ စုပေါင်းပိုင်ဆိုင်မှု အကျိုးအမြတ်တွေကို ဆက်လက်ခံစား နေရတာ ဖြစ်ပါတယ်။

တနည်းအားဖြင့် ပြောရရင် စနစ်သစ်က စနစ်ဟောင်းကို လုံးဝအစိတ်စိတ်အမွှာမွှာ ခွဲပစ်လိုက်တာ သို့မဟုတ် ဖျက်ဆီးပစ်လိုက်တာ မဟုတ်ဘဲ စနစ်ဟောင်း ပခုံးပေါ်မှာ ထူထောင်ထားတာ ဖြစ်ပါတယ်။ တရုတ်ပြည် စီးပွားရေးကို လက္ခဏာ သတ်မှတ်ပေးတဲ့ အသစ်နဲ့ အဟောင်းကြားက ကွဲပြားခြားနားနေတဲ့ အရာနှစ်ခု အ ကြားက ထူးခြားတဲ့ အပြန်အလှန် မှီခိုတည်ရှိနေမှုတရပ် ရှိခဲ့ပြီး ဆက်လက်ပြီးတော့လည်း ရှိနေဆဲ ဖြစ်ပါတယ်။ ဒါ ကြောင့်မို့ တရုတ်ပြည်ကို 'လစ်ဘရယ်ဝါဒသစ်ပုံစံ' လို့ မှမ်းဆိုတာဟာ မှားယွင်းပါတယ်။ တရုတ်ပြည်က လက်ရှိ စီးပွားရေးစနစ်ဟာ ဖြန့်ထွက်လာတဲ့ တရုတ်ပြည်တော် လှန်ရေးလမ်းကြောင်းပေါ်က အဆင့်တဆင့်ပဲ ဖြစ်ပါတယ်။ တချိန်ထဲမှာပဲ လက်ရှိအဆင့်ရဲ့ ပဋိပက္ခတွေကိုလည်း လစ်လျူရှုထားလို့ မရပါဘူး။ လက်ရှိအစီအစဉ်အောက်က မြင့်မားတဲ့ ကြီးထွားမှုနှုန်းဆိုတဲ့ အချက်က ပြည်တွင်းလူမှု အဆောက်အအုံအတွင်းနဲ့ လူ့အဖွဲ့အစည်းအတွင်း လူ တန်းစားဖွဲ့စည်းပုံတွေမှာ အပြောင်းအလဲတွေ ဖြစ်ပေါ်စေ ပါတယ်။ ဒီအပြောင်းအလဲတွေက တော်လှန်ရေးအတွက် အန္တရာယ်တွေ ဖော်ထုတ်နေပါတယ်။

လူပုဂ္ဂိုလ်အလိုက်ရော၊ ဒေသအလိုက်ပါ မညီမျှမှုတွေ တိုးပွားနေတယ်ဆိုတာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါက အရင်းရှင်စနစ် ပြန်လည်ထူထောင် ရေးကို လုပ်ဆောင်မယ့် အားကောင်းတဲ့ အင်အားစုတွေ ပေါ်ပေါက်လာစေတတ်ပါတယ်။ ဒါ့အပြင် အဲဒီပြောင်းလဲ နေတဲ့ လူမှုအဆောက်အအုံဟာ ကြီးထွားမှု အားယုတ် သွားစေမယ့် ဦးတည်ချက်ဆီသို့လည်း ရွေ့ရှုသွား နိုင်ပါတယ်။ ဥပမာအားဖြင့် ပုဂ္ဂလိကပိုင်ဆိုင်မှု၊ ရေပေး ဝေရေး စုပေါင်းပိုင်ဆိုင်မှုအောက်မှာ ရှိခဲ့တဲ့ လယ်ယာ စိုက်ပျိုးရေးဟာ အစောပိုင်းက ဖော်ပြခဲ့သလို တရုတ်ပြည် အလျင်အမြန် တိုးတက်လာရေးအတွက် အရေးကြီးတဲ့ ကောင်းမှုပြုချက် ဖြစ်ခဲ့ပါတယ်။ အခုနှစ်တချို့အတွင်း မှာတော့ ဒါဟာ အားယုတ်လာဟန် ရှိပါတယ်။ တနည်း အားဖြင့် တရုတ်ပြည်ရဲ့ လျင်မြန်တဲ့ ကြီးထွားမှုကြောင့် ပေါ်ပေါက်လာတဲ့ လူတန်းစား ဖွဲ့စည်းပုံ အပြောင်း အလဲဟာ ကြီးထွားမှုနှုန်း လျင်မြန်မှုရဲ့အခြေခံ အဆောက် အအုံဥပစာကို ကမောက်ကမ ဖြစ်စေမယ့်ဟန် ရှိနေပါ တယ်။

တရုတ်ပြည် တော်လှန်ရေးနဲ့ နောက်ပြီး တရုတ်ပြည်စီးပွားရေး ရှေ့တိုးတက်မှု လျင်မြန်မှုအတွက်ပါ အန္တရာယ်ပေးမယ့် ဒီဒုတိယဇာစ်မြစ်ဟာ ကမ္ဘာ့အရင်း ရှင်စနစ်က စီးဆင်းလာတဲ့ ဖိအားတွေပဲ ဖြစ်ပါတယ်။ ဘဏ္ဍာငွေကြေးရဲ့ အထက်စီးရမှုနဲ့ ၎င်းရဲ့ တကမ္ဘာလုံးအနှံ့ ဖြန့်ကျက်နိုင်မှုတို့ဟာ မျက်မှောက်ခေတ် အရင်းရှင် ကမ္ဘာရဲ့ အင်မတန် အရေးကြီးတဲ့ လက္ခဏာတရပ်ပဲ ဖြစ်ပါတယ်။ ၎င်းမှာ သိသာထင်ရှားတဲ့ သက်ရောက်မှုနှစ်ခု ရှိပါတယ်။ တဖက်မှာ ကမ္ဘာ့စီးပွားရေး နှေးကွေးမှုအတွက် ၎င်းဟာ ( အခြားအကြောင်းအချက်များနဲ့အတူ ) တာဝန် ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ စစ်ပြီးခေတ်မှာ ကောင်းကောင်းအလုပ်ဖြစ်ခဲ့တဲ့ ကိန်း ( Keyne ) ရဲ့ တောင်းဆိုမှုအရ စီမံခန့်ခွဲမှုဟာ ဘဏ္ဍာငွေကြေး လွယ်ကူ စွာ စီးဆင်းပြောင်းလဲနိုင်မှုတွေ လွှန်ကဲနေတဲ့ ကမ္ဘာမှာ လုပ်ဆောင်ဖို့ ခက်ခဲလာလို့ ဖြစ်ပါတယ်။ အခြားတဖက်မှာ တော့ ကမ္ဘာလုံးအနှံ့ ဖြန့်ကျက်နေတဲ့ ဘဏ္ဍာအရင်းဟာ ၎င်းရဲ့လှုပ်ရှားမှုအတွင်းမှာ အကျိုးအမြတ် ရရှိနေတဲ့ စီးပွားရေးတွေရဲ့ အရန်အတားတွေကို ချိုးခွဲပစ်ဖို့ ကြိုးစား ပါတယ်။ ၎င်းဟာ နိုင်ငံတိုင်းကို သူ့လှုပ်ရှားမှုရဲ့ ဗဟိုချက်မ အတွင်းသို့ အရှိန်အဟုန်ပြင်းပြင်းနဲ့ စုပ်ယူဝါးမြိုဖို့ ကြိုးစား ပါတယ်။

ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ တရုတ်ပြည် စီးပွားရေး အောင်မြင်မှုတွေ ရရှိခဲ့တာဟာ အချက် ၂ ချက် ကြောင့် ဖြစ်ပါတယ်။ ပထမအားဖြင့် ကမ္ဘာ့ဈေးကွက်သို့ ၎င်းရဲ့ ပို့ကုန်တွေ တကယ့်ကိုအမြောက်အမြား တိုးမြှင့် ပို့နိုင်ဖို့ စီမံနိုင်ခဲ့တယ်။ ဒုတိယအားဖြင့် တွက်ဆလောင်း ကစားတဲ့ နိုင်ငံတကာ ဘဏ္ဍာငွေကြေးရဲ့ လှုပ်ရှားမှုတွေ ကနေ လွတ်ကင်းအောင် တရုတ်ပြည်ဟာ ကာကွယ် နိုင်ခဲ့ တယ်။ ဒီဒုတိယအချက်ရဲ့ အရေးကြီးမှုကို ကျန်းဇစ်မင် ကိုယ်တိုင်က အလေးထားပြီး အခုလို ပြောခဲ့ပါတယ်။ တရုတ်ပြည်ဟာ အရှေ့အာရှ အကျပ်အတည်းမှ လွတ် ကင်းအောင် စီမံနိုင်ခဲ့တာဟာ ၎င်းမှာ ပြောင်းလဲနိုင်တဲ့ငွေ

ကြေး မရှိတာကြောင့်နဲ့ ထူးခြားတဲ့ ဘဏ္ဍာငွေကြေး လွှတ်လပ်မှုတွေ မဖော်ဆောင်ခဲ့တာကြောင့် ဖြစ်တယ်။ ( ဒီအချက် ၂ ချက် ကြောင့် နိုင်ငံတကာဘဏ္ဍာငွေကြေး စီးဆင်းမှုတွေကနေ တရုတ်ပြည်စီးပွားရေးကို မထိခိုက်အောင် ကာကွယ်ထားနိုင်တာ ဖြစ်တယ်။ )

ကမ္ဘာ့စီးပွားရေး နေးကွေးနေတဲ့ အခြေအနေက တရုတ်ပြည်ပို့ကုန် ကြီးထွားမှုကို ထိခိုက်စေမှာ ဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာငွေကြေး စီးဆင်းမှုတွေကို တံခါးဖွင့်ပေးဖို့ တရုတ်ပြည်အပေါ် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့ကတဆင့် ပြုလုပ်တဲ့ ပြင်ပဖိအားတွေလည်း ကြီးထွားလာနေမှာ ဖြစ်ပါတယ်။ မြင့်မားတဲ့ ကြီးထွားမှု ကာလအတွင်း အင်အားကြီးလာတဲ့ ဘူဇွာအစိတ်အပိုင်းတွေကလည်း အဲဒီဖိအားမှာ ပါဝင်ကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တွက်ဆလောင်းကစားတဲ့ ဘဏ္ဍာငွေအရင်း စီးဆင်းမှုတွေအတွက် တရုတ်ပြည်ရဲ့ စီးပွားရေး တံခါးဖွင့်ပေးဖို့ ဖိအားကို အလျှော့ပေးလိုက်မယ်ဆိုရင် ဒါဟာတော်လှန်ရေး လမ်းကြောင်းအပေါ် ဆိုးဝါးတဲ့ မကောင်းကျိုးတွေ သက်ရောက်စေမှာ ဖြစ်ပါတယ်။

အတိုချုပ်အားဖြင့် တရုတ်ပြည်ပြည်သူတွေနဲ့ တရုတ်ပြည်ပါတီရဲ့ ရှေ့မှောက်မှာ ကြီးမားတဲ့ စိန်ခေါ်မှုတွေ ရှိနေပါတယ်။ အဲဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့နဲ့ တော်လှန်ရေးကို ရှေ့ဆက်သယ်ပိုးဖို့အတွက် ပြည်သူလူထုကို စည်းရုံးစုစည်းရာမှာ တရုတ်ပြည်ပါတီ အနေနဲ့ အလုံးစုံသော အောင်မြင်မှုတွေ ရရှိစေကြောင်း တကမ္ဘာလုံးက တော်လှန်ရေးသမားတွေဟာ ဆန္ဒပြုကြရပါမယ်။

ပရာဘတ်ပတ္တနိုက် ( Prabhat Patnaik )

( အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ ) ရဲ့သဘောတရားရေးစာစောင် The Marxist ၁၉၉၉ ခုနှစ်၊ အောက်တိုဘာ/ဒီဇင်ဘာထုတ်မှ The Difference Between The Chinese & Indian Situations ကို ပြန်ဆိုပါတယ်။ )

# ကွန်ပျူတာတွက်ချက်မှုစနစ်ရဲ့ အနာဂတ်

[မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်ရဲ့ ကွန်ပျူတာသိပ္ပံစမ်းသပ်ဌာနဟာ သတင်းအချက်အလက် နည်းပညာအတွက် အခြေခံ အဆောက်အအုံသစ်တရပ်ဖြစ်တဲ့ "အောက်ဆီဂျင်" လို့အမည်ပေးထားတဲ့ စနစ်ကို စမ်းသပ်တီထွင်နေတယ်။ ဒီစနစ်ဟာ အဲဒီစမ်းသပ်ဌာန ညွှန်ကြားရေးမှူးက ကာလရှည်တင်ပြထားတဲ့ "လူတွေ အလုပ်နည်းနည်း လုပ်ရုံနဲ့ များများပြီးမြောက်စေဖို့ အထောက်အကူ ဖြစ်ရေး" ဆိုတဲ့ အကြံအစည်ကို အကောင်အထည် ဖော်ပေးနိုင်ပါလိမ့်မယ်။ ]

## နည်းနည်းလုပ်ရုံနဲ့ များများပြီးခြင်း

အခုဆိုရင် ကျွန်တော်တို့ဟာ စက်တွေကို ထိပ်တန်းတင်တဲ့ စဉ်းစားပုံစဉ်းစားနည်းကို ပြုပြင်သင့်ပြီ။ သတင်းအချက်အလက်ခေတ်ရဲ့ လူတွေအတွက် 'စတီယာရင်'၊ 'ဆီထိန်းလီဗာ' နဲ့ 'ဘရိတ်' တို့ကို တီထွင်ပေးသင့်နေပြီ။ ကျွန်တော်ဟာ အဲဒီစိတ်ကူးကနေတဆင့် အနီးကပ် အနာဂတ်အတွက် ရှင်းလင်းတဲ့ ဦးတည်ချက်ကို ရရှိလာပါတယ်။ အဲဒါကတော့ လူတွေဟာ အလုပ် နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်စေဖို့ သတင်းအချက် အလက် နည်းပညာတွေကို အသုံးပြုနိုင်သင့်တယ် ဆိုတာပါပဲ။

"နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်ရေး" လို့ဆိုရာမှာ အဓိပ္ပာယ် သုံးခုပါဝင်ပါတယ်။ ပထမ အဓိပ္ပာယ်က ကျွန်တော်တို့ဟာ နည်းပညာသစ်တွေကို လူတွေရဲ့ဘဝထဲ သွင်းပေးရပါမယ်။ လူတွေရဲ့ဘဝကို နည်းပညာသစ်တွေထဲ သွင်းပေးလို့တော့ မဖြစ်ဘူး။ တကယ်လို့သာ ကျွန်တော်တို့ဟာ လက်ရှိဘဝတွေကို စွန့်ပစ်၊ မျက်စိကာမျက်မှန်တွေ – ကိုယ်ကျပ်ဘောင်းဘီ တွေကို စွန့်ပစ်ပြီး စာလုံးမှတ် ယူနစ်ကလေးတွေနဲ့မှ အလုပ်လုပ်နိုင်တဲ့၊ သတ္တုဆန်တဲ့ စက်ဦးဏှောက်ကမ္ဘာ ထဲကို ဝင်သွားကြမယ်သာဆိုရင် အလုပ်များများ ပြီးမြောက်အောင်မြင်မှာ မဟုတ်ပါဘူး။

စက်မှုတော်လှန်ရေး ပေါ်ပေါက်ခဲ့တုန်းကလည်း ကျွန်တော်တို့ဟာ အင်ဂျင်စက်ကမ္ဘာထဲကို ဝင်မသွားခဲ့ကြဘူး။ အင်ဂျင်စက်တွေကသာ ကျွန်တော်တို့ တတွေရဲ့ ဘဝတွေထဲကို ဝင်ရောက်လာခဲ့တယ်။ ကျွန်တော်ရဲ့ အစားအသောက်တွေကို ကြာရှည်သိမ်းဆည်းဖို့အတွက် ရေခဲသေတ္တာများအဖြစ်၊ ကျွန်တော်တို့ရဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေအတွက် ကားများအဖြစ် ဝင်ရောက်လာခဲ့တယ် မဟုတ်လား။ ကွန်ပျူတာတွေ၊ ဆက်သွယ်ရေး ကိရိယာတွေဟာလည်း အဲဒီလို အပြောင်းအလဲမျိုးတွေပဲ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။ အဲဒီကိရိယာတွေဟာ ကျွန်တော်တို့ရဲ့ ဘဝတွေထဲ ဝင်ရောက်လာလိမ့်မယ်။ သူတို့အသီးသီးဟာ ဘယ်လို ကိရိယာတွေ ဖြစ်သလဲဆိုတဲ့ အချက်နဲ့ သူတို့ဘာတွေ အသုံးကျသလဲဆိုတဲ့ အချက်တို့ဟာ တထပ်တည်း ကျလာပါလိမ့်မယ်။

ဒုတိယ အဓိပ္ပာယ်ကတော့ နည်းပညာသစ်တွေဟာ လူသားတွေရဲ့ ထုတ်လုပ်စွမ်းရည်နဲ့ အသုံးပြုရ အဆင်ပြေမှုတို့ကို တိုးမြှင့်ပေးရမယ် ဆိုတာပါပဲ။ ဆိုကြပါစို့၊ ကျွန်တော်က လက်ထဲမှာ ကိုင်ဆောင် အသုံးပြုနိုင်တဲ့ ကိရိယာလေးတခုကို ဆွဲထုတ်လိုက်ပြီး အနားနားကပ်ကာ "ဒီစနေတနင်္ဂနွေမှာ ကျွန်တော်တို့ကို အသေင်အရောက် ပို့ပေးစမ်းပါ " လို့ ပြောလိုက်တယ် ဆိုပါစို့။ ဒီအခါမှာ ကျွန်တော်ရဲ့ ကွန်ပျူတာက EasySabre လေကြောင်းကုမ္ပဏီရဲ့ ကြိုတင်လက်မှတ်ဝယ်တဲ့ စနစ်နဲ့

ဆက်သွယ်မိသွားလိမ့်မယ်။ နောက်ပြီး ခရီးသွားအေဂျင်စီတွေသုံးတဲ့ ကွန်ပျူတာအမိန့်ပေး စကားတွေသုံးပြီး သတင်းအချက်အလက်တွေကို အပြန်အလှန်ဖလှယ်ပါလိမ့်မယ်။ အဲဒီအခါမှာ စက်ကိရိယာက 'ကျွန်တော်တို့ ' ဆိုတာ လူနှစ်ယောက်ကို ဆိုလိုကြောင်း၊ ကျွန်တော်တို့ဟာ အရောင်းအဝယ်သမား အဆင့်အတန်းလေယာဉ်ခန်း၊ အလယ်အူကြောင်းလမ်းနား ကပ်နေတဲ့ ထိုင်ခုံ လိုချင်ကြောင်း စတာစတာတွေကို သိသွားလိမ့်မယ်။ အဲဒီအခါမှာ သက်ဆိုင်ရာ လေကြောင်းကုမ္ပဏီမှ ကွန်ပျူတာနဲ့ (ဆိုကြပါစို့ ) ဆယ်မိနစ်မျှ 'ညှိနှိုင်း'ပြီး ကျေနပ်လက်ခံလောက်တဲ့ လေယာဉ်ခရီးစဉ်ကို တွေ့ရှိသွားမယ်။ နောက်ဆုံးဒါကို အတည်ပြုလိုက်ကာ ကြိုတင်လက်မှတ်ဝယ်တဲ့ အလုပ်ဟာ ပြီးဆုံးသွားလိမ့်မယ်။ ဒီဖြစ်စဉ်မှာ ကျွန်တော် နှုတ်မိန့်ပေးရတာက သုံးစက္ကန့်ကြာလိမ့်မယ်။ ကျွန်တော်ရဲ့ အီလက်ထရွန်နစ် "မြေတူးစက် " လို့ တင်စားခေါ်ဝေါ်လောက်တဲ့ လက်ကိုင်အပျော့ထည် ကိရိယာကတော့ ဆယ်မိနစ် (စက္ကန့် ၆၀၀ ) မျှ လုပ်ရလိမ့်မယ်။ ဒါကြောင့် ဒီဥပမာမှာ လူသားရဲ့ ထုတ်လုပ်စွမ်းရည်ဟာ ( ၆၀၀ ÷ ၃) အဆ ၂၀၀ ထိမြင့်သွားလိမ့်မယ်။ အရောင်းအဝယ် စကားနဲ့ဆိုရင်တော့ ဒါဟာ ၂၀၀၀၀ ရာခိုင်နှုန်းထိ မြင့်သွားခြင်းပါပဲ။

ဒီလောက်ကြီးမားတဲ့ ရလဒ်ကို နေရာတကာမှာ ရနိုင်မှာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ၂၁ ရာစုနှစ်အတွင်းမှာ ရုံးလုပ်ငန်းတွေကို အလိုအလျောက် တပ်ဆင်မှုတွေနဲ့ လုပ်ပြီး လူရဲ့ဦးဏှောက်၊ မျက်စိတို့နဲ့ လုပ်ရတဲ့ အလုပ်တွေကို အီလက်ထရွန်းနစ် "မြေတူးစက်" တွေအပေါ် လွှဲပေးမယ်ဆိုရင် လူသားရဲ့ ထုတ်လုပ်စွမ်းရည်ကို ၃၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ထားပါတယ်။ စက်မှုတော်လှန်ရေးကြီးတုန်းက ကျွန်တော်တို့ဟာ ကြွက်သားအားနဲ့ လုပ်ရတဲ့ အလုပ်တွေကို မြေတူးစက်တွေအပေါ် လွှဲပေးခဲ့တဲ့ ပုံစံတွေအတိုင်းပဲ အထက်ပါ အပြောင်းအလဲတွေဟာလည်း ဖြစ်လာမှာပါ။ အခုအထိတော့ သတင်းအချက်အလက် တော်လှန်ရေးအတွင်းက ဒီလိုရလဒ်တွေ ရရှိလာတာ မတွေ့မြင်ရသေးပါဘူး။ အခုအခါ ကျွန်တော်တို့ဟာ အင်တာနက် အပျော့ထည်တွေ သို့မဟုတ် အီလက်ထရွန်နစ် စာပို့စနစ်တွေကို သုံးတဲ့အခါ ကွန်ပျူတာ ဖန်သားပြင်ကို မျက်စိနဲ့စိုက်ကြည့်နေရ၊ ကိုယ့်ဦးဏှောက်ကိုလည်း ဖြစ်ညှစ်နေရပါသေးတယ်။ အဲဒီတော့ အနှစ်သာရအားဖြင့် ကျွန်တော်တို့ဟာ "ဂေါ်ပြားတွေနဲ့ မြေတူး"နေရဆဲပါ။ ဒါပေမဲ့ ဒီအချက်ကို ကျွန်တော်တို့ သတိမမူမိကြဘူး။ ဘာလို့လဲဆိုတော့ "အဆင့်မြင့်နည်းပညာ" လို့ တံဆိပ်ရိုက်ထားတဲ့ စိန်စီဂေါ်ပြားတွေ ကိုင်နေရတာကိုး။ ဒါကြောင့် တကယ့်တော်လှန်ရေး စစ်စစ်တခုလုပ်ချင်ရင် ကွန်ပျူတာတွေက လူတွေကို ဘာတွေလုပ်ပေးနိုင်မလဲဆိုတဲ့ မျှော်လင့်ချက်ကိုပါ ပြောင်းလဲပစ်ဖို့ လိုပါတယ်။

ဒီကနေ့အထိ တလျှောက်လုံးကတော့ ကွန်ပျူတာ အရောင်းသမားတွေဟာ "အသုံးရအဆင်ပြေမှု" ဆိုတဲ့ စကားကို အရမ်းလျှောက် သုံးနေခဲ့ကြတယ်။ သူတို့ဟာ နည်းပညာစနစ် တခုခုကို သုံးသူအတွက် သင့်တော်တယ်လို့ ဆိုရာမှာ ဘာနဲ့တူနေသလဲဆိုရင် မျောက်ဝံတကောင်ကို ဝတ်ရုံဖြူကလေး ဝတ်ဆင်ပေးပြီး ခွဲစိတ်ဆရာဝန်တယောက်အဖြစ်နဲ့ လမ်းတွေပေါ်မှာ စိတ်အားထက်သန်စွာ လျှောက်ပြသတာနဲ့ တူနေပါတယ်။ ကျွန်တော့်သဘောအရ "အသုံးရအဆင်ပြေတယ် " ဆိုတာ ကျွန်တော်တို့ရဲ့ ကွန်ပျူတာစနစ်တွေထဲသို့ ပိုများပြားတဲ့ အရောင်အသွေးတွေ၊ အနှစ်မပါတဲ့ တန်ဆာဆင်မှုတွေကို စုပြုံတည့်သွင်းလာဖို့ ဆိုလိုတာ မဟုတ်ပါဘူး။ လူနဲ့စက်အကြား ဆက်သွယ်မှုဟာ စာလုံးတွေနဲ့ပဲ လုပ်ရတာမျိုး ဖြစ်စေအုံးတော့ တကယ့်တကယ်ကို အသုံးရ အဆင်ပြေဖို့ကို ဆိုလိုတာပါ။ အင်တာနက်အကြမ်းဖတ် အပျော့ထည်တွေနဲ့ ကွန်ပျူတာကိုင်တွယ်မှုစနစ် အပျော့ထည်တွေအကြား ကွာခြားချက်ဟာ လာမယ့်နှစ် အနည်းငယ်အတွင်း ပျောက်ကွယ်သွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီနှစ်မျိုးစလုံးနဲ့ သတင်းအချက်အလက်တွေကို ရယူနိုင်ပါတယ်။ တမျိုးက အဝေးက သတင်းအချက်အလက်ကို ရယူနိုင်ပြီး နောက်တမျိုးကတော့ ကိုယ့်နယ်မြေက သတင်းအချက်အလက်ကို ရယူနိုင်တယ်။ လူတွေအဖို့ကတော့ ဘယ်နေရာ ဘယ်ဒေသမှာ သိမ်းဆည်းထားတဲ့ အချက်အလက်တွေပဲဖြစ်ဖြစ်၊ ဒါတွေကိုသုံးပြီး ကိစ္စတမျိုးမျိုးကို ပြီးမြောက်အောင်လုပ်ဖို့ပဲ လိုအပ်တာဖြစ်လို့ "အသုံးရ အဆင်ပြေ" စေဖို့ဆိုရင် အကြမ်းဖတ် အပျော့ထည်အတွက်ရော၊ ကိုင်တွယ်မှုစနစ် အပျော့ထည်အတွက်ပါ သုံးနိုင်တဲ့ အမိန့်ပေးဘာသာစကား တစုံတည်းသာ ရှိဖို့လိုပါတယ်။ ဒါပေမဲ့ အခုဖြစ်နေတဲ့ အခြေအနေကတော့ အတော်ရယ်စရာကောင်းပါတယ်။ ကားမောင်းရာမှာ ကားကို လိုရာသွားစေဖို့အတွက် မြို့လမ်းမကြီးတွေပေါ်မှာကျတော့ စတီယာရင်နဲ့ထိန်းပြီး၊ တောလမ်းမှာကျတော့ ဘရိတ်ကို သုံးသလိုဖြစ်နေပါတယ်။

နည်းပညာသစ်တွေဟာ လူတွေအတွက် အလုပ်နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်စေရမယ်ဆိုတာရဲ့ တတိယ အဓိပ္ပာယ်ကတော့ "လူတွေ " ဆိုတာထဲမှာ လူအားလုံးပါဝင်စေရေးပဲ ဖြစ်ပါတယ်။ အခုအခါမှာ ကွန်ယက်ထဲမှာ အပြန်အလှန် ဆက်သွယ်ထားတဲ့ ကွန်ပျူတာစက် အရေအတွက်က သန်း ၁၀၀ လောက်

ရှိနေပြီဆိုတော့ ဒါကိုကျွန်တော်တို့ အတော်လေး ကျေနပ်အားရနေကြတာပေါ့လေ။ ဒါပေမဲ့ ဒီအရေအတွက်ဟာ ကမ္ဘာ့လူဦးရေရဲ့ ၁.၆ ရာခိုင်နှုန်းပဲ ရှိသေးတာပါ။ ကမ္ဘာ့နေရာအသီးသီးက လူတွေဟာ အချင်းချင်း အကျယ်အပြန့် ဆက်သွယ်ဖလှယ်မှုတွေ လုပ်နေကြတယ်လို့ ကျွန်တော်တို့ သိထားကြတယ်။ ဒါပေမဲ့ လူဘီလျံပေါင်းများစွာတို့ရဲ့ အသံကို ရုပ်သံသတင်းတွေနဲ့ အစိုးရများရဲ့ ထုတ်ပြန်သတင်းတွေမှ တဆင့်သာ ကြားရနိုင်တဲ့ အခြေအနေသာ ရှိပါသေးတယ်။ ဒါအပြင် ဒီသတင်းအချက်အလက် တော်လှန်ရေးဟာ သူ့ဘာသာ လွတ်လွတ်လပ်လပ်ကြီး ဖွံ့ဖြိုးနေမယ်ဆိုရင် ဆင်းရဲသူနဲ့ ချမ်းသာသူတွေအကြား ကွာခြားချက်ဟာ ကြီးသထက်ကြီးလာမှာပါ။ အကြောင်းကတော့ ရှင်းရှင်းလေးပါပဲ။ ချမ်းသာသူတွေက လုပ်ငန်းတွေ ထိရောက်သထက် ထိရောက်အောင် သူတို့ရဲ့ စက်ကိရိယာတွေ အသုံးပြုလာကြပြီး ချမ်းသာသထက် ချမ်းသာလာမှာ ဖြစ်ပေမယ့် ဆင်းရဲသူတွေအတွက်ကတော့ ဘာမှ တိုးတက်လာမှာ မဟုတ်လို့ပါပဲ။

ကျွန်တော်တို့ ဒီလိုအဖြစ်ခံလို့ မဖြစ်ပါ။ ဒီလိုပြောရခြင်းဟာ အများကောင်းစားရေးဝါဒ သဘောသက်သက်နဲ့ ပြောခြင်းမဟုတ်ပါ။ ကျွန်တော်တို့ မိမိကိုယ်ကိုမိမိ ထိန်းသိမ်းကာကွယ်တဲ့ သဘောနဲ့ ပြောတာပါ။ အဲဒီလိုကွာဟမှုတွေကတဆင့် သွေးထွက်သံယိုပဋိပက္ခတွေ မလွှဲမရှောင်သာ ဖြစ်လာနိုင်လို့ပါ။ ဆင်းရဲသူတွေကို အကူအညီပေးဖို့ ကျွန်တော်တို့ ဆုံးဖြတ်ထားတယ်ဆိုရင် အကူအညီ ပေးနိုင်တာတွေ အများကြီးရှိပါတယ်။ ချမ်းသာသူတွေဟာ သတင်းအချက်အလက် ကမ္ဘာသစ်ကို အသုံးချပြီး ဆင်းရဲသူတွေထံက ဝန်ဆောင်မှုများနဲ့ ထွက်ကုန်များကို ဝယ်ယူနိုင်တာပဲ။ စက်မှုခေတ်တုန်းက လုပ်ခဲ့သလိုမျိုးပေါ့။ "ချစ်ခင်စာနာရေးတပ်ဖွဲ့" နဲ့ ဆင်ဆင်တူတဲ့ တပ်ဖွဲ့တိုင်းဟာလည်း ကမ္ဘာ့အနှံ့အပြား ဒုက္ခကြုံနေသူတို့ထံ လူလူချင်းစာနာထောက်ထားရေး အကူအညီများကို ပေးနေတဲ့ လူပုဂ္ဂိုလ်များနဲ့ အပြန်အလှန်ညှိနှိုင်းနိုင်ပါတယ်။ ဒီလိုအခြေအနေဟာ သမိုင်းမှာ ပထမဦးဆုံးအကြိမ် ဖြစ်ပေါ်လာတာပါ။

အဲဒီတော့ ချုပ်ပြောရမယ်ဆိုရင် လူတွေဟာ နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်နိုင်သင့်တယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ နည်းပညာတွေကို ကျွန်တော်တို့ရဲ့ ဘဝတွေထဲ သွတ်သွင်းပေးဖို့ လူသားတွေရဲ့ ထုတ်လုပ်ရေးစွမ်းရည်နဲ့ အသုံးရအဆင်ပြေမှုတို့ကို မြှင့်တင်ပေးဖို့၊ ၎င်းရလဒ်များကို လူအားလုံး ခံစားနိုင်စေဖို့ – တို့ကို ဆိုလိုပါတယ်။ ဒီရည်ရွယ်ချက်ကို သတ်မှတ်ပြီးတဲ့နောက်၊ အဲဒါကို အခြေခံထားတဲ့ ကွန်ပျူတာပုံစံအကြောင်းကို လေ့လာကြည့်ကြပါစို့။

## သတင်းအချက်အလက် စျေးခင်း

အခု ကျွန်တော်ပြောမယ့် အနီးကပ်အနာဂတ်ရဲ့ သတင်းအချက်အလက်ကမ္ဘာ ပုံစံဟာဆိုရင် လွန်ခဲ့တဲ့ အနှစ် ၂၀ လောက် ကတည်းက ကျွန်တော်တလျှောက်လုံး ပြောပြောနေခဲ့တာနဲ့ အတူတူပါပဲ။ အဲဒါကတော့ သတင်းအချက်အလက်စျေးခင်း ဆိုတာပါ။ အဲဒီပုံစံကို အပြည့်အဝအကောင်အထည်ဖော်ဖို့ လိုနေပါတယ်။ လာမယ့်ဆယ်စုနှစ်မှာ အသုံးချကိရိယာ၊ အာရုံခံ ကိရိယာ၊ ထိန်းချုပ်ကိရိယာနဲ့ အလားတူ ကိရိယာ – အသွင် သဏ္ဍာန်များနဲ့ ရှိကြတဲ့၊ မရေမတွက်နိုင်လောက်အောင် များလှတဲ့ ကွန်ပျူတာတွေကို လူကကိုင်တွယ်မောင်းနှင်တဲ့ ဘီလျံဝက်မျှသောစက်များနဲ့ ကွန်ယက်ပြု ဆက်သွယ်ပေးကြပါတော့မယ်။ အဲဒီစက်များနဲ့ အသုံးပြုသူများဟာ ဝယ်ခြင်း၊ ရောင်းခြင်း သတင်းအချက်အလက်နဲ့ သတင်းအချက်အလက် ဝန်ဆောင်မှုများ လွတ်လပ်စွာ ဖလှယ်ခြင်းဆိုတဲ့ အလုပ်သုံးမျိုးကို လုပ်ကြပါလိမ့်မယ်။ အခုအခါမှာ အင်တာနက်ကတဆင့် ဖလှယ်မှုတွေ လုပ်တာဟာဆိုရင် စုစုပေါင်းဒေါ်လာ ဘီလျံ ၅၀ ဖိုးလောက် ရှိနေပါတယ်။ သက္ကရာဇ် ၂၀၃၀ ခုနှစ်လောက်ဆိုရင် – ဒီလိုဖလှယ်မှုဟာ ဒီနေ့ဒေါ်လာတန်ဖိုးနဲ့ ဘီလျံ ၄၀၀၀ ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းရတယ်။ ဒီပမာဏဟာ ကမ္ဘာ့စက်မှုစီးပွားရေး ထုတ်ကုန်ရဲ့ လေးပုံတပုံ ရှိပါတယ်။ ဖလှယ်မှုတွေကို အများအားဖြင့် ရုံးခန်းတခုနဲ့တခု ဆက်သွယ်ပြုလုပ်ကြလိမ့်မယ်။ ဒီနည်းနဲ့လုပ်တဲ့ ဖလှယ်မှုတန်ဖိုးဟာ၊ ဖလှယ်မှုတန်ဖိုးစုစုပေါင်းရဲ့ တဝက်မျှ ရှိလိမ့်မယ်။ တကယ်တော့ အနာဂတ်သတင်းအချက်အလက် ဝန်ဆောင်မှုရဲ့ အများပိုင်းမှာ သတင်းအချက်အလက် လုပ်ငန်းရလဒ်များအား ဝယ်ခြင်းနဲ့ ရောင်းခြင်းဆိုတဲ့ လုပ်ရှားမှု ပုံစံသစ်တခု ပါဝင်နေပါလိမ့်မယ်။ ဥပမာ ပီကင်းမြို့က စာရင်းကိုင်ဝန်ထမ်းတယောင်ဟာ အများသုံးမော်တော်ကား (GM ) ကုမ္ပဏီကြီးအတွက် တနာရီ ၁ ဒေါ်လာနှုန်းနဲ့ စာရင်းကိုင်ဝန်ဆောင်မှုတွေ လုပ်ပေးနေတာမျိုး မှန်းဆစိတ်ကူးကြည့်ကြည့်ပါ။

သတင်းအချက်အလက် စျေးခင်းထဲမှာ "လွတ်လပ်စွာ ဖလှယ်မှု" အပိုင်းဟာလည်း အလားတူ အရေးကြီးပါလိမ့်မယ်။ အဲဒီအပိုင်းဟာ မိသားစုဆိုင်ရာ သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက် လှုပ်ရှားခြင်း၊ အသိပညာများ ဖန်တီးခြင်း၊ ရယူခြင်း၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးဆိုင်ရာများ ဖလှယ်ခြင်းနဲ့ တခြားလှုပ်ရှားမှုသစ်များစွာတို့ကတဆင့် ကျွန်တော်တို့ရဲ့ ဘဝတွေအပေါ် သြဇာသက်ရောက်မှု ရှိလာလိမ့်မယ်။

နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်ရေး ရည်ရွယ်ချက်လည်းရှိပြီး "သတင်းအချက်အလက်

ဈေးခင်း" ဆိုတဲ့ ပုံစံလည်း ရှိထားပြီဆိုတော့ ဒါကို ဘယ်လိုလက်တွေ့ အကောင်အထည်ဖော်ကြမလဲ။ ကျွန်တော်တို့ဟာ ဒါကို အကောင်အထည်ဖော်ရေး အတွက် ကျွန်တော်တို့ရဲ့ ကွန်ပျူတာ သိပ္ပံစမ်းသပ်ဌာနမှာ သုတေသန စီမံကိန်းကြီးတခု မကြာခင်ကမှ စတင်လုပ်ဆောင်ခဲ့တယ်။ ဒီစီမံကိန်းကနေပြီး 'အောက်ဆီဂျင်'လို့ အမည်ပေးထားတဲ့ လုံးဝသစ်လွင်တဲ့ အမာထည်၊ အပျော့ထည် စနစ်တခုကို ဖော်ထုတ်ကြဖို့ ဖြစ်တယ်။ ဒီစနစ်ကို လူတွေရဲ့ လိုအပ်ချက်များနဲ့လည်းကောင်း၊ စက်ကိရိယာ အသုံးပြုတဲ့ ဖြစ်စဉ်အတွင်း လိုအပ်ချက်များနဲ့ လည်းကောင်း ကိုက်ညီအောင် စီမံဖော်ထုတ်ဖို့ ဖြစ်တယ်။ ဒီစနစ်ဟာ လူတွေရှူရှိုက်နေတဲ့ လေလိုပဲ မရှိမဖြစ်တဲ့အရာ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ဒီစီမံကိန်း အတွက် ဒေါ်လာသန်းများစွာ ကုန်ကျမှာဖြစ်ပြီး ၅ နှစ် အချိန်ယူရလိမ့်မယ်။ ကွန်ပျူတာသိပ္ပံ စမ်းသပ်ဌာနမှ သုတေသီ ၃၀ ယောက်က လုပ်ကြလိမ့်မယ်။ M.I.T ရဲ့ "ဉာဏ်တု" စမ်းသပ်ဌာနနဲ့လည်း ပူးပေါင်းလုပ်ကြမှာ ဖြစ်ပါတယ်။

## "အောက်ဆီဂျင်" စနစ်ကို ပုံစံထုတ်ခြင်း

"အောက်ဆီဂျင်" စနစ်ရဲ့ အချက်အချာ အပိုင်းကတော့ "လက်ကိုင် – ၂၁" (Handy - 21) လို့ ခေါ်တဲ့ ကိရိယာပါပဲ။ အဲဒါလေးဟာ ဆယ်လူလာဖုန်းနဲ့ ဆင်တူပါတယ်။ ဒါပေမဲ့ သူ့မှာ ရုပ်ပေါ်မျက်နှာပြင်တခု၊ ကင်မရာတခု၊ အနီရောင်လွန်ရောင်ခြည် ထောက်လှမ်း ကိရိယာ တချို့နဲ့ ကွန်ပျူတာတခုတို့လည်း တပ်ဆင်ထားပါသေးတယ်။ "လက်ကိုင် –၂၁ " က ခင်ဗျားလိုချင်တဲ့ အကူအညီကို ခင်ဗျားဆီအရောက် ဆောင်ကျဉ်းလာပါလိမ့်မယ်။ ဒါ့အပြင် ဒီကိရိယာရဲ့ လုပ်ဆောင်မှု စွမ်းရည်အားလုံးကို တခြားအပျော့ထည်များနဲ့ ပေါင်းစပ်တွဲဖက်ထားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်နိုင်ငံမှာပဲ ရောက်နေရောက်နေ ဒီကိရိယာကို ၂ လမ်းသွား ဝိုင်ယာလက်စက် တခုအဖြစ်သို့ တဒင်္ဂအတွင်း အလွယ်တကူ ပြောင်းလဲနိုင်လို့ပါပဲ။ ဒီလိုပြောင်းလဲလိုက်ပြီး နောက်မှာ တခြားလက်ကိုင် –၂၁ ကိရိယာများနဲ့လည်း ဆက်သွယ်နိုင်တယ်။ ဝိုင်ယာလက်ဌာန တခုခုက ထိန်းချုပ်တဲ့ ကွန်ယက်ရဲ့ အနီးအနားရှိ ဆက်သွယ်မှု ဆုံချက်တခုနဲ့လည်း ဆက်သွယ်နိုင်တယ်။ ရိုးရိုး FM ရေဒီယိုတခုနဲ့လည်း ဆက်သွယ်နိုင်ပါတယ်။

"အောက်ဆီဂျင်" စနစ်ရဲ့ ဒုတိယ အချက်အချာ နည်းပညာကတော့ "ဝန်းကျင်– ၂၁" (Enviro 21) လို့ခေါ်တဲ့ ကိရိယာ ဖြစ်တယ်။ အဲဒါက "လက်ကိုင် ၂၁" နဲ့မတူဘူး။ "လက်ကိုင် ၂၁" က လူနဲ့အတူ ဘယ်သွားသွား ပါသွားတဲ့ ကိရိယာဖြစ်ပေမယ့် "ဝန်းကျင်– ၂၁" ကတော့ လူတွေနေထိုင်သွားလာတဲ့ ပတ်ဝန်းကျင် တနေရာရာမှာ တပ်ဆင်ထားမှာပါ။ ရုံးခန်းနံရံမှာ တပ်ဆင်ထားမယ်၊ အိမ်နံရံမှာ တပ်ဆင်ထားမယ်၊ အမြဲစီးနေတဲ့ ကားရဲ့နောက်ပိုင်း ပစ္စည်းထားခန်းထဲမှာ တပ်ဆင်ထားမယ်။ နှိုင်းယှဉ်ပြောရမယ်ဆိုရင် "ဝန်းကျင်– ၂၁" ဆိုတာက လျှပ်စစ်အားရေသောက်မြစ် ပလပ်ပေါက် သဘောဖြစ်ပြီး "လက်ကိုင် ၂၁" ကတော့ ဓာတ်ခဲသဘောပေါ့။ "ဝန်းကျင်– ၂၁" က "လက်ကိုင် ၂၁" လုပ်နိုင်တာ အကုန်လုပ်နိုင်ပြီး သူကပိုပြီး ပမာဏများများ လုပ်နိုင်တယ်။ ပိုပြီးမြန်မြန်လုပ်နိုင်တယ်။ ဒါ့အပြင် "ဝန်းကျင်– ၂၁" ကို အာရုံခံကိရိယာများ၊ ထိန်းချုပ်ကိရိယာများ၊ တယ်လီဖုန်းများ၊ မိုက္ကရိုဖုန်းများ၊ ကင်မရာများ၊ မိုက်ကရိုဖုန်းများစတဲ့ ကိရိယာအမျိုးမျိုးကို ထိန်းချုပ်ဖို့ အတွက်လည်း တပ်ဆင်ထားနိုင်ပါသေးတယ်။

"အောက်ဆီဂျင်" စနစ်ဟာ သက်မဲ့ရုပကမ္ဘာကြီးနဲ့ အပြန်အလှန် သက်ရောက်မှုများ လုပ်ဆောင်ရာမှာ နည်းလမ်း ၂ ရပ်နဲ့ လုပ်ဆောင်ပါတယ်။ တနည်းက အထက်ဖော်ပြပါ ထိန်းချုပ်ကိရိယာ ပစ္စည်းများကတဆင့် လုပ်ဆောင်တယ်။ နောက်တနည်းကတော့ "လက်ကိုင် –၂၁" တွေထဲမှာပါတဲ့ အနီလွန်ရောင်ခြည် ထောက်လှမ်း ကိရိယာများကတဆင့် လုပ်ဆောင်တယ်။ ဥပမာ တံခါး တချပ်ဟာ ခင်ဗျားရဲ့ "လက်ကိုင် –၂၁" အတွက် အဓိပ္ပာယ်ရှိတဲ့အရာ၊ ခင်ဗျားဘဝနဲ့ သက်ဆိုင်တဲ့အရာ ဖြစ်တယ်ဆိုပါစို့၊ ခင်ဗျားဟာ ဒီတံခါးချပ်ပေါ်မှာ အနီလွန်ရောင်ခြည် ထုတ်ပေးတဲ့ အပြားတချပ် ကပ်ထားလိုက်ရပါမယ်။ အဲဒီနောက်မှာတော့ အဲဒီတံခါးချပ်ဘက် ဦးတည်ပြီး "လက်ကိုင် –၂၁" ကိရိယာကို လှည့်ညွှန်လိုက်တာနဲ့ အဲဒီကိရိယာက ဒါဟာဘယ်လို တံခါး ဖြစ်တယ်ဆိုတာ မှတ်သားပါတယ်။ တံခါးရဲ့ နောက်ကွယ်မှာ ဘာတွေရှိနိုင်တယ်ဆိုတာကိုလည်း ဖော်ပြပေးပါတယ်။ တနည်းအားဖြင့်ဆိုရင် "အောက်ဆီဂျင်" စနစ်က အိတ်စ်ရေးလိုမျိုး ဖောက်ထွင်းမြင်နိုင်အောင် လုပ်ပေးနိုင်တယ်။ အဲဒီတော့ လူတွေဟာ ဒီစနစ်ကို အသုံးပြုပြီး မိမိတို့ရဲ့ဝန်းကျင်မှာ မိမိတို့နဲ့သက်ဆိုင်တဲ့၊ မိမိတို့ စိတ်ဝင်စားတဲ့ ရုပ်ဝတ္ထုပစ္စည်းများနဲ့ ဆက်သွယ်ထိတွေ့နိုင်တယ်။

"လက်ကိုင် –၂၁" များနဲ့ "ဝန်းကျင် ၂၁" များကို လုံးဝသစ်လွင်တဲ့ ကွန်ယက်တမျိုးနဲ့ ဆက်သွယ်ထားပါလိမ့်မယ်။ ဒီကွန်ယက်ကို "ကွန်ယက် ၂၁" (Net 21) လို့ ခေါ်ပါတယ်။ ဒီကွန်ယက်ရဲ့ အဓိက စွမ်းဆောင်ရည်ကတော့ "အောက်ဆီဂျင်" စနစ် သုံးစွဲသူများအား တယောက်နဲ့တယောက် အပြန်အလှန် ဆက်သွယ်လိုတယ်ဆိုရင် သူတို့ဘယ်နေရာမှာပဲ ရောက်နေရောက်

နေ လုံခြုံစိတ်ချရတဲ့ “ပူးပေါင်းလုပ်ဆောင်ရေး” နယ်မြေတခု ဖန်တီးပေးနိုင်ဖို့ ဖြစ်ပါတယ်။ “ကွန်ယက် ၂၁” ဟာ ရှုပ်လည်းရှုပ်ထွေး၊ ဆူလည်းဆူညံ၊ ကြီးလည်းကြီး လှတဲ့ အင်တာနက်ကိုကျော်လွှား လုပ်ဆောင်နိုင်ရပါမယ်။ ကွန်ယက်ထဲမှာက ပါဝင်ဆက်သွယ်သူ အရေအတွက် စုစုပေါင်းဟာ တက်လာလိုက်၊ ရုတ်တရက် ကျသွားလိုက် ဖြစ်တတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆက်သွယ်သူ အရေအတွက် မပြတ်ပြောင်းလဲနေတာကို ကိုင်တွယ်နိုင် ရပါမယ်။ “ကွန်ယက် ၂၁” ဟာ သူ့ကို အသုံးပြုသူ ဘယ်သူကိုမဆို ဘယ်နေရာမှာပဲ ရောက်နေရောက်နေ ရှာဖွေနိုင်စွမ်းရှိရမယ်။ ဒီကွန်ယက်ဟာ မရေမတွက်နိုင်တဲ့ လူသုံးစက်ကိရိယာ အများအပြားနဲ့လည်း ဆက်သွယ် ထားရဦးမယ်၊ နောက်ပြီး ကမ္ဘာ့ဒေသ အသီးသီးက ဒေသဆိုင်ရာ ကွန်ယက်လေးတွေနဲ့လည်း ဆက်သွယ်ထား ရဦးမယ်။ ဒါဟာလွယ်တဲ့ ကိစ္စတော့ မဟုတ်ပါဘူး။ “အောက်ဆီဂျင်” စနစ်အတွက် ကွန်ယက်ဖန်တီးရေး ဆိုင်ရာ သဘောတူညီချက်တွေကို အသစ်ပြန်လည် ချဉ်းကပ်ချုပ်ဆိုဖို့ လိုပါတယ်။ မိမိဘာသာ အလို အလျောက် စည်းရုံးဖွဲ့စည်းမှုနဲ့ ထိန်းညှိမှု အခြေခံတွေ အပေါ်မှာ ချုပ်ဆိုကြရပါမယ်။ ဒါအပြင် လက်ရှိ အင်တာနက်ကိုလည်း အတိုင်းအတာအရ အများကြီး တိုးချဲ့တဲ့ သဘောတူညီချက်လည်း ဖြစ်ရပါမယ်။

“အောက်ဆီဂျင်” စနစ်ဟာ ခံစားသိရှိတတ်တဲ့ စွမ်းရည်၊ အထူးသဖြင့် လူစကားကို နားလည်သိရှိနိုင်တဲ့ စွမ်းရည်လည်း ရှိရမယ်။ လူတွေဟာ သဘာဝအလျောက်ပဲ ဆက်သွယ်ပြောဆိုချင်တယ်ဆိုတဲ့ မွေးရာပါ လိုအပ် ချက်ကိုလည်း ဒီစနစ်က ဖြည့်စွမ်းပေးရပါမယ်။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ဟာ ကွန်ပျူတာ ခလုတ်တွေ၊ “ကြွက်” လို့ခေါ်တဲ့ ကိရိယာတွေ ကိုင်ပြီးမွေးလာကြတာ မဟုတ်ပါဘူး။ ပါးစပ်တွေ၊ နားတွေ၊ မျက်စိတွေနဲ့ပဲ မွေးဖွားလာကြတာပါ။ “အောက်ဆီဂျင်” စနစ်ထဲမှာ လူစကားနားလည်တဲ့ စွမ်းဆောင်ရည်ကို ထည့်သွင်း ထားမှာဖြစ်ပြီး၊ ဒီစနစ်ရဲ့ အစိတ်အပိုင်းအားလုံး၊ အသုံးချမှုအားလုံးကို လူစကားနဲ့ပဲ အမိန့်ပေး လုပ်ဆောင်မှာ ဖြစ်တယ်။ ဗစ်တာဇူးနဲ့ သူ့အဖွဲ့က တီထွင် တည်ဆောက်ထားတဲ့ စနစ်ဟာဆိုရင် ရာသီဥတု အခြေ အနေ သို့မဟုတ် လေယာဉ်ခရီးစဉ် အခြေအနေစတဲ့ အခြေအနေတချို့ မေးမြန်းတာမျိုးလို နယ်ပယ်ကျဉ်း မြောင်းတဲ့ စကားများကို နားလည်တုံ့ပြန်နိုင်ပါတယ်။ အခုအခါမှာ ကျွန်တော်တို့ဟာ အဲဒီကျဉ်းမြောင်းတဲ့ နယ်ပယ်ကလေးများကို ဆက်စပ်ပေးနေပါတယ်။ လိုအပ် ရင် လိုအပ်သလို ရုပ်ပုံနဲ့ အခြေပြပုံတို့ကိုလည်း ဆက်စပ် ပေးနေပါတယ်။ ဒီလိုနဲ့ လူနဲ့စက်အကြား ဆက်သွယ်မှု အပိုင်းမှာ သစ်လည်းသစ်လွင်၊ ပိုမိုလည်းကျယ်ပြန့်တဲ့ နယ်ပယ်တခုကို ဖန်တီးဖို့ ဖြစ်ပါတယ်။

“အောက်ဆီဂျင်” စနစ်ရဲ့ ပဉ္စမ နည်းပညာ ကတော့ လူတွေအတွက် မိမိတို့ အသုံးပြုလိုတဲ့ သတင်း အချက်အလက်များကို ရှာဖွေရယူနိုင်ဖို့ လုပ်ဆောင်ပေး ပါတယ်။ ကျွန်တော်တို့ စိတ်ကူးကြံဆနေတဲ့ “အောက် ဆီဂျင်” စနစ်ရဲ့ စွမ်းဆောင်ရည်အရဆိုရင် ခင်ဗျားဟာ အချက်အလက် အများကြီးကို ရှာဖွေမှု မလုပ်ခင် ပထမဦးဆုံး ကိုယ်သိမ်းဆည်းထားတဲ့ အချက်အလက် တွေကို ကိုယ်အကျွမ်းဝင်ပြီးသား နည်းတွေနဲ့ပဲ စစ်ဆေးနိုင် ပါတယ်။ ဥပမာ ခင်ဗျားက “လွန်ခဲ့တဲ့တလက ဝင်လာတဲ့ ဖိုင်တွဲအနီကြီးကို ပေးစမ်း” လို့ ပြောလိုက်ရုံပါပဲ။ ရည်ညွှန်း အချက်အလက်ပါတဲ့ ဖိုင်နံပါတ်တွေနဲ့ တခြားသဲလွန်စ အချက်အလက်တွေကို အသေးစိတ် ပြောနေဖို့မလိုဘူး။ ခင်ဗျားဟာ ကိုယ်မသိတဲ့ ပြဿနာတခုကို ခင်ဗျားရဲ့ သူငယ်ချင်းတယောက် သို့မဟုတ် လုပ်ဖော်ကိုင်ဖက် တယောက်ကို မေးနိုင်တဲ့ သဘောမျိုးလိုပဲ “အောက်ဆီ ဂျင်” စနစ်ဟာလည်း မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်တွေ သိမ်းဆည်းထားတဲ့ အချက်အလက်တွေကို (သူတို့က ခင်ဗျားကို ပြသဖို့ သဘောတူတယ်ဆိုရင် ) စစ်ဆေးပေး ပါလိမ့်မယ်။ အဆုံးစွန်ပြောရရင် “အောက်ဆီဂျင်” စနစ်က အင်တာနက်ပေါ်ရှိ ကျယ်ပြောများမြောင်လှတဲ့ အချက်အလက်တွေထဲမှာ ရှာဖွေပေးပြီး သူရှာလို့ရတဲ့ အချက်အလက်ရယ်၊ ခင်ဗျားမှာရှိတဲ့ အချက်အလက်ရယ်၊ ခင်ဗျားလုပ်ဖော်ကိုင်ဖက်တွေရဲ့ အချက်အလက်ရယ်ကို ဆက်စပ်ပေးကာ သုံးပွင့်ဆိုင် ဆက်စပ်မှုတခုကို ဖန်တီးပေး ပါလိမ့်မယ်။

“အောက်ဆီဂျင်” စနစ်က လူတွေရဲ့ လုပ်ရိုး လုပ်စဉ် အလုပ်တွေနဲ့ ထပ်ပြန်တလဲလဲ အလုပ်တွေကို အီလက်ထရွန်းနစ် “မြေတူးစက်” တွေပေါ် လွှဲအပ်စေခိုင်း နိုင်စေလိမ့်မယ်။ အလုပ်အမျိုးမျိုးကို အလိုအလျောက် လုပ်စေဖို့အတွက် စက်ကိုစေခိုင်းတဲ့ အမိန့်များကို ရေးသား ရာမှာလည်းပဲ “အောက်ဆီဂျင်” စနစ်က လူကို အကူ အညီ ပေးပါလိမ့်မယ်။ “ဝန်းကျင် ၂၁” နဲ့ ဆက်ထားတဲ့ စက်ကိရိယာ အများအပြားရဲ့ လည်ပတ်လုပ်ကိုင်မှုကို လည်း စောင့်ကြပ်စစ်ဆေး ထိန်းချုပ်ပေးပါလိမ့်မယ်။ ပါးစပ်က “အခန်းအပူချိန်ကို မြှင့်ပေးစမ်း” ၊ “ဒါကို ဒီနေရာမှာ ပုံနှိပ်ပေးစမ်း”၊ “နေ့စဉ်မွန်းတည့်ချိန်တိုင်းမှာ ငါရင်းနှီးမြှုပ်နှံထားတဲ့ တန်ဖိုးစုစုပေါင်းရယ်၊ အေသင်မြို့ရဲ့ ရာသီဥတုအကြောင်းရယ်ကို အစီရင်ခံစမ်း” စတဲ့ အမိန့်ပေးစကားတွေ ပြောဆိုလိုက်တဲ့အခါ “အောက်ဆီ ဂျင်” စနစ်က အကျိုးအကြောင်းရှာ ထိန်းချုပ်တဲ့အလုပ် တွေ အကြိမ်များစွာ ထပ်ပြန်တလဲလဲလုပ်ပြီး ထိုအမိန့်ပေး

စကားများကို လိုအပ်သလို ဖြေရှင်းပေးလိမ့်မယ်။ ဒီလိုနဲ့ အလိုအလျောက် လုပ်ကိုင်ပေးနေတဲ့စက်ကို လူက ညင်သာစွာ ညွှန်ကြားပေးနိုင်ပါလိမ့်မယ်။

"အောက်ဆီဂျင်" စနစ်ရဲ့ ပူးပေါင်းလုပ်ဆောင်ရေးဆိုင်ရာ နည်းပညာအပိုင်းက လူတွေကို အလုပ်လုပ်ကိုင် နေစဉ်မှာပဲ ဘာတွေလုပ်ခဲ့တယ် ဆိုတာကို မှတ်တမ်းတင်ပေးထားပါလိမ့်မယ်။ ဥပမာအားဖြင့် ရုံးအတွင်းရေးမှူးတယောက်က လုပ်ထားတဲ့ အစည်းအဝေးတခုရဲ့ အကျဉ်းချုပ် မှတ်တမ်းတခုကို၊ အချက်အလက်များကို တခုနဲ့တခု များမြောင်ရှုပ်ထွေးစွာ ဆက်စပ်ပေးထားတဲ့ ပုံစံနဲ့ မှတ်သားသိမ်းဆည်းနိုင်တယ်။ ဒီလိုလုပ်ရာမှာ လူ့စကားနဲ့ ပတ်သက်တဲ့ ထပ်ဆင့်ရှင်းလင်းချက်များ စက်ထဲထည့်ပေးရပါတယ်။ ဥပမာ ခင်ဗျားက ပြီးခဲ့တဲ့ အစည်းအဝေးမှာ အဆောက်အဦးသစ်တခုရဲ့ မှန်အမိုးနဲ့ ပတ်သက်လို့ ဘာတွေဆုံးဖြတ်ခဲ့သလဲလို့ မေးလိုက်တယ် ဆိုပါစို့။ ရုံးအတွင်းရေးမှူး အကျဉ်းချုပ်လုပ်ထားတဲ့ အချုပ်စကား "ငါတို့ ဒါကိုပယ်ဖျက်လိုက်တယ်" ဆိုတဲ့အဖြေကို စက်က ပေးပါလိမ့်မယ်။ အသေးစိတ် သိချင်သေးတယ်ဆိုရင်တော့ အဲဒီဆုံးဖြတ်ချက်ကို ဖြစ်ပေါ်လာစေတဲ့ – ဆွေးနွေးပြောဆိုချက် စကားသံတွေ၊ လှုပ်ရှားရုပ်ပုံတွေကို စက်ကဖော်ပြပါလိမ့်ဦးမယ်။

"အောက်ဆီဂျင်" စနစ်ရဲ့ နောက်ဆုံး နည်းပညာကတော့ သတင်းအချက်အလက်များကို သုံးစွဲသူအသီးသီး တဦးချင်းအကြိုက်နဲ့ ကွက်တိကိုက်ညီအောင် စီမံထုတ်လုပ်ပေးခြင်း ပါပဲ။ အဲဒီစနစ်မှာ တခါတည်းအထုပ်နဲ့ ထုပ်ပိုးပြီးသားပုံစံလို ထုတ်လုပ်တဲ့ အပျော့ထည် တခုမှ မရှိပါဘူး။ အပျော့ထည်အားလုံးဟာ သုံးစွဲသူအသီးသီးရဲ့ တောင်းဆိုချက်၊ စက်ခလုတ် ကိုင်တွယ်ရာမှာ မှားယွင်းမှုစတဲ့ စက်ထဲထည့်သွင်းတဲ့ အချက်အလက်တွေပေါ် မူတည်ပြီး၊ "ကွန်ယက် ၂၁" ကနေပြီး "လက်ကိုင် –၂၁" နဲ့ "ဝန်းကျင်၂၁" တို့ ဆီသို့ သတင်းအချက်အလက်တွေကို ပေးပို့သွားမှာ ဖြစ်တယ်။ အဲဒီ သုံးစွဲသူအသီးသီးရဲ့ သတ်မှတ်တောင်းဆိုချက်နဲ့အညီ ထုတ်လုပ်တဲ့ နည်းပညာနဲ့အတူ "အောက်ဆီဂျင်" စနစ်ရဲ့ တခြားသော နည်းပညာ စွမ်းဆောင်ရည်တို့ကို အသုံးချတဲ့ ဖြစ်စဉ်အတွင်းမှာ လူတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင်လိုအပ်ချက်ကလေးတွေ၊ အကျင့်စရိုက်ကလေးတွေနဲ့ ကိုက်ညီအောင် မိမိတို့ဝန်းကျင်ရှိ စက်ကိရိယာများကို ထိန်းညှိပြုပြင်ပေးသွားနိုင်ပါလိမ့်မယ်။

**အဆိုပြုချက်တခုနဲ့ ဆန္ဒတခု**

အဲဒီတော့ "အောက်ဆီဂျင်" စနစ်ဆိုတာ နည်းပညာသစ်ရှစ်မျိုး စုပေါင်းထားချက်တခု ဖြစ်ပါတယ်။ အဲဒါတွေကတော့ (၁) လက်ကိုင်ကွန်ပျူတာ၊ (၂) နံရံတို့၊ ကားနောက်မြီးခန်းတို့မှာ တပ်ဆင်ထားတဲ့ ကွန်ပျူတာ၊ (၃) လုံးဝသစ်လွင်တဲ့ ကွန်ယက်တခု၊ (၄) လူ့စကားကို စက်ကနားလည်တဲ့ စွမ်းဆောင်ရည်၊ (၅) သတင်းအချက်အလက်များများ ရှာဖွေရရှိနိုင်မှု၊ (၆) အလိုအလျောက် လုပ်ကိုင်ပေးနိုင်မှု၊ (၇) ပူးပေါင်းလုပ်ဆောင်နိုင်မှု၊ (၈) သုံးစွဲသူရဲ့ သတ်မှတ်ချက်အရ ထုတ်လုပ်နိုင်မှုတို့ပဲ ဖြစ်ပါတယ်။ "အောက်ဆီဂျင်" စနစ်ရဲ့အင်အားဟာ ဘယ်နည်းပညာတခုချင်းကလေးအပေါ်မှာမှ မူမတည်ပါဘူး။ လူသားကို မဏ္ဍိုင်ထားတဲ့ အထက်ပါ နည်းပညာများ စုပေါင်းဖွဲ့စည်းမှုပေါ်မှာပဲ မူတည်ပါတယ်။ ဒီနေ့ ကွန်ပျူတာတွေမှာ ရှိနေတဲ့ "စားပွဲမျက်နှာပြင်" နဲ့ စွမ်းရည်ပြ သင်္ကေတရုပ်ပုံများစနစ်ဟာ ဟိုတုန်းက စာလုံးပုံပဲ ဖော်ပြနိုင်တဲ့ စနစ်ထက် အများကြီး သစ်လွင်တိုးတက်သွားတဲ့ နည်းတူပါပဲ။ "အောက်ဆီဂျင်" စနစ်ရဲ့ နည်းပညာအသီးသီးဟာလည်း ဒီနေ့ကွန်ပျူတာစနစ်တွေထက် တဆင့်တက်တဲ့၊ အရေးပါတဲ့ တိုးတက်မှုကို ဖန်တီးပြီး တွက်ချက်မှု နည်းသဏ္ဍာန်သစ်တရပ်ကို မွေးဖွားပေးလိုက်တဲ့ အမှတ်အသားပဲ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော် အခုတဆင့်တိုး အဆိုပြုချက်တရပ်ကို တင်ပြပါမယ်။ လူ့စကားကို စက်ကနားလည်မှု (နဲ့ တခြားအာရုံခံနိုင်၊ သိနိုင်စွမ်းရှိမှု) ရယ်၊ ကိုယ်လိုချင်တဲ့ သတင်းအချက်အလက်ကို ရှာဖွေရရှိနိုင်မှုရယ်၊ စက်က အလိုအလျောက် လုပ်ကိုင်ပေးနိုင်မှုရယ်၊ ပူးပေါင်းလုပ်ဆောင်နိုင်မှုရယ်နဲ့ သုံးစွဲသူအကြိုက်နဲ့ ကွက်တိကိုက်အောင် ထုတ်လုပ်နိုင်မှုရယ်ဆိုတဲ့ နည်းပညာငါးရပ်ဟာ အခုမှ မွေးဖွားကာစအဆင့်သာ ရှိသေးတယ်လို့ ကျွန်တော်ယူဆပါတယ်။ သတင်းအချက်အလက် ကမ္ဘာသစ်ထဲမှာ လုပ်ဆောင်နိုင်မယ်လို့ ကျွန်တော်မှန်းဆလို့ ရသမျှသော စွမ်းဆောင်ရည်ဟာ ထောင်ပေါင်းများစွာ ရှိပါတယ်။ ဒီအထဲက အဆိုပါ ငါးခုဟာဆိုရင် လူတွေကို နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်စေနိုင်တဲ့ လုပ်ဆောင်မှုအသစ်တွေ တည်ဆောက်ရာမှာ အခြေခံရမယ့် အုတ်မြစ်တွေပဲ ဖြစ်ပါတယ်။ အနည်းဆုံးအားဖြင့် လာမယ့်ဆယ်စုနှစ်တချို့အတွင်းမှာ အဲဒီနည်းပညာငါးခုဟာ ကျွန်တော်တို့ ရှာဖွေနေတဲ့ "စတီယာရင်ဘီး"၊ "ဆီထိန်းလီဗာ" နဲ့ "ဘရိတ်" များ ဖြစ်ပါတယ်။ တကယ့်စစ်မှန်တဲ့ သတင်းအချက်အလက် ဈေးခင်းတရပ်ကို မွေးဖွားပေးမယ့် အင်အားများလည်း ဖြစ်ပါတယ်။

အဲဒီအဆိုပြုချက်ဟာ ကျိုးကြောင်းဆီလျော်တယ်ဆိုရင် ဘာလုပ်သင့်ပါသလဲ။ သတင်းအချက်အလက် ကမ္ဘာသစ်ကို အသုံးချချင်တဲ့ လူတွေအနေနဲ့ "အောက်ဆီဂျင်" နည်းပညာသစ်များရဲ့ စွမ်းဆောင်ရည်တွေကို

စူးစမ်းရှာဖွေ ဖော်ထုတ်သင့်တာပေါ့။ လူတိုင်း အဖွဲ့အစည်းတိုင်း ဒီနည်းပညာတွေကို ထိထိရောက်ရောက်အသုံးပြုနိုင်ကြမှာပါ။ ကိုယ့်ရဲ့လုပ်ငန်းက ဝန်ထမ်းတွေနဲ့ "အောက်ဆီဂျင်" နည်းပညာတွေကို အတူတကွ ပေါင်းစပ်ပေးပြီး၊ ချောမွတ်စွာ လုပ်ရှားလည်ပတ်တဲ့၊ သွက်သွက်လက်လက်ရှိတဲ့ ယန္တရားစနစ်တခု ဖြစ်လာအောင် လုပ်နိုင်ရင်တော့ နည်းနည်းလုပ်ရုံနဲ့ များများပြီးမြောက်ခြင်းဆိုတဲ့ ရလဒ်ကို တကယ်တန်း ရရှိနိုင်ပါလိမ့်မယ်။ ကောင်းမွန်တဲ့ "အောက်ဆီဂျင်" စနစ် အသုံးချလုပ်ငန်း အစီအစဉ်ဆိုတာ အထက်မှာ ဖော်ပြခဲ့တဲ့ အခြေခံ နည်းပညာ ငါးရပ်ကို အကျိုးရှိရှိ အသုံးချနိုင်ရပါမယ်။ ဒီအစီအစဉ်မျိုး ရှိထားပြီဆိုရင် လူတွေအနေနဲ့ မိမိတို့ရဲ့ အစွမ်းအစတွေကို အပြည့်အဝ ဖော်ထုတ်ဖို့ ပိုလွယ်ကူလာပါလိမ့်မယ်။

"အောက်ဆီဂျင်" စနစ်နဲ့ တခြားအလားတူ စနစ်များမှာ ကိန်းအောင်းနေတဲ့ အဲဒီစိတ်ကူးဟာ စက်က လူကို လွှမ်းမိုးခံထားရတဲ့ အနှစ် ၄၀ ကြာ သမိုင်းကို စွန့်ခွာပြီး လူကိုထိပ်တန်းတင် တွက်ချက်ထိန်းချုပ်တဲ့ ခေတ်သစ်ကို ချီတက်ရေးအတွက် ကျွန်တော်တို့ကို အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ဟာ နည်းပညာများကို စုပြုံအသုံးချပြီး လူသားလိုအပ်ချက်တွေကို ဖြည့်စွမ်းရေးမှာ တိုးမြှင့်အာရုံစိုက် လာတာနဲ့အမျှ အနာဂတ်အတွက် တဆင့်တိုး ဆန္ဒပြုနိုင်လာပါလိမ့်မယ်။ လူသားသမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ လူမှုစီးပွားတော်လှန်ရေး (၃) ကြိမ်စလုံးဟာ ပစ္စည်းတွေအပေါ် အခြေခံခဲ့တာချည်းပါပဲ။ လယ်ယာလုပ်ငန်း တော်လှန်ရေးက ထယ်သွားတီထွင်မှုပေါ် အခြေခံခဲ့တယ်။ စက်မှုလုပ်ငန်း တော်လှန်ရေးက အင်ဂျင်စက်ပေါ်လာလို့ ဖြစ်တယ်။ သတင်းအချက်အလက် လုပ်ငန်းတော်လှန်ရေးက ကွန်ပျူတာတွေ ပေါ်လာလို့ ဖြစ်လာတယ်။ အခုအခါမှာတော့ ကမ္ဘာကြီးအနေနဲ့ စတုတ္ထအကြိမ် တော်လှန်ရေးတရပ်လုပ်ဖို့ စဉ်းစားချိန် ရောက်လာပြီလို့ ပြောနိုင်မလား မသိပါဘူး။ ဒီတခါ တော်လှန်ရေးဆိုရင် ရုပ်ဝတ္ထုပစ္စည်းတွေအပေါ် ဦးတည်ထားတော့မှာ မဟုတ်တော့ဘူး။ ဒီတခါ ဦးတည်ရမှာက ကမ္ဘာမြေကြီးအပေါ်မှာ တန်ဖိုးအကြီးမားဆုံး ရေသောက်မြစ်ဖြစ်တဲ့ လူအကြောင်း နားလည်ရေးကို ဦးတည်ရမှာ ဖြစ်ပါတယ်။

မိုက်ကယ် အယ်လ် -ဒါတိုဇော့စ်

Michael L. Dertouzos.

(ဆောင်းပါးရှင်ဟာ M.I.T. တက္ကသိုလ် ကွန်ပျူတာသိပ္ပံစမ်းသပ်ဌာနရဲ့ ညွှန်ကြားရေးမှူး ဖြစ်တယ်)

"Scientific American " August. 1997. ဂျာနယ်မှ "The Future of Computing" ဆောင်းပါးကို ပြန်ဆိုပါသည်။

# မွှားကောင်အရွယ် သူလျှိုကင်မရာများ

မွှားကောင်အရွယ်ထက် သိပ်ကြီးမှာ မဟုတ်တဲ့ ကင်မရာများ တပ်ဆင်ထားမယ့်၊ သေးမွှားတဲ့ လေယာဉ်ကလေးများကို အမေရိကန် သိပ္ပံပညာရှင်များက စမ်းသပ်တီထွင် ထုတ်လုပ်နေပါတယ်။ အနာဂတ် စစ်ပွဲများအတွင်း ရန်သူ့စခန်းများအပေါ် ထောက်လှမ်းရာမှာ သုံးဖို့ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ အနှံ့အပြားရှိ စမ်းသပ်ဌာနများမှ "သေးမွှားလေယာဉ်" (micro air vehicles - MAVs) များကို အများအပြား စမ်းသပ်ထုတ်လုပ်နေတယ်။ဒီလေယာဉ်ပုံစံ အားလုံးဟာ လက်ဝါးအရွယ်မျှသာ ရှိတယ်။ အများစုကတော့ ၆ လက်မသာ ရှည်ကြပါတယ်။

အရွယ်အစား သေးငယ်တာမို့ ပျံသန်းနိုင်တဲ့ အကွာအဝေးကလည်း တိုတော့တိုတာပေါ့။ ဒါပေမဲ့ ဒီလေယာဉ်ကလေးတွေကို အဝေးကြီး ရောက်သွားအောင် သယ်ဆောင်သွားပေးမယ့် ဒုံးပျံကလေးများကိုလည်း သုတေသနပြု ပုံစံဖော်နေဆဲ ဖြစ်ပါတယ်။

ရှိပြီးသား အမေရိကန် U.2 သူလျှိုလေယာဉ် ဆိုတာကတော့ အတောင်ပံက ၁၀၃ ပေရှည်ပြီး လူက မောင်းနှင်ရပါတယ်။ အမြင့်ပေ ၇၀,၀၀၀ ကျော်က ဓာတ်ပုံရိုက် ယူနိုင်ပါတယ်။ အဲဒီလေယာဉ်နဲ့ နှိုင်းစာရင် အခုသေးမွှား လေယာဉ်ကလေးတွေက အင်မတန်မှ သေးငယ်လှတဲ့ ညီငယ်ကလေးများသာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ နောက်ဆုံးထုတ် "ဂျိန်း၏ နိုင်ငံတကာ ကာကွယ်ရေးသုံးသပ်ချက်" စာစောင်အလိုအရဆိုရင် ရန်သူ့တပ်များကို ပေ ၃၀၀ သာမြင့်တဲ့ ကောင်းကင်ပေါ်က ပျံသန်း ဓာတ်ပုံရိုက် ယူနိုင်တဲ့ သေးမွှားတဲ့ ထောက်လှမ်းရေး လေယာဉ်ကလေးများ ကိစ္စကို အမေရိကန်မှာ အတော်အလေးထား နေပါတယ်။

အမေရိကန်ရေတပ် သုတေသန စမ်းသပ်ဌာနက စမ်းသပ်ထုတ်လုပ်တဲ့ သေးမွှားလေယာဉ် တခုဟာ ဆိုရင် အတောင်ပံရဲ့ အစွန်အဖျားတွေမှာ ခေါက်ပန်ကာကို လည်ပတ်စေမယ့် လျှပ်စစ်မော်တာလေးများ တပ်ဆင်ထားတယ်။ အမေရိကန်ရေတပ် အဓိက စိတ်ဝင်စားနေတာကတော့ ရန်သူ့ရေဒါလှိုင်းကို နှောင့်ယှက်နိုင်စွမ်းရှိတဲ့ သေးမွှားလေယာဉ်ကလေးတစင်း ဖြစ်တယ်။ ရေတပ်ရဲ့ လက်အောက်ခံဌာနဖြစ်တဲ့ ဗျူဟာမြောက် အီလက်ထရွန်နစ်စစ်ပွဲ သုတေသနဌာနကဆိုရင် မိနစ် ၃၀ ကြာမျှ ပျံသန်းနိုင်စွမ်းရှိတဲ့ အဆိုပါလေယာဉ်မျိုးကို ပုံစံထုတ်နေတယ်။ ဒီလေယာဉ်အတွက် ကြံဆကြတဲ့ အထဲမှာ နောက်တချက်ကတော့ အလွန်ဆုံး ၆ ဂရမ်မျှသာ လေးမယ့် ခဲတံပုံစံ အင်ဂျင်စက်တခုကို ရရှိဖို့ ဖြစ်တယ်။ ဒီစက်နဲ့ ပျံသန်းရင်း တစက္ကန့်မှာ ပေ ၃၀ အမြန်နှုန်းနဲ့ ပျံသန်းနိုင်မှာ ဖြစ်ပါတယ်။

အမေရိကန်မှာ လက်ဝါးအရွယ် သူလျှိုကင်မရာလေးများနဲ့ ပတ်သက်ပြီး လေ့လာတာဟာ ၁၉၉၀ ပြည့်လွန်နှစ်များရဲ့ စောစောပိုင်းကာလ နှစ်တွေက စခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်ကတော့ အမေရိကန် အဆင့်မြင့် သုတေသန စီမံကိန်းဌာနဟာ ကုန်ကျငွေ ဒေါ်လာ ၃၅ သန်းရှိပြီး ၄ နှစ်ကြာမယ့် သေးမွှားလေယာဉ် သုတေသန စီမံကိန်းတရပ်ကို စတင်ချမှတ် လုပ်ဆောင်ခဲ့တယ်။ လေယာဉ်ရဲ့ အရွယ်အစားကိုတော့ အများဆုံး ၆ လက်မပဲ ရှိရမယ်လို့ သတ်မှတ်ပေးထားတယ်။ ဒါကလည်း ဒီနည်းပညာကို အတတ်နိုင်ဆုံး ဖွံ့ဖြိုးစေဖို့ တမင်ရည်ရွယ် သတ်မှတ်တာပါ။

အထက်ပါစာစောင်ထဲမှာ "သေးမွှားလေယာဉ်ကလေးများဟာ ကိုယ်ထည်သေးငယ်၊ အလေးချိန်ပေါ့ပါးတဲ့အတွက်ကိုပဲ သာလွန်ချက်များစွာ ရှိလာဖို့ အလားအလာရှိတယ်။ ထုတ်လုပ်စရိတ်နည်းတယ်။ ဆူညံသံနည်းပြီး ရေဒါနဲ့ဖမ်းရလည်းခက်၊ မျက်စိနဲ့

တွေ့မြင်ဖို့လည်း ခက်တာကြောင့် လျှို့ဝှက်စစ်ဆင်ရေးတွေ လုပ်နိုင်တယ်။ အဲဒီသာလွန်ချက်တွေအပြင် သမရိုးကျ မဟုတ်တဲ့ အထူးတာဝန်တွေကိုလည်း ထမ်းဆောင်နိုင်စွမ်း ရှိတယ်'' လို့ ရေးသားထားပါတယ်။

အဲဒီတာဝန်တွေထဲမှာ ဇီဝ သို့မဟုတ် ဓာတု ပစ္စည်းများကို ထောက်လှမ်းသိရှိရေးလည်း ပါပါတယ်။ အဲဒီလေယာဉ်ကလေးများကို ရန်သူ့ရေဒါလှိုင်း နှောင့်ယှက်ဖို့ သုံးတဲ့အခါမှာ ''ပစ်မှတ်နားသို့ အဲဒီလို နှောင့်ယှက်နိုင်လောက်အောင် နီးကပ်တဲ့အထိ ပျံသန်း'' နိုင်တယ်။ စဉ်းစားကြံဆတဲ့အထဲမှာ နောက်တာဝန် တခုကတော့ လေထီးနဲ့ အရေးပေါ် ဆင်းသက်လိုက်ရတဲ့ လေယာဉ်မှူးကို ထောက်လှမ်းရေး သတင်းများ ပေးပို့ဖို့၊ ဒါမှမဟုတ် ရှာဖွေ ကယ်ဆယ်ရေး တပ်ဖွဲ့ဆီသို့ သတင်းပေးပို့ဖို့ ဖြစ်ပါတယ်။

အခုစမ်းသပ်တီထွင် ထုတ်လုပ်လိုက်တဲ့ လေယာဉ်ကလေးတွေဟာ တစင်းလျှင် ပျမ်းမျှ ဒေါ်လာ ၅၀,၀၀၀ အထိ ကုန်ကျပါတယ်။ ဒါပေမဲ့ ဒေါ်လာ ၅ ,၀၀၀ မျှနဲ့ ထုတ်လုပ်နိုင်လိမ့်မယ်။ နောက်ဆုံးမှာ ဒေါ်လာ ၁,၀၀၀ မျှနဲ့ ထုတ်လုပ်နိုင်လာလိမ့်မယ်လို့ အဆင့်မြင့် သုတေသန စီမံကိန်းဌာနက မျှော်လင့်ထားတယ်။

လေယာဉ်ကလေးတွေမှာ တပ်ဆင်ပေးလိုက်ဖို့ သုတေသီတွေ စမ်းသပ်တီထွင် ထုတ်လုပ်နေတဲ့ ကင်မရာ တမျိုးကတော့ အလေးချိန် ၁ ဂရမ်တောင်မရှိပါဘူး။ အလင်းဝင်ပေါက်က ၂ .၆ မီလီမီတာကျယ်ပါတယ်။ အမြင့်ပေ ၃၀၀ ကနေပြီး ဓာတ်ပုံတွေကို ရှင်းလင်းပြတ်သားစွာ ရိုက်ယူနိုင်ပါလိမ့်မယ်။

သေးမွှားလေယာဉ်ကလေးတွေကို ပစ်လွှတ်မယ့် နည်းနာအမျိုးမျိုးကိုလည်း လေ့လာနေကြတယ်။ ဒုံးပျံသေးသေးလေးတွေသုံးဖို့ စဉ်းစားတဲ့အပြင် တခြားနည်းတွေလည်း စဉ်းစားကြတယ်။ ဒီနည်းတွေထဲမှာ ဝေဟင်ထဲက ပစ်လွှတ်တဲ့ ဦးတည်ချက် ထိန်းချုပ်ထားတဲ့၊ ဒုံးကျည်လေးတွေနဲ့ ပူးတွဲပေးဖို့ သို့မဟုတ် ကိုဆိုဗိုနဲ့ ဘော့စနီးယားတို့အား တိုက်ခိုက်စဉ်က သုံးခဲ့တဲ့ '' အမေရိကန် မုဆိုးကောင်'' လေယာဉ်လိုမျိုး လူမပါတဲ့ လေယာဉ်ကတဆင့် ပစ်လွှတ်ပေးဖို့လည်း ပါပါတယ်။

မိုက်ကယ် အီဗန်စ်

Michael Evans

The Times ( November 8, 1999 ) မှ
'' Insect - Size Camera Will Be Spy in Sky ''
ကို ပြန်ဆိုပါသည်။

# အမေရိကန်နယ်ချဲ့စနစ်ရဲ့ တကမ္ဘာလုံးဆိုင်ရာ စစ်ရေးမဟာဗျူဟာ၏

၁။ ***အမေရိကန် နယ်ချဲ့စနစ်သည် ယနေ့အခါတွင် အမှန်တကယ် တကမ္ဘာလုံး အတိုင်းအတာအရ စီးပွားရေး အင်အားတရပ်အဖြစ် ရပ်တည်နေနိုင်သော တခုတည်းသော နယ်ချဲ့နိုင်ငံဖြစ်သည်။ သို့ဖြစ်၍ အမေရိကန် နယ်ချဲ့ စနစ်သည် “ ကမ္ဘာလုံးဆိုင်ရာ စစ်ရေး မဟာဗျူဟာ” တရပ်ကို လိုအပ်ပေသည်။***

ယနေ့ အမေရိကန် နယ်ချဲ့စနစ်ဟာ နယ်ချဲ့ မဟာအင်အားကြီးအဖြစ် ရပ်တည်လျက် ရှိပါတယ်။ နိုင်ငံတကာအရင်းရဲ့ “လုံးဝလိုအပ်ချက်” ဖြစ်ပါတယ်။ ဒါ့အပြင် အမေရိကန် နယ်ချဲ့စနစ်ဟာ ဘယ်နိုင်ငံရဲ့ ခွင့်ပြုချက်မှ မလိုဘဲ တဦးတည်းသဘောနဲ့ တခြားနိုင်ငံတွေကို ဗုံးကြဲတာနဲ့ /သို့မဟုတ် ဝင်ရောက်ကျူးကျော်တာတို့ကို ပြုလုပ်နိုင်တဲ့ တခုတည်းသော နယ်ချဲ့အင်အားကြီးလည်း ဖြစ်ပါတယ်။ ဒီ *“ကမ္ဘာလုံးဆိုင်ရာ”* အမေရိကန် စစ်ရေး မဟာဗျူဟာဟာ အမေရိကန်နယ်ချဲ့စနစ်ရဲ့ ကမ္ဘာ့ပုလိပ်ကြီး အခန်းကဏ္ဍနဲ့ လိုက်လျောကိုက်ညီစွာ ရှိနေပါတယ်။

ကမ္ဘာ့သတင်းကြားခံ ကိရိယာတွေနဲ့ အခြားဝါဒဖြန့်ချိရေး –ယဉ်ကျေးမှု ကြားခံကိရိယာတွေကို လုံးဝနီးပါး လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားနိုင်မှုဟာ ဘယ်စစ်ရေးပစ်မှတ်ကိုမဆို တိုက်ခိုက်ဖို့ “မှန်ကန်မျှတ” တယ်ဆိုပြီး ဖြစ်လာအောင် အမေရိကန်က လုပ်နိုင်စွမ်းရှိတာရဲ့ သော့ချက်ပဲ ဖြစ်ပါတယ်။ ဒါကို အချိန်တိုလေးဂရုပြုမိရုံနဲ့တင် ဖြစ်လာအောင် လုပ်နိုင်တာပါ။ နယ်ချဲ့ဆန့်ကျင်ပြီး ဆိုရှယ်လစ်စနစ်လိုလားတဲ့ ခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ကျူးဘားမှ ဖီဒယ် သို့မဟုတ် လစ်ဗျားမှ ကဒါဖီတို့တင်မက တချိန်က နယ်ချဲ့ရဲ့ မဟာမိတ်တွေ၊ နောက်လိုက်ခွေးတွေနဲ့ လက်ထောက်တွေ ဖြစ်ခဲ့ကြတဲ့ ပနားမားမှ မန်နျူရယ်လ် နိုရီယေးဂါး၊ အီရတ်မှ ဆက်ဒမ်ဟူစိန်နဲ့ ဆားဗီးယားမှ ဆလိုဘိုဒန်မီလိုဆီဗစ်ချ်တို့လို လူတွေကိုပါ “မကောင်းဆိုးဝါး” တွေ ဖြစ်လာအောင် အမေရိကန် သတင်းကြားခံ ကိရိယာတွေက လုပ်ဆောင်နိုင်စွမ်းရှိတာကို တွေ့မြင်နိုင်ပါတယ်။

(၉၃ ဆောင်းဦးပေါက်ထုတ် ) *နိုင်ငံခြားရေး ပေါ်လစီထဲက* “ရန်သူမရှိတဲ့ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးမှု” ဆိုတဲ့ဆောင်းပါးထဲမှာ ရဲန်း (Rand) မှ ဘင်ဂျမင်ရှဝပ်ဇ်နဲ့ ကာတိုအင်စတီကျု (Cato) မှ ခရစ္စတိုဖာလိန်းတို့က အခုလိုစောဒက တက်ထားပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးကတည်းက “တက်ကြွတဲ့ နိုင်ငံတကာ့ဝါဒီလုပ်ငန်း အစီအစဉ်” ကို အမေရိကန် နယ်ချဲ့စနစ်က ဖော်ဆောင်ဖို့ တာဝန်ခံခဲ့တယ်။ ပထဝီနိုင်ငံရေးနဲ့ သဘောတရားရေးရာပြိုင်ဘက်အဖြစ် ဆိုဗီယက်ယူနီယံ မပေါ်ခဲ့ရင်တောင်မှ အဲဒီအတိုင်းလုပ်မှာ ဖြစ်တယ်။ နိုင်ငံတော်လုံခြုံရေးကောင်စီရဲ့ ၁၉၅၀ ခုနှစ် “NSC# 68 ” ကို သူတို့က ကိုးကားပါတယ်။ အဲဒီအထဲမှာ အမေရိကန် စစ်အေးကာလ မဟာဗျူဟာကို အခုလိုရှင်းလင်း ဖော်ပြထားပါတယ်။ “ဆိုဗီယက်အန္တရာယ် မရှိရင်တောင်မှ ––––အမေရိကန်စနစ် ရှင်သန်ကြီးထွားနိုင်မယ့် ကမ္ဘာ့ပတ်ဝန်းကျင်တရပ်ကို ဖွံ့ဖြိုးလာစေရန် စီမံထားသော မဟာဗျူဟာ ဖြစ်သည်။”

စစ်အေးခေတ်*နောက်ပိုင်း* ကမ္ဘာတွင် ရီပတ်ဘလီကန် သမ္မတဘုရှ်နဲ့ ဒီမိုကရက်တစ် သမ္မတကလင်တန်တို့ဟာ NSC# 68 နဲ့ “*အမေရိကန်၏ ကြွယ်ဝမှုသည် အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းချမှတ်ထားသော ကမ္ဘာ့အခင်းအကျင်းပေါ်တွင် မူတည်*

*သည်*" (စာရေးသူ ROL က စာလုံးစောင်းဖြင့် ဖော်ပြလိုက်ခြင်း ဖြစ်သည် ) ဆိုတဲ့ အဆိုပြုချက်တွေကို ဆက်လက်စွဲကိုင်ခဲ့ကြတယ်။ ဒီအချက်အပေါ်မှာ အမေရိကန်နယ်ချဲ့ မဟာဗျူဟာရှင်တွေဖြစ်တဲ့ ရှုဝပ်ဇ်နဲ့ လိန်းတို့ဟာ "အလွန်အမင်း ကသိကအောက်" ဖြစ်ကြပါတယ်။ သူတို့အဆိုအရ "စစ်အေးခေတ် နောက်ပိုင်း ဥရောပနဲ့ အရှေ့အာရှမှာ အမေရိကန်တပ်တွေ ရှိနေတာနဲ့ ဘော်လ်ကန်ပဋိပက္ခမှာ စစ်ရေးအရ စွက်ဖက်မှုတွေ မှန်ကန်ကြောင်း သက်သေပြဖို့အတွက် ငြိမ်းချမ်းရေးအတွက်လို့ ပြောရမယ့်အစား စီးပွားရေး အပြန်အလှန်မှီခိုနေမှုနဲ့ အမေရိကန် ဓနငွေကြေးတွေကို ကာကွယ်ဖို့ လိုအပ်နေလို့ စွက်ဖက်တာလို့ ပြောခဲ့ကြတယ်။" (နှာ ၁၃) ၁၉၉၆ ခုနှစ် နှောင်းပိုင်းမှာ အဲဒီအချိန်တုန်းက ကာကွယ်ရေးဝန်ကြီး ဖြစ်သူ ဝီလီယံပယ်ရီရဲ့ အဆိုကတော့ "ဒီနေ့ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ လုံခြုံရေး အကျိုးစီးပွားတွေဟာ တကယ့်ကို တကမ္ဘာလုံး အတိုင်းအတာအရ ရှိနေတဲ့ တခုတည်းသော နိုင်ငံဖြစ်ပါတယ်" တဲ့။ ဒါက နိုင်ငံတကာ ပစ္စည်းမဲ့တွေနဲ့ ကျွန်တော်တို့ရဲ့ တော်လှန်သော အရေးတော်တွေအတွက် ဘယ်လို အဓိပ္ပာယ်ထွက်ပါသလဲ။ *ကာလတိုမှာ* အမေရိကန်နယ်ချဲ့စနစ်ရဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အမြတ်တွေဟာ ကမ္ဘာအနှံ့က ၎င်းရဲ့ စစ်ရေး – သံတမန်ရေး – ယဉ်ကျေးမှုကျူးကျော်မှုတွေအတွက် အလွန်ကြီးမားစွာ အားဖြည့်ပေးပါလိမ့်မယ်။ ဒါပေမဲ့ ရေရှည်မှာတော့ အဲဒီ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အမြတ်တွေကပဲ "မဟာဗျူဟာ အလွန်အကျွံချဲ့ထွင်ရေး"[၁] ဆီသို့ မလွဲမရှောင်သာ ဦးတည်သွားစေမှာ ဖြစ် ပါတယ်။ ဓနရှင်အကြံပေးအဖွဲ့ ကျွမ်းကျင်သူတွေ ဖြစ်ကြတဲ့ ရှုဝပ်ဇ်နဲ့ လိန်းတို့လိုလူတွေကတောင်မှ "အမေရိကန် အင်ပါယာ" ဟာ ၎င်းရဲ့ " ကမ္ဘာ့အခင်းအကျင်းသစ် " နောက်လိုက်ရင်းနဲ့ *ရေရှည်မှာတော့* မြေကြီးလက်ခတ်မလွဲ ပျက်သုဉ်းမှာပဲ ဆိုတာကို အသိအမှတ်ပြုကြပါတယ်။

၂။ ***အမေရိကန်နယ်ချဲ့စနစ်မှာ ကြီးမားတဲ့၊ အန္တရာယ်ရှိတဲ့၊ နည်းပညာမြင့်တဲ့ သို့သော် ပွယောင်းယောင်းလည်း ဖြစ်နေတဲ့ စစ်ရေးစက်မှု အဆောက်အအုံ ရှိပါတယ်။***

၁၉၉၅ ခုနှစ်နှောင်းပိုင်းမှာ ဘရိုကင်း အကြီးတန်းပညာရှင် လောရင့်ကော့ဘ်က နိုင်ငံတကာ မဟာဗျူဟာ လေ့လာရေးအဖွဲ့ (International Institute for Strategic Studies ) ရဲ့ ကိန်းဂဏန်းတွေကို ကိုးကားပြီး အခု လို ပြောဆိုခဲ့ပါတယ်။ အမေရိကန်နယ်ချဲ့စနစ်ဟာ ကမ္ဘာပေါ်က တခြားဘယ်တိုင်းပြည်တွေရဲ့ အသုံးစရိတ်ထက်မဆို သုံးဆကျော်ပိုသုံးဖို့နဲ့ "၎င်းရဲ့ ရန်သူဖြစ်လာနိုင်တဲ့ နိုင်ငံတွေနဲ့ ကြားနေနိုင်ငံတွေအားလုံးရဲ့ စုပေါင်းအသုံးစရိတ် " ထက်လည်းပိုသုံးဖို့ စီမံထားပါတယ်။ "၎င်းရဲ့ ကာကွယ်ရေး အသုံးစရိတ် ဒေါ်လာ ၂၆၂ ဘီလျံဟာ တကမ္ဘာလုံး စစ်ရေးအသုံးစရိတ် စုစုပေါင်းရဲ့ ၃၇% ဖြစ်တယ်။ ၎င်းရဲ့ နေတိုးမဟာမိတ်တွေရယ်၊ ဂျပန်၊ အစ္စရေးလ်နဲ့ တောင်ကိုရီးယားတို့က ၃၀% ဖြစ်တယ်။ အခြားနေတိုး ၁၅ နိုင်ငံက ၁၉၉၅ ခုနှစ်မှာ ကာကွယ်ရေးအတွက် ဒေါ်လာ ၁၅၀ ဘီလျံလောက် သုံးကြလိမ့်မယ်။ ဒုတိယအကြီးဆုံး သုံးစွဲသူဖြစ်တဲ့ ရုရှားက ဒေါ်လာ ၈၀ ဘီလျံ ---။ ဂျပန်က ဒေါ်လာ ၄၂ ဘီလျံနဲ့ တရုတ်ပြည်က ဒေါ်လာ ၇ ဘီလျံလောက် သုံးကြလိမ့်မယ်။ ကမ္ဘာ့ဆိုးသွမ်းတဲ့ (သူတို့အသုံးအနှုန်းအတိုင်းအတိအကျ ) ၆ နိုင်ငံဖြစ်တဲ့ အီရန်၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ မြောက်ကိုရီးယားနဲ့ ကျူးဘားတို့ အားလုံးပေါင်းလိုက်ရင် နှစ်စဉ် စစ်အသုံးစရိတ်ဟာ ဒေါ်လာ ၁၅ ဘီလျံဖြစ်တယ်"[၂] လို့ ကော့ဘ်က ပြောပါတယ်။ အဲဒီ "ဆိုးသွမ်းတဲ့ နိုင်ငံတွေ " လို့ဆိုတဲ့ နိုင်ငံတွေဟာ (သူတို့အားလုံးရဲ့ အသုံးစရိတ်ဟာ အမေရိကန် စစ်အသုံးစရိတ်ရဲ့ ၆% ပဲရှိ ) အမေရိကန်စစ်တပ်က တပြိုင်တည်းတိုက်ခိုက်ဖို့ ပြင်ဆင်ထားတဲ့ အဓိကဒေသန္တရ စစ်ပွဲနှစ်ခုရဲ့ ဇာတ်မြစ်တွေ ဖြစ်နိုင်တယ်လို့ ယူဆထားပါတယ်။ စစ်ပွဲနှစ်ခုဆိုတာ တခုက ကိုရီးယားကျွန်းဆွယ်ဖြစ်ပြီး၊ နောက်တခုက ပါရှားပင်လယ်ကွေ့ ဖြစ်ပါတယ်။

ကော့ဘ်အဆိုအရ "အမေရိကန် ပြည်ထောင်စုဟာ စစ်အေးတိုက်ပွဲ မြင့်မားနေတဲ့ အချိန်ဖြစ်တဲ့ ၁၉၈၀ ခုနှစ်ကထက် ဒီနှစ်မှာ ကာကွယ်ရေးအတွက် ဒေါ်လာ ၁၅ ဘီလျံပိုသုံးမှာ ဖြစ်ပါတယ်။ ဒါဟာ ငွေကြေးဖောင်းပွမှု ထိန်းညှိထားတဲ့ ဒေါ်လာအရ ဖြစ်ပါတယ် " ဒါပေမဲ့ ဒါကြောင့် အမေရိကန်နယ်ချဲ့စနစ်မှာ ယမ်းမီးအားပိုကြီးလာမယ်လို့ မဆိုလိုပါဘူး။ ကော့ဘ်က ဘီ ၂ မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကို ဥပမာ ပေးပါတယ်။ ဆိုဗီယက်ယူနီယံရဲ့ မြင့်မြင့်မားမား အဆင့်မြင့်ဆန်းပြားတဲ့ လေကြောင်းကာကွယ်ရေးကို ထိုးဖောက်ပြီး နျူကလီးယားဗုံးတွေ ကြဲချဖို့အတွက် ဒီဗုံးကြဲလေယာဉ်ကို တည်ဆောက်တာ ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံ မတည်ရှိတော့တဲ့အတွက်ကြောင့် ဒီအစီအစဉ်ကို ဖျက်သိမ်းပစ်ရမယ့်အစား ဒေါ်လာ ၄၄ ဘီလျံ အကုန်ခံပြီး လေယာဉ် အစီး ၂၀ တည်ဆောက်ဖို့ စေ့စပ်သဘောတူခဲ့ကြပါတယ်။ (လေတပ်ကလည်းပဲ သဘောတူနိုင်ခဲ့) ဒါပေမဲ့ ဝါရင့်အထက်လွှတ်တော်အမတ် ဒိုင်ယိန်းဖိန်းစတိန်း (ဒီမိုကရက် ) ဦးဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကျေးဇူးကြောင့် နောက်ထပ်အစီး ၂၀ ကို ဒေါ်လာ ၃၀ ဘီလျံကျော် အကုန်ခံပြီး တည်ဆောက်

ကြ ပြန်ပါတယ်။ ဘီ ၂ ဗုံးကြဲလေယာဉ်ကို ကာကွယ်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ "အလွန်ကြီးမားတဲ့ လုပ်ခစားစာရင်း" (payroll ) ကို ထုတ်လုပ်ပေးလို့ ဖြစ်တယ်ဆိုပြီး ဖိန်းစတိန်းဟာ အမေရိကန် အထက်လွှတ်တော်မှာ အမှတ်မထင်လွှတ်ကနဲ ပြောခဲ့တယ်။ နောက်နေ့မှာတော့ "သယ်ဆောင်နိုင်တဲ့ဝန်" (payload ) လို့ ပြင်ပြောပါတယ်။ ဒီစစ်ရေးစက်မှု အဆောက်အအုံဟာ အမေရိကန်ပြည်ထောင်စု အလုပ်သမားလူတန်းစားနဲ့ အထွေထွေအမေရိကန်နယ်ချဲ့ လူ့အဖွဲ့အစည်းပေါ်မှာ အင်မတန်ကြီးမားတဲ့ဩဇာတွေ သက်ရောက်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီက လူတော်တော်များများအတွက်က "စစ်ဟာအလုပ်" ပဲ။ မိသားစုတွေရဲ့ အသက်မွေးဝမ်းကြောင်းမှု ဖြစ်နေလို့ပါပဲ။ ဒါ့အပြင် အမေရိကန်နယ်ချဲ့စနစ်ဟာ ကမ္ဘာပေါ်မှာ အခြားနိုင်ငံများသို့ အကြီးဆုံးလက်နက်ရောင်းချသူလည်း ဖြစ်ပါတယ်။ (ဒါက နယ်ချဲ့တွေဟာ သူတို့ကို ကြိုးကွင်းစွပ်မယ့် ကြိုးကိုတောင်ကျွန်တော်တို့ကို ရောင်းပေးပါလိမ့်မယ်ဆိုတဲ့ လီနင်ရဲ့မှတ်ချက်ကို အမှတ်ရစေပါတယ် )

အားလုံးခြုံကြည့်ရင် ကမ္ဘာ့စုစုပေါင်း စစ်ရေးအသုံးစရိတ်ရဲ့ ၃၇% ကို ကိုယ်စားပြုတဲ့ ရုပ်ဝတ္ထုနဲ့လူအင်အားဆိုင်ရာ ကြီးမားလှတဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ရိုင်းစိုင်းကြမ်းကြုတ်တဲ့ အမေရိကန်နယ်ချဲ့ရဲ့ လက်ထဲမှာ အဖျက်စွမ်းအားကြီးတဲ့ လက်နက်တွေ ထိတ်လန့်ဖွယ်ထုနဲ့ထည်နဲ့ ရရှိစေပါတော့တယ်။

၃။ ***ဤကြီးမားသော အမေရိကန် စစ်ရေးအသုံးစရိတ်ကို ခွဲတမ်းချရာတွင် မဟာဗျူဟာ စစ်ရေးလိုအပ်မှုများထက် ကော်ပိုရေးရှင်း ကန်ထရိုက်များနှင့် ဝန်ဆောင်မှု ပြိုင်ဘက်များ (ဆိုလိုသည်မှာ) စစ်ရေးစက်မှု အဆောက်အအုံက အများအားဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်း ဖြစ်သည်။***

ဒါကြောင့်မို့ အမေရိကန်နယ်ချဲ့ကိုယ်စား အမေရိကန်ပေါ်လစီ ဖန်တီးသူတွေအနေနဲ့ ထုထည်ကြီးမားလှတဲ့ ဒေါ်လာတွေကို အထိရောက်ဆုံးဖြစ်အောင် အသုံးပြုနိုင်စွမ်းဟာ စစ်ရေးစက်မှုအဆောက်အအုံရဲ့ ဟန့်တားမှုကို ခံရပါတယ်။ အမှန်ပါပဲ ကာကွယ်ရေး ကန်ထရိုက်တွေက ရရှိတဲ့ ဆူဖြိုးလှတဲ့ အမြတ်အစွန်းတွေနဲ့ လက်နက်ကိုင်ဝန်ထမ်းတွေထဲက အထက်တန်း အရာရှိကြီးတွေနဲ့ ပုဂ္ဂလိက ကန်ထရိုက်ဆွဲသူတွေ အကြားမှာရှိတဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးတွေက အမေရိကန်ရဲ့ စစ်ရေးမဟာဗျူဟာကို ပြဋ္ဌာန်းနေတာ ဖြစ်ပါတယ်။ စစ်ရေးမဟာဗျူဟာက သူတို့ကို သတ်မှတ်ပြဋ္ဌာန်းနေတာ မဟုတ်ပါဘူး။

ဥပမာအားဖြင့် အမေရိကန်စစ်ရေး မဟာဗျူဟာကို တစုံလုံး အကဲဖြတ်မှုတွေ လုပ်ရာမှာ ဗဟိုထောက်လှမ်းရေး (CIA) ရဲ့ယခင်ညွှန်ကြားရေးမှူး ဖြစ်သူ အငြိမ်းစားရေတပ် ဗိုလ်ချုပ်ကြီးစတန်းစ်ဖီးလ်တာနာ တို့လို အာဏာပိုင်တွေက ကြည်းတပ်နဲ့ လေတပ် အသုံး စရိတ်လျှော့ပြီး ရေတပ်ကို "အသုံးစရိတ်တိုး " ဖို့ လုပ်ပါတယ်။ ဆန့်ကျင်ဘက်က အမျိုးသားလုံခြုံရေးအေဂျင်စီ အကြီးအကဲဟောင်း အငြိမ်းစား ဒုဗိုလ်ချုပ်ကြီး ဝီလျံ အိုဒေါမ်က ရေတပ်နဲ့ မရိမ်းတပ်ရဲ့ အသုံးစရိတ်လျှော့ပြီး ကြည်းတပ် (နဲ့လေတပ်) ကို ဦးစားပေးဖို့ ပြောင် စောဒကတက်ခဲ့ပါတယ်။ "လေယာဉ်တင် သင်္ဘောတွေနဲ့ ကုန်းတက်ရေတပ်တွေအပေါ် လွန်မင်းစွာ အလေးပေးဖို့ အတွက် လိုအပ်တဲ့ ဘဏ္ဍာငွေကို မြေပြင်နဲ့ လေတပ်တွေ လျှော့ချပြီး ရယူနေတာ ဖြစ်တယ် " လို့ အိုဒေါမ်က ရေးခဲ့ပါတယ်။[၄] "ဗျူရိုကရေစီကျကျ ဈာန်သွင်းပေးထားတဲ့ စီမံကိန်းတွေဖြစ်တဲ့ မရိမ်းတပ်က အဆိုပြုထားတဲ့ ကုန်းရေသွား တိုက်ခိုက်ရေးယာဉ် သို့မဟုတ် V- 22 Osprey ဟယ်လီကော်ပတာ ---နောက်ပြီး ပင်လယ်ဝံပုလွေ (Sea Wolf ) ရေငုပ်သင်္ဘော စီမံကိန်းလိုမျိုး" တွေအတွက် ငွေတွေကို "မိုက်မဲစွာ ဖြုန်းပစ်မယ့် "အစား "နည်းပညာမြင့် M-1 တင့်ကား၊ ဘရက်ဒလီ တိုက်ခိုက်ရေးယာဉ်နဲ့ ဂျက်အင်ဂျင် စွမ်းဆောင်ရည်တွေရဲ့ အားသာချက်တွေကို အမြင့်ဆုံး မြှင့်တင်ပေးဖို့" အတွက် ဗိုလ်ချုပ်အိုဒေါမ်က သုံးချင်ပါတယ်။

နည်းပညာမြင့်လက်နက်များ အထူးသဖြင့် အတိအကျ လမ်းညွှန်စနစ် လက်နက်တွေရဲ့ ထိရောက်မှု စွမ်းရည်နဲ့ ပတ်သက်ပြီး အမေရိကန် ဗဟိုစာရင်းရုံးနဲ့ အခြားသူတွေက မေးခွန်းထုတ်လာကြတာကို ကာကွယ်ရေးဝန်ကြီး ပယ်ရီက ဝန်ခံရင်းကပဲ "အင်အားနဲ့ စိုးမိုးရေးဟာ အမေရိကန်စစ်ရေးရဲ့ ဒီကနေ့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ် "[၆]လို့ အခိုင်အမာ ပြောကြားပြန်ပါတယ်။ အင်အားစိုးမိုးမှု ဆိုတာက *လေကြောင်းစိုးမိုးမှု* (သူခိုးလေယာဉ်၏ နည်းပညာသုံး၍ stealth technology )၊ *အတိအကျပစ်ခတ်ရေးတပ်များ* (အတိအကျလမ်းညွှန်စနစ် လက်နက် )၊ *သာလွန်သော စစ်နယ်မြေ သတင်းရရှိမှု* ဆိုလိုသည်မှာ ရန်သူနှင့် မိတ်ဆွေတပ်အားလုံးတို့၏ အနေအထား၊ အပြောင်းအရွှေ့ကို အချိန်တိုင်း အပြည့်အစုံ သိရှိရေး၊ (ကမ္ဘာပေါ်တွင် မိမိတည်နေရာပြစနစ် (Global Positioning System)၊ အမျိုးသားအာရုံခံများနှင့် နည်းဗျူဟာ အာရုံခံများသုံး၍ ) နှင့် ထောက်ပို့စနစ် မှန်ကန်တိကျရေး (ထောက်ပို့တိုင်းတွင် ပါဝင်သောပစ္စည်း၊ ရောက်ရှိချိန် စသည်များ အပါအဝင် တကမ္ဘာလုံးတွင် ထောက်ပို့များကို ခြေရာခံကြည့်နိုင်သော တိုးတက်သည့် နည်းပညာ)။ စစ်ရေးစက်မှုအဆောက်အအုံအတွက်တော့ အင်အားစိုးမိုးမှုဟာ ပွဲတော်ကြီးပဲ ဆိုတာ ရှင်းနေပါတယ်။

ဒီလိုနဲ့ မိမိကိုယ်တိုင်ကိုက စီးပွားရေး အင်အား တရပ်ဖြစ်တဲ့ အမေရိကန်စစ်ရေး စက်မှုအဆောက်အအုံဟာ ကမ္ဘာတလွှားက ပြည်သူတွေအပေါ် အမေရိကန်နယ်ချဲ့က သွေးစုပ်ဖိနှိပ်နေတာကို အထိရောက်ဆုံး ကာကွယ်ပေးမှုကို ထောက်ပံ့ပေးနေပါတယ်။

၄။ **အမေရိကန်ပြည်ထောင်စု အတွင်း၌ အမေရိကန် စစ်ဘက်အပေါ် အလွန်ကြီးမားသော လူထုထောက်ခံမှု ကြီး ရှိနေဆဲ ဖြစ်သည်။ အထူးသဖြင့် စစ်ဆင်နွှဲနေသော အချိန်တွင် ဖြစ်ပါသည်။**

ကလင်တန်ရဲ့ လိင်အရှုပ်တော်ပုံ ကာလ အတွင်းမှာတောင် ၁၉၉၈ ခုနှစ်အတွင်းက ဆူဒန်၊ အာဖဂန်နစ္စတန်နဲ့ နောက်ပိုင်း အီရတ်နိုင်ငံတို့အပေါ် ဗုံးကြဲတာကို နှစ်ဘက်စလုံးမှ နိုင်ငံရေးထောက်ခံမှု ရှိခဲ့ပါတယ်။ နောက်ပြီး ကလင်တန်ဟာ အီရတ်ပြည်သူတွေအပေါ် ဗုံးမိုးရွာချနေတဲ့အချိန်မှာ ဂျက်ဆီဂျက်ဆန် ခေါင်းဆောင်တဲ့ အမေရိကန် ရှေ့ပြေးဒီမိုကရေစီဝါဒီတွေဟာ *ကလင်တန်ကို ထောက်ခံ* ဆန္ဒပြကြပါတယ်။

"ကြီးမြတ်တဲ့ အမေရိကန်ပြည်သူတွေ" ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြပြီး နယ်ချဲ့စစ် လိုလားသူတွေကို ဆန့်ကျင်ကြတယ်ဆိုတဲ့ ပြန်လည်ပြင်ဆင်ရေး ထင်ယောင်မှားမှုကို နှစ်ပေါင်းများစွာ ဝါဒဖြန့်ခဲ့ကြပါတယ်။ အထူးသဖြင့် ခရုရှက်* ကာလကစလို့ ဖြစ်ပါတယ်။ အဲဒါနဲ့ ဆန့်ကျင်စွာပဲ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အရင်းရှင်ကမ္ဘာမှာ အမေရိကန်နယ်ချဲ့ ဗိုလ်ကျစိုးမိုးနိုင်ရေးအတွက် နှစ်ငါးဆယ်လုံးလုံး ယေဘုယျ အမေရိကန် ပြည်သူတွေဟာ "သူတို့ရဲ့" နယ်ချဲ့သမားတွေကို ထောက်ခံခဲ့ကြပါတယ်။ ဒီအထဲမှာ ပစ္စည်းမဲ့အများစုကြီးတောင်မှ ပါကြပါတယ်။ စစ်ရေးစက်မှုအဆောက်အအုံရဲ့ ကြီးမားနက်ရှိုင်းတဲ့ လူမှုအခန်းကဏ္ဍနဲ့အတူ ကျယ်ပြန့်တဲ့ နယ်ချဲ့ရဲ့လာဘ်ထိုးမှုက အမေရိကန် လူ့အဖွဲ့အစည်းဟာ ဘာကြောင့် ဒီလောက် စစ်မက်ဆန်ပြီး အကြမ်းဖက်ကြ☆သလဲဆိုတာကို ရှင်းလင်းစွာ ဖော်ပြနေတာ ဖြစ်ပါတယ်။

"နယ်ချဲ့စနစ်နဲ့ ဆိုရှယ်လစ်စနစ်အတွင်း အကွဲအပြဲ" ထဲမှာ လွန်ခဲ့တဲ့နှစ်တရာတုန်းက အင်္ဂလိပ် ကိုလိုနီ လက်ဝါးကြီးအုပ်မှုနဲ့ အင်္ဂလိပ်အလုပ်သမား လူတန်းစားရဲ့ ကျယ်ပြန့်တဲ့ အလွှာကြီးကို လာဘ်ထိုးထားမှုတို့အကြား ဆက်စပ်မှုကို လီနင်က ဆွေးနွေးထားပါတယ်။ ပြောင်မြောက်ရှင်းလင်းလှစွာဖြင့် လီနင်က အခုလို ထောက်ပြခဲ့ပါတယ်။ "အရင်းရှင်များသည် သူတို့၏ အလုပ်သမားများကို လာဘ်ထိုးရန်လည်းကောင်း၊ အခြား နိုင်ငံများကို ဆန့်ကျင်ရန်လည်းကောင်း နိုင်ငံအတွင်းရှိ အလုပ်သမားများနှင့် အရင်းရှင်များအကြား မဟာမိတ်သဘော ဖန်တီးရန်အတွက် ဤမဟာ အမြတ်အစွန်းများ၏ တစိတ်တပိုင်းကို မြှုပ်နှံကြပေသည်။"☆☆ ဒါဟာ လွန်ခဲ့တဲ့ နှစ် ၅၀ အတွင်း အမေရိကန် အလုပ်သမား လူတန်းစားတွေ (အထူးသဖြင့် လူဖြူအများစု) ဖြစ်ခဲ့တာနဲ့ အတိအကျ ကိုက်ညီနေပါတယ်။

အမေရိကန် နယ်ချဲ့စနစ်နဲ့ ၎င်းရဲ့စစ်ဆီသို့ မောင်းနှင်နေမှုတို့ကို ခပ်ပျော့ပျော့လေးပဲ စိန်ခေါ်မယ့် အရေးပါတဲ့ နိုင်ငံရေးပါတီတောင် မရှိဘူးဆိုတဲ့ အချက်က ဒီလက်တွေ့ဖြစ်ရပ်အတွက် အံ့မခန်းပုံကြမ်းကို ပေးအပ်ပါတယ်။ အခြားနယ်ချဲ့ နိုင်ငံတိုင်းမှာရှိတဲ့ ဘူဇွာလေဘာပါတီမျိုးတောင် မရှိပါဘူး။ ဒီနှိုင်းရတည်ငြိမ်တဲ့ နောက်ပိုင်းဒေသက အမေရိကန်နယ်ချဲ့စနစ်ကို ဗိုလ်ကျစိုးမိုးတဲ့ နယ်ချဲ့ ကမ္ဘာလုံးဆိုင်ရာ အင်အားကြီးရဲ့ ကောက်ကျစ် ရန်လိုတဲ့ အခန်းကို ထမ်းရွက်ဖို့အတွက် *မဟာပြောင်းလွှယ်ပြင်လွယ်ရှိမှု*ကို ပေးအပ်နေပါတယ်။

၅။ ***ကိုရီးယားစစ်ပွဲ ဖြစ်ခါနီးအချိန်မှစ၍ တာဝန်ထမ်းဆောင်နေသည့် အမေရိကန် စစ်အင်အားသည် မည်သည့်အချိန်နှင့်မျှ မတူအောင် သေးငယ်သွားပါသည်။ [၁] အမေရိကန်စစ်ရေးမဟာဗျူဟာ အနေနှင့် မြန်မြန်အဆုံးအဖြတ်ပေးသည့် ထွက်ပေါက်ဗျူဟာလည်းရှိသည့် စစ်ပွဲများ တိုက်ဖို့လိုပါသည်။***

ကျွန်တော်တို့ ရေးခဲ့သလိုပဲ ( ၁၉၉၉၊ ဖေဖော်ဝါရီ ) အောက်ဆင့်တပ်မှူးတပ်သားများကို ပြန်လည်ဖြည့်တင်းဖို့ ဒီနှစ်မှာ လိုအပ်တဲ့ "အပျော်တမ်းတပ်သား" ၂၀၀,၀၀၀ နီးပါးရရှိဖို့ အမေရိကန်စစ်ဘက်ဟာ အခက်ကြုံနေပါတယ်။ အမေရိကန်သမ္မတ

* ဒါပေမဲ့ ဒါဟာ အမေရိကန်ပြည် ကွန်မြူနစ်ပါတီ ဘရောက်ဒါ ပြန်လည်ပြင်ဆင်ရေးဝါဒမှ ဖြာထွက်လာတာဖြစ်ပြီး နောက်မှာ ယူဂိုဆလားဗီးယားမှ တီးတိုး ပြန်လည်ပြင်ဆင်ရေးဝါဒတို့ ဖြစ်ကြပါတယ်။ ၎င်းရဲ့ဇာစ်မြစ်တွေကို ထရော်စကီအထိ ခြေရာကောက်ကြည့်နိုင်ပါတယ်။

☆ရဲနဲ့ထောက်လှမ်းရေး တပ်ဖွဲ့တွေမှာ ကြီးမားတဲ့အရေအတွက်၊ အကျဉ်းထောင်တွင်းတွင် အမေရိကန် ပြည်သူ အရေအတွက် ကြီးမားမှု၊ အထူးသဖြင့် အဖိနှိပ်ခံ လူမျိုးများ၊ အကြမ်းဖက်ရာဇဝတ်မှု အလွန်များပြားမှုနဲ့၊ လူဖြူကသာလွန်မြင့်မြတ်သည်ဟုအယူသီး မုန်းတီးသည့် ရာဇဝတ်မှုများနဲ့ မကြာသေးခင် နှစ်များအတွင်း ကျောင်းများတွင် ရဲတပ်ဖွဲ့များ ချထားရမှု တိုးမြင့်လာမှုနဲ့ ကျောင်းသား ကလေးငယ်များက သူတို့အတန်းဖော်များကို သတ်ဖြတ်မှုတွေ ကူးစက်ပြန့်ပွားလာတာတွေက ဒီအကြမ်းဖက်မှုကို ရှင်းလင်းစွာ ဖော်ပြနေပါတယ်။

☆☆ ၁၉၁၆၊ လီနင်စုပေါင်းကျမ်း၊ အတွဲ ၂၃၊ နှာ ၁၁၄။ "နယ်ချဲ့စနစ်နဲ့ ဆိုရှယ်လစ်စနစ်အတွင်း အကွဲအပြဲ"

ကလင်တန်ဟာ သူ့ရဲ့ ၁၉၉၉ ခုနှစ် ပြည်ထောင်စု မိန့်ခွန်းမှာ စစ်ဘက်လစာ၊ လေ့ကျင့်ရေး၊ အကျိုးခံစားခွင့်နဲ့ ပင်စင်စတာတွေ တိုးမြှင့်ပေးဖို့အတွက် နောက် ၆ နှစ်မှာ အပိုငွေဒေါ်လာ ၁၁၀ ဘီလျံ သုံးစွဲသွားမယ်လို့ ကတိပြုခဲ့တာဟာ အံ့စရာမရှိပါဘူး။

အလားတူပဲ အမေရိကန်နယ်ချဲ့စနစ်ဟာ စစ်ရေးအရ ဝင်မပါခင်ကတည်းက "ထွက်ပေါက်ဗျူဟာ" ကို အရင်စဉ်းစားရတာလည်း အံ့စရာ မဟုတ်ပါဘူး။ ၁၉၉၁ ခုနှစ် အီရတ်အပေါ် ဆင်နွှဲခဲ့တဲ့စစ်ပွဲမှာ အမေရိကန်ပြည်ထောင်စုက ရရှိခံစားခဲ့တဲ့ လွတ်လပ်စွာ လှုပ်ရှားမှုဟာ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်းရဲ့ တခုသော အကျိုးဆက်ဖြစ်တယ်လို့ ဘရ်ဇီဇင်စကီးက ထောက်ပြခဲ့ပါတယ်။ ဒါပေမဲ့ သူက စိုးရိမ်စွာနဲ့ အခုလိုဆက်ပြောခဲ့ပါတယ်။ "အဲဒီစစ်ရေးအောင်ပွဲက အမေရိကန်ကို အရှေ့အလယ်ပိုင်းရဲ့ များပြားလှတဲ့ အကျပ်အတည်းတွေထဲသို့ နက်ရှိုင်းတဲ့၊ ကြာလည်းကြာနိုင်တဲ့ နိုင်ငံရေးနဲ့ စစ်ရေးနစ်မြုပ်မှုအတွင်းသို့ ထိုးသွင်းလိုက်ပါတယ်"[၆]

ကွယ်လွန်သူ ၁၉ ရာစု အင်္ဂလိပ်နိုင်ငံခေါင်းဆောင် လော့ရှ်စ်ဘယ်ရီက အခုလိုထောက်ပြခဲ့ဖူးပါတယ်။ "ကျွန်တော်တို့ရဲ့ ကူးသန်းရောင်းဝယ်မှုဟာ သိပ်ပြီးကမ္ဘာအနှံ့ ကျယ်ပြန့်ပြီး သိပ်ထဲထဲဝင်ဝင် နက်နက်ရှိုင်းရှိုင်းလည်း ရှိတာကြောင့် ကမ္ဘာပေါ်က ဘယ်နေရာမှာမဆို ဗြိတိသျှရဲ့ အကျိုးစီးပွားတွေ မပါဝင်မပတ်သက်တဲ့ ပြဿနာမျိုး ပေါ်ပေါက်နိုင်ဖို့ အလွန်ခဲယဉ်းပါတယ်။ ဒီစဉ်းစားမှုက ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုနယ်ပယ်ကို ကျယ်ပြန့်စေရမယ့်အစား ကန့်သတ်ကျဉ်းမြောင်းစေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ဝင်ရောက်စွက်ဖက်ရေးဆိုင်ရာမူကို တင်းတင်းကျပ်ကျပ် မကန့်သတ်ထားရင် ကျွန်တော်တို့ဟာ အမြဲတမ်း စစ်ပွဲ ၄၀ လောက်ကို တပြိုင်တည်း ဆင်နွှဲနေရမှာမို့ ဖြစ်ပါတယ်။"[၇]

ပါရှားပင်လယ်ကွေ့ စစ်ပွဲကစပြီး အင်အားအဆောက်အအုံမှ အဓိက အပြောင်းအလဲဟာ ကြည်းနဲ့ လေတပ် စွမ်းဆောင်ရည်များ *လျော့ချခြင်းတွေ* ဖြစ်တယ်လို့ ဗိုလ်ချုပ်အိုဒေါမ်က မှတ်သားခဲ့ပါတယ်။ "ရေတပ် လေယာဉ်တင် သင်္ဘောတပ်ဖွဲ့ဟာ ၁၂ ဖွဲ့ရှိတယ်။ လေယာဉ်တင် တိုက်ပွဲဝင်သင်္ဘောတပ်ဖွဲ့တဖွဲ့ဟာ ဆယ်နှစ်သက်တမ်းအတွက် အနည်းဆုံး ခန့်မှန်းခြေ ဒေါ်လာ ၅၀ ဘီလျံကုန်ကျပါတယ်။ အကြီးတန်းတပ်မကြီး တခုအတွက် ဆယ်နှစ်သက်တမ်း ကုန်ကျစရိတ် ဒေါ်လာ ၁၀ ဘီလျံရှိတဲ့ *ကြည်းတပ် တပ်မကြီး ၁၈ ခုမှ ၁၀ ခုသို့ လျှော့ချခဲ့တယ်။* ဒါ့အပြင် နောက်ဆယ်နှစ်မှာ ကြည်းတပ်ဖွဲ့တွေအတွက် ဝယ်ယူရေး ခွဲတမ်းငွေဟာ ဒေါ်လာ ၅၀ ဘီလျံခန့်သာရှိပြီး လေယာဉ်တင်သင်္ဘောနဲ့ မြေပြင်အခြေစိုက် လေတပ်အင်အားအတွက်ကတော့ ဒေါ်လာ ၁၅၂ ဘီလျံနဲ့ ဒေါ်လာ ၅၆ ဘီလျံ အသီးသီးရှိကြတယ်။ ဒီအတွင်းမှာ မရိမ်းတပ်ဖွဲ့တွေက အသင့်ရှိတဲ့ တပ်မကြီး ၃ ခုရှိပြီး အရန်တပ်မကြီး တခုရှိပါတယ် " လို့သူက မကျေမနပ်ပြောခဲ့ပါတယ်။[၈] သို့ဖြစ်၍ အမေရိကန်စစ်ဘက် ဟာ **ရေရှည်မြေပြင်စစ်ပွဲ အထူးသဖြင့် တချိန်တည်းတွင် အရေးကြီး မြေပြင်စစ်ပွဲတပွဲထက် ပိုဆင်နွှဲရန်အတွက် တစုံတရာ အားပျော့ချည့်နဲ့နေပါတယ်။**

ဒါကြောင့်မို့ညွှန့်ပေါင်း "ငြိမ်းချမ်းရေး ထိန်းသိမ်းရေး လုပ်ငန်းများ"၊ နေတိုးစစ်ပွဲ၊ ငြိမ်းချမ်းရေး လုပ်ကိုင်ဘက်များ၊ ကာကွယ်ရေးခွဲဝေမှုနဲ့ အလားတူပုံစံမျိုးတွေ လိုအပ်နေတာ ဖြစ်ပါတယ်။

၆။ **အမေရိကန်နယ်ချဲ့စနစ်သည် စစ်ရေးကျူးကျော်မှု လုပ်ရန် <u>တနိုင်ငံတည်း</u> ဆုံးဖြတ်နိုင်သော်လည်း ဖြစ်နိုင်လျှင် ညွှန့်ပေါင်း သို့မဟုတ် <u>နိုင်ငံစုံ</u> ကျူးကျော်မှုကို လုပ်ရန် လိုပေသည်။**

အမေရိကန်နယ်ချဲ့စနစ်ဟာ စစ်ရေးအရ ၎င်းရဲ့ နိုင်ငံတကာ လူတန်းစားစစ်ပွဲကို သဏ္ဌာန်မျိုးစုံနဲ့ ဆင်နွှဲပါတယ်။ တခါတရံမှာ ၎င်းရဲ့ ဥရောပနဲ့ ဂျပန်နယ်ချဲ့လုပ်ဖော်ပြိုင်ဘက်တွေ ပါဝင်ပြီး၊ တခါတရံမှာ သူတို့တတွေ မပါဝင်ဘဲနဲ့ ဆင်နွှဲတယ်။ ကုလသမဂ္ဂရဲ့နံမည် မည်ကာမတ္တ သုံးတဲ့အခါသုံးပြီး၊ မသုံးတဲ့အခါလည်း ရှိတယ်။ နေတိုး သို့မဟုတ် ကုလသမဂ္ဂတပ်ဖွဲ့ကတဆင့် စသဖြင့် မျိုးစုံ လုပ်ပါတယ်။ ၁၉၉၈ ခုနှစ် တနှစ်တည်းမှာပဲ ဗိုလ်ကျစိုးမိုးတဲ့ ကမ္ဘာ့အရင်းရှင် အင်အားကြီးဖြစ်တဲ့ အမေရိကန် နယ်ချဲ့စနစ်ဟာ တဦးတည်းသဘောနဲ့ အာဖဂန်နစ္စတန်၊ ဆူဒန်နဲ့ အီရတ်တို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ပါတယ်။ ဒီအတွက် ၎င်းဟာ အရေးယူ *အပြစ်ပေးခံရခြင်း* မရှိပါဘူး။ ဒီနေ့မှာလည်း အမေရိကန်နယ်ချဲ့စနစ်ဟာ နေတိုးယန္တရားတွေကတဆင့် ဆားဗီးယားကို အကြီးအကျယ် ဖျက်ဆီးပစ်ဖို့ ခြိမ်းခြောက်နေပါတယ်။

၁၉၉၆ ခုနှစ်နှောင်းပိုင်းမှာ အဲဒီအချိန်တုန်းက ကာကွယ်ရေးဝန်ကြီးဖြစ်တဲ့ ပယ်ရီက ဒေသန္တရစစ်ပွဲတွေမှာ အမေရိကန် စစ်အင်အားကို အားဖြည့်ဖို့အတွက် မဟာမိတ်တပ်ဖွဲ့တွေအပြင် ယခင်ရန်သူ ဖြစ်ခဲ့ဖူးသူတွေရဲ့ စစ်အင်အားတွေကို အမေရိကန်စစ်ဘက်က စုစည်းနိုင်မယ့် အရေးကြီးတဲ့ အစီအစဉ် အများအပြားကို ဖော်ပြခဲ့ပါတယ်။ ဥပမာအားဖြင့် နေတိုးရဲ့ ငြိမ်းချမ်းရေးအတွက် ပူးတွဲလုပ်ဆောင်မှု (PFP) ကို ၁၉၉၃ ခုနှစ်မှာ အမေရိကန်က အဆိုပြုခဲ့ပြီး ၁၉၉၄ ခုနှစ်မှာ စတင်ခဲ့တယ်။ ဒါကိုအသုံးပြုပြီး အရှေ့နဲ့ ဗဟိုဥရောပနဲ့ ယခင်ဆိုဗီယက်ယူနီယံ နိုင်ငံတွေကို "ဥရောပတတိုက်လုံး လုံခြုံရေး အဆောက်အအုံ စီမံကိန်းသစ်" ထဲကိုသိမ်းသွင်း ပေါင်း

စည်းစေခဲ့တယ်။ ဒါ့အပြင် နေတိုး– ရုရှား အထူးဆက်ဆံရေးကနေ ၁၉၉၆ ခုနှစ် ဘော့စနီးယားမှာ အကောင်အထည် ဖော်ရေးတပ်ဖွဲ့ (IFOR) ထဲမှာရှိတဲ့ ရုရှားတပ်တွေကို အသုံးပြုခွင့် ရခဲ့တယ်။ ဒါဟာ <u>အမေရိကန် စစ်ဦးစီးမှုအောက်မှာ</u> (!) ရှိတာ ဖြစ်ပါတယ်။ အဲဒီနှစ် ၇ွန်လမှာတော့ ဘရပ်ဆဲလ်မှာ သဘောတူညီမှုတခု ရခဲ့ကြပါတယ်။ ဒီသဘောတူညီမှုအရ နေတိုးဌာနချုပ်မှာ ရုရှားအရာရှိတွေ နေကြမှာဖြစ်ပြီး၊ နေတိုးအရာရှိတွေကလည်း မော်စကိုမှာရှိတဲ့ ရုရှား စစ်ဦးစီးချုပ်ရုံးသို့ သွားကြမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ စစ်ရေးဆက်ဆံရေး အစီအစဉ်ကို အစပြုလိုက်တာ ဖြစ်ပါတယ်။ ဒီလိုနဲ့ အမေရိကန်ရဲ့ ဦးဆောင်မှုအောက်မှာ နေတိုးနဲ့ (PFP) တို့ဟာ ပူးပေါင်းပြီး ယခင်ယူဂိုဆလားဗီးယား နိုင်ငံကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်ပြီး ဖျက်ဆီးပစ်ကြမှာ ဖြစ်ပါတယ်။

လက်တင်အမေရိကမှာတော့ *အမေရိကတိုက်နိုင်ငံများ ကာကွယ်ရေး ဝန်ကြီးများအဆင့်*ထဲမှာ ကျူးဘားကလွဲလို့ အနောက်ခြမ်း ၃၄ နိုင်ငံလုံး ပါဝင်ကြတယ်။ "ကာကွယ်ရေး ခွဲဝေထမ်းဆောင်ရေး" နဲ့ တခြားစစ်ရေးလှုပ်ရှားမှုတွေအတွက် ပေါင်းချုပ်ထားတာ ဖြစ်ပါတယ်။ အာရှပစိဖိတ်ဒေသမှာတော့ (ARF) အာဆီယန်ဒေသကာကွယ်ရေးအဖွဲ့နဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဩစတြေးလျနိုင်ငံတို့နဲ့ ဖွဲ့ထားတဲ့ စစ်ရေးမဟာမိတ်အဖွဲ့ အများအပြားကို ဆက်ထိန်းထားပါတယ်။ နောက်ပြီး "တရုတ်စစ်ဘက် အပါအဝင် တရုတ်ပြည်နဲ့ အလုံးစုံထိတွေ့ဆက်ဆံရေး" ဆိုတာကို လုပ်ဆောင်နေပါတယ်။ ဒီကြိုးပမ်းမှုအားလုံးရဲ့ အောင်မြင်မှု သော့ချက်ဟာ "အမေရိကန် ဦးဆောင်မှု" ပဲလို့ ဝန်ကြီးပယ်ရီက ထောက်ပြပါတယ်။

၇။ ***ဤညွှန့်ပေါင်းအဖွဲ့များနှင့် မဟာမိတ်အဖွဲ့များအားလုံးအတွင်း၌ အမေရိကန်နယ်ချဲ့စနစ်သည် စစ်ရေးဗိုလ်ကျလွှမ်းမိုးမှုကို ကျင့်သုံးပါသည်။***

"<u>အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် နယ်ချဲ့စနစ်</u> " ကျမ်းကို ရေးတဲ့နှစ်မှာပဲ နယ်ချဲ့စနစ်နဲ့ ဆိုရှယ်လစ်စနစ်အတွင်း အကွဲအပြဲကို လီနင်ဟာ ဇာရဲ့ ဆင်ဆာကို စိုးရိမ်မှုမရှိဘဲ ရေးခဲ့ပါတယ်။ အဲဒီအထဲမှာ ၁၉ ရာစုနှောင်းပိုင်းမှာ အင်္ဂလန်က ရရှိခံစားနေတဲ့ ကိုလိုနီ လက်ဝါးကြီးအုပ်မှု အနေအထားကို[၈] ဖော်ပြခဲ့ပါတယ်။ "ပို၍အိုမင်းနေတဲ့ (*ပိုပြီးလည်းအားနည်းနေတဲ့*) နယ်ချဲ့အင်အားတွေ ရရှိခံစားနေတဲ့ အခွင့်ထူးများကို *နယ်ချဲ့နိုင်ငံအသစ်များ* အနေနဲ့ ကိုလိုနီများကို အတင်းပြန်လည် ခွဲဝေခြင်း မပြုလုပ်ဘဲ မရရှိနိုင်ပါ " လို့လည်း ထောက်ပြခဲ့ပါတယ်။

အမေရိကန် အင်ပါယာကို ခုခံကာကွယ်ပေးနေသူတွေ ရင်ဆိုင်နေရတဲ့ ဝေခွဲမရ အကြံအိုက်နေမှုကို ရှုဝပ်ဇ်နဲ့ လိန်းတို့က တင်ပြခဲ့ပါတယ်။ (၁၉ ရာစုအကုန် အင်္ဂလန်ရဲ့ အကြံအိုက်မှုနဲ့ဆင်တူ)၊ "ကမ္ဘာ့နိုင်ငံရေးမှာ ၎င်းရဲ့ သာလွန်စိုးမိုးထားတဲ့ အခန်းကို ဝါရှင်တန်ဟာ ဆက်ထိန်းထားရမယ် "လို့[၉] အဲဒီခုခံကာကွယ်ပေးနေသူတွေက ယုံကြည်လက်ခံထားကြပါတယ်။ *၁၉၉၄– ၁၉၉၉ ဘဏ္ဍာရေးနှစ်များအတွက် ကာကွယ်ရေးစီမံချက်လမ်းညွှန်*ဆိုတဲ့ ပင်တဂွန်ရဲ့ မူကြမ်းစာတမ်းထဲမှာ ခုလိုဆိုထားပါတယ်။ "အခြားနိုင်ငံများအနေဖြင့် 'ကျွန်တော်တို့ရဲ့ ခေါင်းဆောင်မှုကို စိန်ခေါ်ခြင်း သို့မဟုတ် ထူထောင်ထားသော နိုင်ငံရေးနဲ့ စီးပွားရေး အခင်းအကျင်းများကို ပြောင်းပြန်လှန်ရန် ကြိုးပမ်းခြင်းတို့ကို အမေရိကန်က ဟန့်တားရမယ်။ – – – *ဒေသအဆင့်အရ သို့မဟုတ် ကမ္ဘာ့အဆင့်အရ ပိုကြီးမားသောအခန်းကို ရရှိရန် ရည်မှန်းကြိုးပမ်းပြီး ယှဉ်ပြိုင်လာနိုင်ခြေ ရှိသူများကိုပင်လျှင် ဟန့်တားမည့် ယန္တရားများကိုလည်း ကျွန်တော်တို့ ထိန်းသိမ်းထားရပေမည်* " (ROL ၏ စာလုံးစောင်းများ) "ယှဉ်ပြိုင်လာနိုင်ခြေရှိသူများ" ဆိုတာ ဂျာမဏီနဲ့ ဂျပန်တို့ ဖြစ်ကြတယ်လို့ ရှုဝပ်ဇ်နဲ့ လိန်းတို့က ထောက်ပြကြပါတယ်။

ယူဂိုဆလားဗီးယား နိုင်ငံအပေါ် လက်ရှိဆင်နွှဲနေတဲ့ အမေရိကန်ဦးဆောင်တဲ့ နေတိုးစစ်ပွဲရဲ့ လုံးလုံး "မဖော်ပြောဝံ့တဲ့" ရည်ရွယ်ချက်ကတော့ *ဥရောပမှာ အမေရိကန်စစ်ဘက် တည်ရှိနေမှုကို နေတိုးက ကိုယ်စားပြုနေတာပဲ ဖြစ်ပါတယ်။*[၁၀] ဥရောပတိုက်မှာ နေတိုး အခိုင်အမာတည်ရှိနေမှုကို ဒီနေတိုးစစ်ပွဲက ထပ်ပြီးခိုင်ခံ့တောင့်တင်းအောင် တည်ဆောက်ပေးပါတယ်။ ဥရောပသမဂ္ဂက ယူရိုငွေကြေး ထုတ်လာတဲ့ အချိန်နဲ့ နယ်ချဲ့စခန်းအတွင်း အမေရိကန်ဗိုလ်ကျလွှမ်းမိုးမှုကို စီးပွားရေးအရ စိန်ခေါ်ဖို့ အနေအထားတွေ ဖြစ်လာတဲ့ အချိန်တွေနဲ့အကိုက် ဒီစစ်ပွဲ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ နေတိုးအဖွဲ့ဝင်တွေ (နေတိုးအဖွဲ့ တည်ရှိနေဖို့အတွက် အကြောင်းအချက်တွေ အားလုံးပပျောက်နေတဲ့ အချိန်မှာ) တိုးပွားလာမှုဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်တွေ တိုးပွားလာမှုထက် ပိုမြန်ဆန်နေတာဟာ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးရေးဝါဒကြောင့် ဖြစ်ပါတယ်။ အဲဒီအကြောင်းကြောင့်ပဲ နေတိုးရဲ့ ထီးရိပ်အောက်မှာ ၎င်းတို့ရဲ့ စစ်အင်အားတွေ ဖွံ့ဖြိုးကြီးထွားလာစေဖို့ ဥရောပသမဂ္ဂက သဘောတူထားတာ ဖြစ်ပါတယ်။

ဂျပန်နယ်ချဲ့စနစ်နဲ့ ပတ်သက်ပြီးတော့လည်း အလားတူ ပြဿနာ ရှိနေပါတယ်။ ဂျပန်ကို လက်နက်ပြန်လည်တပ်ဆင်ရေးနဲ့ ပတ်သက်ပြီး အမေရိကန်

နယ်ချဲ့ရဲ့ စိုးရိမ်ပူပန်မှုကို ဇဘစ်ဂ်နျူးဘရ်ဇီဇင်စကီးက အမှတ်တမဲ့လိုလိုနဲ့ ပြောခဲ့ပါတယ်။ သူဟာ အမေရိကန် သမ္မတကာတာရဲ့ အမျိုးသားလုံခြုံရေး အကြံပေးဟောင်း တဦး ဖြစ်ပြီး သုံးပွင့်ဆိုင်ကော်မရှင်ကို ဒေးဗစ်ရော့ခ်ဖဲလား နဲ့အတူ အဓိကပန္နက်ချ ပုံဖော်ခဲ့သူလည်း ဖြစ်ပါတယ်။ "ပိုမိုကြီးမားတဲ့ စစ်ရေးတာဝန်တွေယူဖို့ ဂျပန်ကို ဖိအား ပေးတာဟာ အမေရိကန်ရဲ့ အကျိုးစီးပွားနဲ့ တကယ်တန်း ကိုက်ညီရဲ့လားဆိုတာ အတော့်ကို မသေချာလှတဲ့ ကိစ္စပဲ ဖြစ်ပါတယ်"[၁၁] လို့ ဘရ်ဇီဇင်စကီးက ပြောခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ဆောင်းပါးဖြစ်တဲ့ "ကမ္ဘာလုံး ဆိုင်ရာ စီးပွားရေးကပ် အန္တရာယ်နှင့် အာရှတိုက် စစ်နဲ့ တော်လှန်ရေး၏ ကြီးထွားလာသော အကျပ်အတည်း" ထဲမှာ ဂျပန်နိုင်ငံကွန်မြူနစ်ပါတီ (လက်ဝဲ) ဗဟို ကော်မတီက အခုလို ထောက်ပြထားပါတယ်။ "အာရှ ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများထဲတွင် ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံတွင်သာ အမေရိကန်စစ်စခန်းများ ရှိကြသည်။ ဂျပန်တွင် စစ်သည် ၄၅,၅၀၀ ရှိပြီး တောင်ကိုရီးယားတွင် ၃၆,၄၀၀ ရှိသည် " (နှာ ၈ )။ တကယ်ကတော့ အမေရိကန်ဟာ ဂျပန်တနိုင်ငံလုံးမှာ စစ်စခန်း တွေရှိတာ ဖြစ်ပြီး တိုကျိုမှာကို ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့အကြီးဆုံး မြီရှင်နိုင်ငံက ဂျပန်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး မြီစားနိုင်ငံက အမေရိကန် ဖြစ်နေတဲ့ အောက်မှာ ဂျပန်ဟာ ကြွေးမြီတွေကို ဘယ်လိုကောက်ခံပါ့မလဲ။

ဆိုဗီယက်ယူနီယံ ကျဆုံးပြီးတာတောင်မှ ထိပ်တန်းအရေးပါတဲ့ အမေရိကန်စစ်ရေး တွေးခေါ်ရှင်တွေအားလုံးဟာ ဥရောပနဲ့ အရှေ့မြောက်အာရှ (ဂျပန်နဲ့ ကိုရီးယား) တို့နဲ့အတူ ပါရှားပင်လယ်ကွေ့နဲ့ ၎င်းတို့ရဲ့ ရေနံတို့ဟာ ဒီနေ့ကမ္ဘာမှာ သော့ချက်ကျတဲ့ ဒေသတွေ ဖြစ်တယ်လို့ အခိုင်အမာ ဆိုနေဟန် ရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးပယ်ရီရဲ့ အဆိုအရ ၁၉၉၆ ခုနှစ်နှောင်းပိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်စစ်သည် ၁.၅ သန်းနဲ့ အရန်စစ်သည် ၉၀၀,၀၀၀ ရှိတဲ့အနက် ဥရောပမှာ ၁၀၀,၀၀၀ နဲ့ ပစိဖိတ်မှာ ၁၀၀,၀၀၀ ရှိကြတယ်။ အာရေဗျပင်လယ်ကွေ့မှာတော့ ၁၂,၀၀၀ မှ ၂၀,၀၀၀ သာ ရှိပါတယ်။ (ဒါပေမဲ့ လက်နက်ကိရိယာ စတာတွေကို ကြိုတင်ချထားပါတယ်။) ဒါတွေအားလုံးဟာ အမေရိကန်နယ်ချဲ့စနစ်ရဲ့ အကြီးမားဆုံး မဟာမိတ်တွေဖြစ်တဲ့ ဂျပန်နဲ့ ဂျာမဏီတို့ကို "ကိုယ့်နေရာမှန်သိအောင်" လုပ်ထားတာ ဖြစ်ပါတယ်။

၈။ ***အချိန်ပိုင်းတခုတွင်းတွင် မဟာဗျူဟာ ရွှေ့ပြောင်းမှု ရှိခဲ့သည်။ ဥရောပ စစ်မြေပြင်တွင် အမေရိကန် –ဆိုဗီယက် စစ်ပွဲအတွက် ပြင်ဆင်ခြင်းကို အလေးထားရာမှ အဖိနှိပ်ခံနိုင်ငံများတွင် အမေရိကန်၏ ပြောင်စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှု စွမ်းရည်တွေ တိုးမြှင့်ရေးသို့ အလေးထားလာခဲ့၏။***

၁၉၈၂ ခုနှစ် ဆောင်းဦးကတည်းက ဗဟိုထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးဟောင်း စတန်စဖီးလ်တာနာနဲ့ ရေတပ်အရာရှိတဦးဖြစ်သူ ဂျော့သီဘော့တို့ဟာ ဒီဦးတည်ချက်နဲ့ စစ်ရေးမဟာဗျူဟာသစ်အတွက် အရေးကြီးတဲ့ အဆိုပြုချက်တရပ်ကို ပူးပေါင်းတင်ပြခဲ့ကြပါတယ်။ "ဒုတိယကမ္ဘာစစ်ပြီးနောက် အမေရိကန် စစ်တပ် တိုက်ပွဲဆင်ရေးဘက် အသုံးပြုမှု တခုတည်းကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဂုဏ်ယူစရာဘာမှမရှိပါဘူး။ ကိုရီးယားကတော့ သရေလို့ ဆိုနိုင်ပါတယ်။ ဗီယက်နမ်မှာတော့ ရှုံးခဲ့တယ်။ မာယာဂွက်စ်သင်္ဘော ( Mayaguez ) အရေးအခင်းနဲ့ အီရန် ဓားစာခံ စစ်ဆင်ရေးတွေမှာတော့ အကြီးအကျယ် ဘေးတွေ့ခဲ့ကြရပါတယ် "[၁၂]လို့ တာနာ – သီဘော့တို့ဟာ ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ကြပါတယ်။ ဒီတိုက်ပွဲဆင်ရေး ဆုံးရှုံးမှုတွေဟာ ဥရောပတိုက် စစ်မြေပြင်မှာသာ မဟာဗျူဟာစစ်ဆင်ရေး စုစည်းမှုတွေကြောင့် ဖြစ်ရတာလို့ သူတို့က ယူဆကြပါတယ်။

အဲဒီအစား "ပါရှားပင်လယ်ကွေ့အတွင်း ဖြစ်နိုင်ဖွယ်ရာများအတွက် အလျင်အမြန် ရွှေ့ပြောင်းတပ်ဖွဲ့" ကို ဖွံ့ဖြိုးကြီးထွားအောင်လုပ်ဖို့ လိုအပ်တယ်လို့ သူတို့က တန်ပြန်အဆိုပြု ကြပါတယ်။ ဆိုဗီယက်ယူနီယံအပေါ်ထက် အခြားဆန့်ကျင်ဘက်တွေကို တိုက်ခိုက်ဖို့ "တတိယကမ္ဘာ" မှာ ဝင်ရောက်စွက်ဖက်မှု စွမ်းရည်ကို မြှင့်တင်တဲ့ စစ်ရေးမဟာဗျူဟာအတွက် သူတို့က ရပ်ခံပြောဆိုကြပါတယ်။ စစ်ရေးစက်မှုလုပ်ငန်း အဆောက်အအုံအတွင်းမှာ ခြစားမှုနဲ့ နေးကွေးထိုင်းမှိုင်းမှုတွေရှိတဲ့ကြားက ဒုတိယကမ္ဘာစစ်နောက်ပိုင်း အဖိနှိပ်ခံ ပြည်သူတွေရဲ့ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေကို ကိုင်တွယ်ရာမှာ အမေရိကန်ရဲ့ အားနည်းချက်တွေကို တစုံတရာ အသိအမှတ်ပြုမှုလည်း ရှိပါတယ်။ ဒါက အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကမှ အဖိနှိပ်ခံ ပြည်သူတွေကို ဆန့်ကျင်တဲ့ အမေရိကန်စစ်ရေး စွက်ဖက်မှုအတွက် စစ်ရေးပြင်ဆင်မှုဘက် များစွာအလေးထားရေးကို ဖြစ်စေခဲ့ပါတယ်။

၁၉၉၆ ခုနှစ် နှောင်းပိုင်းမှာ အဲဒီအချိန် အမေရိကန် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ပယ်ရီက အခုလို ရှင်းလင်းပြောဆိုခဲ့ပါတယ်။ "ဥရောပ၊ အရှေ့အလယ်ပိုင်းနဲ့ အာရှက အပူကွက်တွေဟာ အနည်းငယ်လေးသာ သတိပေးပြီး ထပေါက်ကွဲနိုင်ပါတယ်။ အမေရိကန်ရဲ့ အခရာကျတဲ့ အကျိုးစီးပွားတွေကို အန္တရာယ်ပေးပါလိမ့်မယ်။ ဒါကြောင့်မို့ အမေရိကန် စစ်အင်အားရဲ့ အရွယ်အစားနဲ့

ဖွဲ့စည်းတည်ဆောက်ပုံဟာ ဒါကို ဟန့်တားဖို့ လိုအပ်မှု အပေါ်မှာ အခြေခံရပါမယ်။ လိုအပ်ရင် ဒေသဆိုင်ရာ အဓိက တိုက်ပွဲနှစ်ခုကို တပြိုင်တည်းနီးနီး ဒေသမဟာမိတ်တွေနဲ့ပေါင်းပြီး တိုက်ခိုက်အနိုင်ယူနိုင်မှု အပေါ်မှာ အခြေခံရပါမယ်။ လမ်းညွှန်မှုကတော့ အမေရိကန်ပြည်ထောင်စုဟာ အောင်ပွဲခံဖို့ တိုက်ခိုက်ရပါမယ်။ အဆုံးအဖြတ်ရှိရှိ၊ မြန်မြန်ဆန်ဆန်နဲ့ အကျအဆုံး အနည်းဆုံးဖြင့် အောင်ပွဲခံရမယ်ဆိုတဲ့ လမ်းညွှန်မှု ဖြစ်ပါတယ်။”[၁၃]

၉။ ***အမေရိကန် နယ်ချဲ့စနစ်အား မျက်နှာသာပေး တည်ဆောက်ထားသော စစ်နယ်မြေများတွင် အမေရိကန်စစ်အင်အား ကြီးမားမှုဆိုသော ထင်ယောင်မှားမှုကို ဖန်တီးထား၏။***

အမေရိကန် စစ်ရေးရှုံးနိမ့်မှုကို တာနာ – သီဘော့တို့က ၁၉၈၂ ခုမှာ ဝန်ခံပြီးနောက်တွင် အမေရိကန်စစ်တပ်ဟာ ဂရင်းနေဒါမှာ “တိုက်ပွဲ” ဆင်ခဲ့ပါတယ်။ အနောက်ကမ္ဘာခြမ်းမှာ အငယ်ဆုံးတိုင်းပြည် ဖြစ်ပါတယ်။ လူဦးရေ ၁၀၀,၀၀၀ ပဲရှိတဲ့ ကျွန်းနိုင်ငံလေး ဖြစ်ပါတယ်။ အဲဒီမှာ ကျူးဘား ဆောက်လုပ်ရေးလုပ်သား ထောင်အနည်းငယ်လောက်ဟာ အမေရိကန်စစ်တပ်ရဲ့ ကျူးကျော်မှုကို သတ္တိပြောင်ပြောင်နဲ့ အချိန်ကာလတခုတကယ်ထိထိရောက်ရောက် သာလွန်စွာ တိုက်ခိုက်ခဲ့ကြပါတယ်။ သူ့ရဲ့ မဟာမိတ် နိုင်ငံဖြစ်တဲ့ ပနားမားကိုလည်း အမေရိကန် မရိမ်းတပ်တွေ ကျူးကျော်ဝင်ရောက် ခဲ့ကြပါတယ်။ ၎င်းတို့ရဲ့ လက်ကိုင်တုတ် ဖြစ်ခဲ့သူ နိုရီရေးဂါးကို ဖမ်းဆီးခဲ့ပါတယ်။ အဲဒီမှာ ခိုင်ခိုင်မာမာ စစ်ရေးအရတည်ရှိနေရေးနဲ့ ထိန်းချုပ်ထားရေးတို့ကို ဆက်လက်ထားရှိနိုင်ဖို့ အခြေခံရအောင်လုပ်တာ ဖြစ်ပါတယ်။ အီရတ်ပြည်သူတွေ အပေါ်မှာလည်း ကြမ်းကြုတ်ရက်စက်တဲ့ စစ်ပွဲကို အမေရိကန်စစ်တပ်ဟာ အားသွန်ခွန်စိုက် ဆင်နွှဲခဲ့ပါတယ်။ ဆက်ဒမ်ဟူစိန်ကို ဦးတည်တာလို့ ဆိုပါတယ်။ အီရန် – အီရတ် စစ်ပွဲမှာ ဟူစိန်ရဲ့ အစိုးရအဖွဲ့ဟာလည်း အမေရိကန်နယ်ချဲ့စနစ်အတွက် လက်ကိုင်တုတ်အဖြစ် ဆောင်ရွက်ခဲ့တာပါ။ ဆိုမာလီယာက မျိုးနွယ်စု တပ်ဖွဲ့တွေကို အမေရိကန်အနေနဲ့ ကိုင်တွယ်ထိန်းချုပ်ဖို့ သိပ်ခက်လာတဲ့ အခါမှာလည်း အဲဒီကို သူတို့သွားကြပါတယ်။ ဘော်လ်ကန်သို့လည်း သူတို့ရဲ့ နေတိုးမဟာမိတ်တွေနဲ့ အတူ ဝင်ရောက်ကြပါတယ်။ ယခင် ယူဂိုဆလားဗီးယားနိုင်ငံမှာ ဘောစနီးယားနိုင်ငံ ဖန်တီးခြင်း၊ ဒေတန်သဘောတူညီချက်များ၊ မီလိုဆီဗစ်ရဲ့ ရာဇဝတ်မှုများကို လျစ်လျူရှုထားခြင်း စတာတွေကတဆင့် အကြမ်းဖက်မှုနဲ့ တန်ပြန်မှုတွေ ဖြစ်အောင်လုပ်ပြီးမှ ဒါတွေကို ထိန်းချုပ်ဖို့ဆိုပြီး ဝင်ကြတာ ဖြစ်ပါတယ်။

ဒီနေရာမှာ တောက်လျှောက်နီးပါး တွေ့ရတဲ့ အဓိက အကြောင်းအရာကတော့ *သူတို့ရဲ့ လက်ကိုင်တုတ်တွေကို စစ်ရေးပစ်မှတ်အဖြစ် အမေရိကန်နယ်ချဲ့က သုံးခဲ့ခြင်းပဲ ဖြစ်ပါတယ်။* တိကျတဲ့ထောက်ပို့နဲ့ တခြားသတင်းအချက်အလက်တွေဟာ နည်းပညာမြင့် လက်နက်တွေရဲ့ ထိရောက်မှုအတွက် သော့ချက်ဖြစ်ပါတယ်။ ကိုယ်တိုင်ငွေကြေးထောက်ပံ့ တည်ဆောက်ပေးထားတဲ့ တနည်းအားဖြင့် ကိုယ်ကထဲထဲဝင်ဝင် သိထားတဲ့ စစ်ရေးအဆောက်အအုံပေါ်မှာ ကိုယ့်လက်နက်တွေကို အသုံးပြုရတာထက် ပိုကောင်းတာ ရှိပါ့မလား။ ဒီ “လူတုံးလူအ” တွေကို တိုက်ခိုက်ပြီးတော့ အမေရိကန်ကာကွယ်ရေးဝန်ကြီးပယ်ရီက အခုလိုဆိုလာနိုင်ပါတော့တယ်။ (၁၉၉၆ ခုနှစ် နှောင်းပိုင်းမှာပါ ) “ကမ္ဘာပေါ်က စစ်တပ်တိုင်းဟာ အမေရိကန် စစ်တပ်ကို အတုယူရမယ့် ပုံစံအဖြစ် ကြည့်မြင်ကြပါတယ်။”[၁၄]

၁၀။ ***ကမ္ဘာအရပ်ရပ်မှ ဖောက်ပြန်သော စစ်အင်အားစုများကို အမေရိကန်နယ်ချဲ့က ဖန်တီး၊ ကျွေးကန်၊ လေ့ကျင့်ပြီး လက်နက်တပ်ဆင်ပေးနေသည်။ ကျွန်ပြုမှုနဲ့ ဖိနှိပ်မှုဆိုင်ရာ ကမ္ဘာ့စနစ်ဖြစ်တဲ့ အရင်းရှင်စနစ်ရဲ့ နောက်ဆုံးအသက်ငင်နေတဲ့ အဆင့်ဖြစ်တဲ့ နယ်ချဲ့စနစ် ဆက်လက်တည်ရှိနေဖို့ သူတို့က ကူညီပေးကြ၏။***

ကွန်ဂိုက မိုဘူတူနဲ့ အင်ဒိုနီးရှားက ဆူဟာတိုတို့ ပြုတ်သွားတာ ၁၉၉၈ မှာ တွေ့မြင်ရပါတယ်။ သူတို့နှစ်ယောက်ဟာ ကမ္ဘာ့ခြအစားဆုံး၊ အရက်စက်ဆုံးနဲ့ ကြာရှည်စွာ အုပ်စိုးခဲ့ကြတဲ့ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံတကာ့ နယ်ချဲ့စနစ်ရဲ့ ရုပ်သေးတွေ ဖြစ်ကြပါတယ်။ သူတို့တိုင်းပြည်တွေရဲ့ ကြီးမားများပြားလှတဲ့ သဘာဝ သယံဇာတတွေဟာ စနစ်တကျနဲ့ ယူဆောင်သွားခံရပြီး ပြည်သူတွေကတော့ ပိုပိုဆင်းရဲလာကြပါတယ်။ ၁၉၉၈ ခုနှစ်မှာ ချီလီရဲ့ အာဏာရှင်ဟောင်းဖြစ်သူ ပီနိုရှေးနိုင်ငံပြန်ပို့ရေး တိုက်ပွဲလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ သူတို့သုံးယောက်စလုံးဟာ စစ်ဗိုလ်ချုပ်ကြီးတွေ ဖြစ်ကြပြီး နိုင်ငံတကာ အရင်းရဲ့အမှုတော်ထမ်းတွေ ဖြစ်ပါတယ်။ အမေရိကန်နယ်ချဲ့ကိုယ်စား သူတို့ရဲ့လုပ်နေကျ စစ်ရေးလုပ်ငန်းတွေရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ ကွပ်မျက်ရေးတပ်ဖွဲ့တွေနဲ့ လူထုညှဉ်းပန်းနှိပ်စက်ရေး စတာတွေအတွက်လည်း တာဝန်ရှိကြသူတွေ ဖြစ်ပါတယ်။ အာဖရိက၊ အာရှနဲ့ လက်တင်အမေရိကမှ အဲဒီမင်းဆိုး သုံးဦးဟာ အရင်းရှင်ကမ္ဘာမှာ အမေရိကန် ဗိုလ်ကျလွှမ်းမိုးမှုကာလအတွင်း အဖိနှိပ်ခံ ပြည်သူတွေအပေါ် အမေရိကန်နယ်ချဲ့က အာဏာပြ ချမှတ်ထားတဲ့ စစ်ရေး (နဲ့ နိုင်ငံရေး –စီးပွားရေး ) ခေါင်းဆောင်မှုအတွက် အရည်အချင်းရှိ အမှုထမ်းတွေပါ။ အမေရိကန်ဦးဆောင်တဲ့ နိုင်ငံတကာ အရင်းအတွက် ဌာနေဆိုင်ရာ စစ်ရေးထောက်ပံ့မှုတွေကို

အဲဒီလို မင်းဆိုးမင်းညစ်တွေက ထောက်ပံ့ပေးနေတာ ဖြစ်ပါတယ်။ (ဥပမာအားဖြင့် နံမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ "အမေရိကန်တို့၏ကျောင်း" ဟာ အကျယ်အပြန့် ဖွင့်ချခံနေရ၊ လူထုက ဆန့်ကျင်တိုက်ပွဲဝင်ခံနေရတဲ့ကြားက ဆက်လက်လည်ပတ်နေနိုင်တာဟာ ဒါကြောင့်ပဲ ဖြစ်ပါတယ်။)

အဖိနှိပ်ခံတိုင်းပြည်များနဲ့ မှီခိုတဲ့ တိုင်းပြည်များရှိ ပစ္စည်းမဲ့လူတန်းစားအပေါ် မဟာသွေးစုပ်ခြင်းနဲ့ ကမ္ဘာပေါ်ရှိ ကိုလိုနီနဲ့ မှီခိုတဲ့ပြည်သူ သန်းရာပေါင်းများစွာအပေါ် အမျိုးသားဖိနှိပ်မှုတွေ ခံစားနေကြရပါတယ်။ အဲဒါတွေက နယ်ချဲ့စနစ်အဆင့်သို့ ရောက်ရှိနေတဲ့ ဟောင်းနွမ်းပြီး သေအံ့မူးမူးဖြစ်နေတဲ့ အရင်းရှင်စနစ်ရဲ့ လူမှုစီးပွားရေးစနစ်ကို မြေမြှုပ်ပစ်မယ့် သချိုင်းတူးသမားတွေကို ဆက်လက်ပြီးတော့ ထပ်ပြန်တလဲလဲ မွေးထုတ်ပေးနေမှာ ဖြစ်ပါတယ်။

၁၁။ ***အမေရိကန်နယ်ချဲ့စနစ်၏ ကမ္ဘာ့စစ်ရေး မဟာဗျူဟာအတွက် အဘိဓမ္မာမှာ လက်တွေ့အသုံးချရေးဝါဒ ဖြစ်ပါသည်။***

မကြာခင်က ထွက်လာတဲ့ အာဏာပိုင် ပြောရေးဆိုခွင့်ရှိသူရဲ့ ဆောင်းပါးထဲမှာ လက်ရှိအမေရိကန်နိုင်ငံခြားရေး ပေါ်လစီ[၁၅] ကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးမယ်ဒလင်းအောလ်ဘရိုက်က အသေးစိတ် ရှင်းလင်းပြထားပါတယ်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း သူ့ရှေ့က တာဝန်ထမ်းခဲ့တဲ့ နံမည်အကျော်ကြားဆုံးဖြစ်သူ ဒင်းအာချီဆန်ရဲ့ ရေးသားချက်ကို ကိုးကားချက်ပြီး သူ့ရဲ့ ဆောင်းပါးကို စဖွင့်ခဲ့ပါတယ်။ ကမ္ဘာတဝှမ်းမှ ဖက်ဆစ်စနစ်အပေါ် ဆိုဗီယက်ဦးဆောင်ပြီး အောင်ပွဲဆင်ပြီးနောက်မှာ အာချီဆန်က အခုလို ပြောခဲ့ပါတယ်။ "ကျွန်တော်တို့ ဘဝတွေအားလုံး အန္တရာယ်၊ မရေရာမှုနဲ့ သတိရှိမှု၊ လုံးပန်းမှု၊ စည်းကမ်းရှိမှုတွေ လိုအပ်ခြင်းတွေဟာ ကျွန်တော်တို့အပေါ် ကျရောက်နေပါတယ်။ ----ဒါတွေကို ကျွန်တော်တို့ တွေ့ကြုံကြရတော့မှာ ဖြစ်ပြီး တခုတည်းသော တကယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဒါတွေကို လုံလောက်တဲ့ အချိန်တိုအတွင်းမှာ သိမသိဆိုတာပါပဲ" ဒီကိုးကားချက်က နယ်ချဲ့စနစ်မှာ အနာဂတ်မရှိဘူးဆိုတာနဲ့ သူ့ရဲ့ကျန်တဲ့သက်တမ်းမှာ ကြုံရာမရကမူးရှူးထိုး ဖြစ်နေမယ်ဆိုတဲ့ အမှန်တရားကို ရောင်ပြန်ဟပ်ပြနေပါတယ်။

နောက်ပြီး ဒီ " လူတိုင်းကိုယ့်အတွက်ပဲ ကိုယ်လုပ်ကြတယ် " ဆိုတဲ့အမြင်ဟာ လက်တွေ့အသုံးချရေးဝါဒရဲ့ တကယ့် အနှစ်သာရ ဖြစ်ပါတယ်။

ဒီနေရာမှာ "လက်တွေ့အသုံးချဝါဒ " ဆိုတဲ့ ဝေါဟာရကို အခန်းခေါင်းစဉ်ဖြစ်နဲ့ အောလ်ဘရိုက်က အထူးပြု သုံးထားပါတယ်။ "နိုင်ငံခြားရေး ပေါ်လစီ ဒုတိယစမ်းသပ်မှုဟာ လက်တွေ့အသုံးချဝါဒအပေါ် စမ်းသပ်တာဖြစ်ပါတယ်။ အကျိုးရလဒ်တွေ ကျွန်မတို့ ရကြရဲ့လား" လို့ သူက ဆိုထားပါတယ်။ လက်တွေ့အသုံးချဝါဒနဲ့ လက်နက်တပ်ဆင်ထားတဲ့ အောလ်ဘရိုက်က "ကျွန်မတို့ခေတ်မှာ ပြိုင်ဘက်တွေ၊ စည်းကမ်းချက်တွေ နဲ့ ကုန်ကုန်ပြောရရင် ကစားကွင်းနေရာကိုတောင် အပြည့်အဝတသမတ်တည်း ချမှတ်ထားခြင်းမရှိပါဘူး" လို့ အဆိုပြုခဲ့ပါတယ်။[၁၆]

လက်တွေ့အသုံးချရေးဝါဒဟာ အထွေထွေ နယ်ချဲ့စနစ်ရဲ့ အဘိဓမ္မာဖြစ်ပြီး အထူးသဖြင့် အမေရိကန်နယ်ချဲ့စနစ်ရဲ့အဘိဓမ္မာ ဖြစ်ပါတယ်။ လက်တွေ့အသုံးချဝါဒရဲ့ အထူးချွန်ဆုံး အဘိဓမ္မာပညာရှင် ဝီလျံဂျိမ်း ပြောခဲ့သလိုပါပဲ။ "လက်တွေ့အသုံးချဝါဒဟာ အရာရာကို အသုံးချပါတယ်။ "[၁၇] "လက်တွေ့အသုံးချဝါဒက ၎င်းရဲ့ မေးနေကျ မေးခွန်းပဲ မေးပါတယ် ----တိုတိုပြောရရင် အတွေ့အကြုံ သတ်မှတ်ချက်တွေအရ သစ္စာတရားရဲ့ ငွေကြေးတန်ဖိုးဟာ ဘယ်လောက်ရှိပါသလဲ"[၁၈]အမှန်ပါပဲ။ အောလ်ဘရိုက်နဲ့ အမေရိကန်နယ်ချဲ့စနစ်အတွက် လမ်းညွှန်မှုကတော့ "ငွေကြေးတန်ဖိုး" ပါပဲ။

အမေရိကန်နယ်ချဲ့စနစ်ရဲ့ လုံးဝအရှက်ကင်းမဲ့တဲ့ ၎င်းရဲ့လက်တွေ့ကျတဲ့ ချဉ်းကပ်မှုကို ဟွန်ဒူရပ်စ်နဲ့ ၎င်းရဲ့ဆက်ဆံရေးတွေမှာ တွေ့နိုင်ပါတယ်။ ၁၉၈၀ ခုနှစ်တွေမှာ ဟွန်ဒူရပ်စ်ကို အဲဒီမှာ အခြေချနေတဲ့ အမေရိကန်သံအမတ် ဂျွန်နီဂရိုပွန်တီ ဦးဆောင်တဲ့ အမေရိကန်အာဏာရှင်စနစ်က ဖြောင်းချယ်လှယ်နေတာ ဖြစ်ပါတယ်။ နီကာရာဂွာနဲ့ အယ်လ်ဆာဗေဒိုက ပြည်သူတွေကို တိုက်ခိုက်တဲ့ စစ်ဆင်ရေးတွေအတွက် ကြီးမားတဲ့ စစ်အခြေခံစခန်းအဖြစ် ဟွန်ဒူရပ်စ်ကို အမေရိကန်နယ်ချဲ့စနစ်က အသုံးချခဲ့ပါတယ်။ များပြားလှတဲ့ စစ်အခြေခံ စခန်းတွေကို ကာကွယ်ဖို့အတွက် ပတ်ပတ်လည်မှာရှိတဲ့ အပင်တွေက အရွက်တွေကို အမေရိကန်စစ်ဘက်က ခြွေချခဲ့ပါတယ်။ အဲဒီနယ်မြေနဲ့ လူတွေကို အနာဂတ် သဘာဝကပ်ဘေးတွေမှ အကာအကွယ် ကင်းမဲ့စေခဲ့ပါတယ်။ ဟွန်ဒူရပ်စ်မှာ ၁၉၉၈ ခုနှစ် ဟာရီကိန်းမုန်တိုင်း အပျက်အစီးကြီးဟာ အဲဒီ အမေရိကန်စစ်တပ်ရဲ့ သစ်ရွက်ခြွေချမှုတွေကြောင့် ပိုဆိုးခဲ့ရတာပါ။ ဟာရီကိန်းမုန်တိုင်း တိုက်ပြီးနောက် ဒီနေ့အခါမှာတော့ ဟွန်ဒူရပ်စ်ကို အမေရိကန် နယ်ချဲ့စနစ်ဟာ "လူသားချင်းစာနာတဲ့ အကူအညီ" ဆိုတဲ့ အဖုံးအကွယ်နဲ့ စစ်ရေးအကူအညီတွေ ပေးနေပါတယ်။ တကယ်အစစ်အမှန်ကတော့ ဒါကိုမီးခိုးမြိုင်းအနေနဲ့သုံးပြီး အမေရိကန်နယ်ချဲ့စနစ်ဟာ လက်တင်အမေရိက စစ်ဆင်ရေးတွေအတွက် သူတို့ရဲ့ အဓိက စစ်အခြေခံစခန်းကို ပနားမားမှ

ဟွန်ဒူရပ်စ်သို့ ရွှေ့ပြောင်းနေတာ ဖြစ်ပါတယ်။ တကယ့်လက်တွေ့အသုံးချဝါဒ ပါပဲ။

*နည်းလမ်းမျိုးစုံသုံးပြီး အကြီးမားဆုံး အမြတ်အစွန်းနောက် လိုက်ရာမှာ* နိုင်ငံတကာ့ ပစ္စည်းမဲ့လုပ်တန်းစားနဲ့ အဖိနှိပ်ခံပြည်သူများ အပါအဝင် သူတို့ရဲ့လက်ဝေခံများ၊ အမျိုးသားနေရှင်နဲ့ ဓနရှင်ပေါက်စလက်ကိုင်တုတ်များနဲ့ နောက်ဆုံးသူတို့ရဲ့ နယ်ချဲ့ လုပ်ဖော်ပြိုင်ဘက်တွေ အပေါ်ပင်မချန် အကြီးမားဆုံး အမြတ်ရဖို့ဆိုရင် ဘာမဆိုလုပ်မယ် ဆိုတာဟာ သူတို့ရဲ့ တခုတည်းသော "မူ" ဖြစ်ပါတယ်။ ဒါကြောင့်မို့ အမေရိကန် နယ်ချဲ့စနစ်မှာ တဦးချင်း/ ကော်ပိုရေးရှင်းနဲ့ သို့မဟုတ် ဘဏ်လုပ်ငန်းတွေက ရရှိမယ့် အကြီးမားဆုံး အမြတ်အစွန်းတွေအပေါ် သစ္စာရှိမှုကို ကျော်လွန်ပြီး ထာဝရမဟာမိတ်ဆိုတာ မရှိပါဘူး။ ထာဝရ သစ္စာစောင့်သိမှုဆိုတာ မရှိပါဘူး။ အမေရိကန် နယ်ချဲ့အစိုးရ ယန္တရားအပေါ်မှာ တောင်မှ ၎င်းရဲ့ အကျိုးစီးပွားများကို ထမ်းဆောင်ပေးတဲ့ အတိုင်းအတာအထိပဲ သစ္စာစောင့်သိတာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် ကာလတုန်းက ဟစ်တလာရဲ့ စစ်လက်နက်တိုက်ကို ဖြည့်တင်းပေးခဲ့ကြတဲ့ ဖို့ နဲ့ ဂျင်နရယ်မော်တော် ကုမ္ပဏီတို့ကို အမှတ်ရကြပါ။ ဂျာမဏီက သိမ်းပိုက်ထားတဲ့ သူတို့ရဲ့ ဥရောပစက်ရုံတွေဟာ နာဇီစစ်ယန္တရားအတွက် တင့်ကားအပါအဝင် စစ်သုံးယာဉ်တွေ ထုတ်လုပ်ပေးခဲ့ပါတယ်။ သူတို့စက်ရုံတွေကို မဟာမိတ်တပ်တွေက ဗုံးမကြဲခဲ့ကြပါဘူး။ အမေရိကန် စစ်ရေးမဟာဗျူဟာ တွေးခေါ်မှု အပါအဝင် ကျန်နယ်ပယ်အားလုံးကို လက်တွေ့အသုံးချဝါဒက စိုးမိုးထားတာ ဖြစ်ပါတယ်။

အဲဒီလို မူမရှိတဲ့ "မူ" ဒါမှမဟုတ် လုပ်ငန်းဆောင်ရွက်ရေး အထူးနည်းနာက အမေရိကန်နယ်ချဲ့စနစ်ကို အားကောင်းတဲ့၊ စုပေါင်းထားတဲ့ "အနိုင်ယူရေး စိတ်ဓာတ်" ကို ရေတိုအတွက်တော့ ပေးပါတယ်။ ဒါပေမဲ့ ရေရှည်မှာကျရင်တော့ ဒီလက်တွေ့အသုံးချဝါဒရဲ့ ပြောင်ကျပြီး အထိန်းအကွပ် မရှိတဲ့ ရိုင်းစိုင်းကြမ်းကြုတ်မှု၊ လောဘနဲ့ အတ္တကြီးမှုတို့က ရန်သူရော မိတ်ဆွေတွေကိုပါ ၎င်းနဲ့ ကွဲကွာသွားစေမှာ ဖြစ်ပါတယ်။ နယ်ချဲ့ခေတ်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနဲ့ ငြိမ်းချမ်းစွာ ပြောင်းလဲရေးဆိုတဲ့ ဘူဇွာဒီမိုကရေစီနဲ့ ပြန်လည်ပြင်ဆင်ရေး ထင်ယောင်မှားမှုတွေဟာ လုံးလုံးကြီး ချွတ်ခြုံကျနေတယ်ဆိုတာကို အမေရိကန်နယ်ချဲ့စနစ်ရဲ့ လက်တွေ့အသုံးချဝါဒလုပ်ဟန်က ဖော်ထုတ်ပြလိုက်ပါတယ်။

Ray O. Light ရဲ့ ၁၉၉၉ ခုနှစ် စက်တင်ဘာလထုတ် Characteristic Features of The Worldwide Military Strategy of U.S. Imperialism ကို ကောက်နုတ်ပြန်ဆိုပါတယ်။

စာကိုး

( ၁ ) ဒီပြောင်မြောက်တဲ့ ဝေါဟာရကို ဗြိတိသျှစစ်ရေးသမိုင်းပညာရှင်ဖြစ်တဲ့ ကော်ရယ်လီဘားနက်က ၁၉ ရာစုနှစ် ဗြိတိသျှအုပ်စိုးသူလူတန်းစားရဲ့ အမြင်နဲ့ ပတ်သက်လို့ သုံးခဲ့တာ ဖြစ်ပါတယ်။ အဲဒီအမြင်ကတော့ ဗြိတိသျှစီးပွားရေး ကျန်းမာသန်စွမ်းရေးအတွက် အိန္ဒိယပြည်ကို ပိုင်ဆိုင်ဖို့ လိုအပ်တယ်။ ဒါကြောင့်မို့ "ယိမ်းယိုင်နေတဲ့ အော်တိုမန်အင်ပါယာကို ကျားကန်ပေးရေး၊ မြေထဲပင်လယ်နဲ့ အာဖရိကတိုက်ရဲ့ အရှေ့ဘက်နဲ့ တောင်ဘက်ရှိ ကျယ်ပြောလှတဲ့ နယ်မြေတွေ ရယူရေး အပြင် ပါရှားပင်လယ်ကွေ့တွင် ဩဇာစက်ဝန်း ထူထောင်ရေးနဲ့ အီဂျစ်ရဲ့လုံခြုံရေးနဲ့ တည်ငြိမ်မှုတို့အတွက် တာဝန်ယူရေး" တို့လည်း လိုအပ်တယ်။ (နှာ ၁၄၊ နိုင်ငံခြားရေး ပေါ်လစီ၊ ဆောင်းဦး ၁၉၉၃) တကယ်ကတော့ ဒုတိယကမ္ဘာစစ် နောက်ပိုင်းမှာ အမေရိကန်နယ်ချဲ့စနစ်က ထိန်းထားခဲ့တဲ့ ဗိုလ်ကျစိုးမိုးရေး အနေအထားကို တခြားနယ်ချဲ့ အင်အားစုတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ၁၉ ရာစုနှောင်းပိုင်း ဗြိတိသျှနယ်ချဲ့စနစ်ရဲ့ ဗိုလ်ကျစိုးမိုးရေး အနေအထား တခုတည်းကသာ ယှဉ်နိုင်ပါတယ်။ အမေရိကန်နယ်ချဲ့စနစ်ရဲ့ တကမ္ဘာလုံးဆိုင်ရာ စစ်ရေးမဟာဗျူဟာကလည်း အလားတူ "မဟာဗျူဟာ အလွန်အကျွံ ချဲ့ထွင်ရေး" ဆီသို့ ဦးတည်သွားမှာ သေချာပေါက်ပဲ ဖြစ်ပါတယ်။

( ၂ ) ၁၉၉၅၊ နိုဝင်ဘာ/ဒီဇင်ဘာထုတ် Foreign Affairs တွင်ပါရှိသော our over stuffed Armed Forces မှ၊ နှာ ၂၃

( ၃ ) ၁၉၉၇ ခုနှစ် နိုဝင်ဘာ/ဒီဇင်ဘာ Foreign Affairs တွင်ပါရှိသော'Transforming the Military ' မှ၊ နှာ၇၃

( ၄ ) 1996 Nov/Dec Foreign Affairs. "Defence in an age of Hope"

( ၅ ) ၁၉၉၅ နို/ဒီ FA ပါ Lawrence F. Korbရဲ့ "Our Overstuffed Armed Forces" ကို ကြည့်ပါ။

( ၆ ) ၁၉၉၁ ဆောင်းဦး၊ F.A SELECTIVE GLOBAL COMMITMENT မှ

( ၇ ) ၁၉၉၃၊ ဆောင်းဦး၊ F.P . American Hegemony - Without an Enemy တွင် Layne နှင့် Schwarz တို့က ကိုးကားခဲ့

( ၈ ) ကျွန်တော်တို့ စာရေးသူများရဲ့ စာလုံးစောင်းများ ဖြစ်တယ်။ 1997,July/Aug. F.A. "Transforming the Military " နှာ ၅၈

( ၉ ) ကိုဆိုဗို – အမေရိကန် နယ်ချဲ့ ပြောင်ကျူးကျော်မှုရဲ့ လတ်တလောနမူနာ

[ဒီအစီရင်ခံစာကို ရေးနေတုန်းမှာ (ဖေဖော်ဝါရီ၊ ၂၀) အမေရိကန် နယ်ချဲ့စနစ်နဲ့ သူ့ရဲ့ နေတိုးမဟာမိတ်တွေက ယခင်ယူဂိုဆလားဗီးယား နိုင်ငံတဝှမ်းရှိ ဆာ့ဗ်ပြည်သူတွေကို အကြီးအကျယ် ဖုံးကြဲချေမှုန်းပစ်မယ်လို့ ခြိမ်းခြောက်နေပါတယ်။ ဘာလို့ဆော်မှုမှ မရှိဘဲနဲ့ အမေရိကန်နယ်ချဲ့ စစ်ရာဇဝတ်ကောင်တွေက လက်နက်တွေသုံးပြီး အကြီးအကျယ် ဖျက်ဆီးပစ်မယ်လို့ ဆိုနေတာပါ။ "တရားမျှတရေး" အတွက်လို့ဆိုပြီး အကြောင်းပြပါတယ်။ အမှန်ကတော့ ယူဂိုဆလားဗီးယား နိုင်ငံရဲ့ ကိုဆိုဗိုဒေသကို နေတိုးစစ်သည် ၂၈,၀၀၀ ကသိမ်းပိုက်မှာကို ဆာ့ဗ်– ယူဂိုဆလပ်အစိုးရရဲ့ ခုခံဆန့်ကျင်မှုကို ချေမှုန်းပစ်ဖို့ ဖြစ်ပါတယ်။ နယ်ချဲ့က ချမှတ်ထားတဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်က ကိုဆိုဗို လွတ်မြောက်ရေးတပ်မတော်ကိုလည်း ဖျက်သိမ်းပစ်မှာ ဖြစ်ပါတယ်။ ဒီသဘောတူညီချက်အရ ကိုဆိုဗိုဟာ အယ်လ်ဘေးနီးယားအများစုဖြစ်တဲ့ လူထုလက်ထဲ ရောက်လာမှာ မဟုတ်သလို ဆာ့ဗ်လွှမ်းမိုးတဲ့ ပြည်ထောင်စုအစိုးရလက်ထဲလည်း ရောက်လာမှာ မဟုတ်ပါ။ အမေရိကန်နယ်ချဲ့ဦးစီးတဲ့ နေတိုးအင်အားတွေရဲ့လက်ထဲ လုံးလုံးကြီး ရောက်သွားမှာ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်ကပဲ အများစု လုပ်ထားတာဖြစ်တဲ့ ဒီကိုဆိုဗို အကျပ်အတည်းကို အသုံးချပြီး နယ်ချဲ့တွေဟာ အယ်လ်ဘေးနီးယားနိုင်ငံရဲ့ ဆိပ်ကမ်းတွေနဲ့ လေဆိပ်တွေကို အပြည့်အဝ သုံးခွင့်ကို လက်ရှိ အယ်လ်ဘေးနီးယား အစိုးရဆီက ရရှိခဲ့ပါတယ်။ ဒါဟာ သူတို့အတွက် အပိုဆုပါပဲ။ ဒီမှာ နယ်ချဲ့အင်အားတွေဟာ အယ်လ်ဘေးနီးယား အမျိုးသားရေးဝါဒအပေါ်မှာ အားပြုကြပါတယ်။ (ဆိုလိုတာက ကိုဆိုဗိုများကို ထောက်ခံတယ်) ဒီနည်းအားဖြင့် အယ်လ်ဘေးနီးယား ပြည်သူတွေဟာ သူတို့နိုင်ငံကို နယ်ချဲ့သိမ်းပိုက်ထားတာကို မမြင်တော့အောင် လုပ်ပါတယ်။ ဒီနိုင်ငံဟာ မင်းမဲ့ဝါဒ ချောက်နခမ်းပေါ်မှာ ယိမ်းယိုင်နေတာ ဖြစ်ပေမယ့် ဆိုရှယ်လစ်ဝါဒရဲ့ "အနာဂတ်ဘက်ဆီသို့" ပြန်ဦးလှည့်သွားမယ့် အလားအလာလည်း ရှိနေပါတယ်။

ဒီအမေရိကန် ဦးဆောင်တဲ့ နယ်ချဲ့စစ်စီမံကိန်းရဲ့ ဂရုပြုသင့်တဲ့ အခြားအချက် အနည်းငယ်ကတော့ (က) နေတိုးသိမ်းပိုက်ရေးတပ်ဖွဲ့ ၂၈,၀၀၀ မှာ အမေရိကန်စစ်သည် ၄,၀၀၀ သာပါခြင်း၊ ( ခ ) အသုံးပြုဖို့ စီမံထားတဲ့ နေတိုးလေယာဉ် ၄၈၀ စီးထဲမှာ အမေရိကန်လေယာဉ် ၂၇၀ စီးပါပြီး စုစုပေါင်းရဲ့ တဝက်ကျော်ရှိပါတယ်။ ဒါ့အပြင် အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် အင်တာပရိုက်စ်နဲ့ အခြားရေတပ်သင်္ဘောများပေါ်မှ တောမာဟော့ခ် ဒုံးပျံများ ပစ်လွှတ်နိုင်ပါတယ်။ ဒီလို အတိုင်းအတာ ကြီးမားတဲ့ စစ်ဘက်နည်းပညာမြင့် လက်နက်ကိရိယာ၊ ရုပ်ဝတ္ထုပစ္စည်းများနဲ့ ခဲယမ်းများထဲမှာ အမေရိကန်ဟာ သူ့ရဲ့ဥရောပနယ်ချဲ့ လုပ်ဖော်ကိုင်ဖက်များနဲ့နှိုင်းစာရင် အချိုးအစားအရ ပိုမိုကြီးမားနေခြင်း။ (ဂ) ကိုဆိုဗိုမှာ အမေရိကန် –နေတိုးအောင်မြင်မှုဟာ ဒေသအတွင်း ဆာ့ဗ်နဲ့အယ်လ်ဘေးနီးယားတို့ နှစ်ဦးလုံးရဲ့ အမျိုးသား အချုပ်အခြာအာဏာပိုင်မှုကို ပိုပြီးကြီးမားစွာ ဖျက်ဆီးပစ်လိုက်တာကို ကိုယ်စားပြုပါတယ်။ ဥရောပတောင်ပိုင်းမှ သူတို့ရဲ့ အနေအထားများနဲ့ ယခင်ဆိုဗီယက်ယူနီယံ၊ တူရကီနဲ့ ဂရိတို့နဲ့ဆက်စပ်ရင် အမေရိကန်ဦးဆောင်တဲ့ နယ်ချဲ့အင်အားစုတွေ အင်အားတောင့်တင်းလာတာကိုလည်း ကိုယ်စားပြုမှာ ဖြစ်ပါတယ်။ အားလုံးဟာ မဟာဗျူဟာအရ အရေးကြီးတဲ့ ဒေသတွေချည်း ဖြစ်ပါတယ်။ နိုင်ငံရေးအရ သူတို့ဟာ နယ်ချဲ့ကို လိုလားတဲ့ အစိုးရတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ မကြာမီ သို့မဟုတ် သက်တမ်းတဝက်အတွင်းမှာ တော်လှန်ဖြိုချခံရမှုကို ခံရနိုင်ဖွယ် ရှိနေပါတယ်။ စီးပွားရေးအရဆိုရင် အရှေ့အလယ်ပိုင်းနဲ့ ယခင်ဆိုဗီယက်ယူနီယံ အထူးသဖြင့် ကော့ကေးဆပ်တို့မှ ရေနံဟာလည်း အလားတူ အရေးကြီးပြဿနာ ဖြစ်ပါတယ်။

( ၁၀ )ယူဂိုဆလားဗီးယားနိုင်ငံအပေါ် ဆင်နွှဲနေတဲ့ အဲဒီရက်စက်ကြမ်းကြုတ်တဲ့ စစ်ပွဲနဲ့ အတွင်းပိုင်း ဆက်စပ်မှုတွေ ဖြစ်နေတာကတော့ ဂျာမဏီနယ်ချဲ့စနစ်ရဲ့ ကြီးထွားလာနေတဲ့ စစ်ရေးအခန်းပါပဲ။ ဂျာမဏီနိုင်ငံဟာ ဥရောပသမဂ္ဂရဲ့ စီးပွားရေး ရရန်ပိုင်ခွင့်တွေရဲ့ သုံးပုံတပုံလောက် ရှိပါတယ်။ ဂျာမဏီနိုင်ငံဟာ မနှစ်က စီးပွားရေးအရ သမဂ္ဂအတွင်းမှာ ရောင်းချတဲ့ စီးပွားရေးရရန်ပိုင်ခွင့်တွေရဲ့ ၂/၃ လောက်ကို ဝါးမျိုခဲ့ပါတယ်။ ၎င်းရဲ့ ဥရောပ ပါတနာတွေရဲ့စရိတ်နဲ့ ဂျာမဏီနယ်ချဲ့စနစ်ဟာ အင်အားကြီးထွား လာခဲ့ပြီ ဖြစ်ပါတယ်။ ဂျာမဏီ ဖက်ဆစ်ဝါဒ ရှုံးနိမ့်ပြီးနောက် အနှစ် ၅၀ အတွင်း အခုအခါ ယူဂိုဆလားဗီးယားမှာ ဂျာမဏီစစ်ဘက်ဟာ ပထမဆုံး အကြိမ်အဖြစ် ၎င်းရဲ့ နယ်နိမိတ် အပြင်ဘက်ထွက် စစ်ဆင်နေပါတယ်။ ရေတိုမှာတော့ ယူဂိုဆလားဗီးယား နိုင်ငံအပေါ် နေတိုးရဲ့ ကျူးကျော်မှုမှတဆင့် ဥရောပတိုက်မှာ အမေရိကန်နယ်ချဲ့စနစ်ဟာ အင်အားကြီးထွားလာနေပါတယ်။ ဒါပေမဲ့ တဖက်မှာလည်း ဒီစစ်ပွဲကပဲ နယ်ချဲ့အတွင်း ပဋိပက္ခ ကြီးထွားမှုကို လောင်စာဖြည့်ပေးနေတာ ဖြစ်ပါတယ်။ အထူးသဖြင့် ဂျာမဏီနိုင်ငံနဲ့ဖြစ်ပါတယ်။

( ၁၁ ) ၁၉၉၁ ဆောင်းဦး F.A. "Selective Global Commitment " မှ

( ၁၂ ) ၁၉၈၂ ဆောင်းဦး F.A. "Preparing for the Unexpected : The Need For A New Military Strategy " မှ

( ၁၃ ) 1996, Nov./Dec. F.A. “Defense in an Age of Hope” နှာ ၇၄
( ၁၄ ) 1996, Nov./Dec. F.A. “Defense in an Age of Hope” နှာ ၆၉
( ၁၅ ) 1998, Nov./Dec. F.A. “ The Testing of American Foreign Policy ” နှာ ၅၀
( ၁၆ ) 1998, Nov./Dec. F.A. “The Testing of American Foreign Policy ” နှာ ၅၁
( ၁၇ ) Pragmatism: A New Name for Some Old Ways of Thinking, William James, 1907, နှာ ၈၀
( ၁၈ ) ၎င်း၊ နှာ ၂၀၀

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

# နယ်ချဲ့အောက်က လွတ်မြောက်ရေးလမ်းအမှန်ကို ရှာတွေ့ခဲ့တဲ့ ဟိုချီမင်း

ဟန္ဒိုင် နိုင်ငံတကာ ကွန်ဖရင့်ကို ကျွန်မသွားခဲ့တုန်းက သမ္မတဟိုချီမင်းနဲ့ သုံးခါတွေ့ဆုံ စကားပြောခဲ့ရပါတယ်။ သုံးခါစလုံး အလွတ်သဘောချည်းပါပဲ။ အခွင့်ကြုံတုန်း ပြောကြတာမျိုးပါ။ ဗီယက်နမ် လူမျိုးတွေက "ဦးလေးဟို" လို့ခေါ်ကြတဲ့သူဟာ ကမ္ဘာပေါ်မှာ ဟိတ်ဟန်မရှိဆုံး နိုင်ငံအကြီးအကဲ ဖြစ်ပါတယ်။ ချစ်ခင်နှစ်လိုဖွယ်ကောင်းတဲ့၊ အတွေ့အကြုံရင့်ကျက်ပြီး ဉာဏ်အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူတော်စင် (စိန့် ) လို့ ခေါ်လောက်အောင် ရယ်စရာမောစရာ၊ မှတ်သားစရာလေးတွေ ပြောတတ်သူ။ အရေးပေါ်ကိစ္စတွေမှာ ဉာဏ်အမြော်အမြင်ရှိရှိ၊ ကြံ့ခိုင်စွာ ကာကွယ်တတ်သူတဦးဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံတတ်တယ်။ ရတ်တရက်နဲ့ မမျှော်လင့်တာ ပြန်ပြောတတ်တယ်။

တခါတုန်းက ကျွန်မက သူ့ကို တကယ်လို့ ကျွန်မခေါ်ရဲတယ်ဆိုရင် ကျွန်မလည်း " ဦးလေးဟို " လို့ ခေါ်ချင်တယ်လို့ ပြောလိုက်တော့ "ဒါပေမဲ့ ခင်ဗျားက ကျွန်တော့် အမကြီးပဲ" လို့ သူက ချက်ချင်းပြန်ချေတယ်။ ကျွန်မရဲ့ အတွင်းရေးမှူး နံမည်ဟာ ချောင်ဖုန်ဖုန် ဆိုတာ သူသိသွားတဲ့အခါ ဒီ "ဖုန်" ရဲ့ အဓိပ္ပာယ်က မိန်းကလေးတွေ မှည့်လေ့ရှိတဲ့ "ဖီးနစ်ငှက်" လားလို့ ကလေးမကို တရုတ်လိုမေးတယ်။ "မဟုတ်ပါဘူး" ဒီ "ဖုန်" က "လေ" ပါလို့ ကလေးမက ပြန်ပြောတယ်။ " အား –ဒါဆိုရင် မင်းက လေနှစ်လုံးတွဲပဲ၊ တိုက်ဖွန်းလေးပေါ့ " လို့ သူက ပြောလိုက်တယ်။ အဲဒီနောက်ကစပြီး သူက ကလေးမကို "တိုက်ဖွန်းလေး" လို့ ခေါ်တတ်တာက သူမအတွက် နှစ်လိုဖွယ် ရက်စနိုး ဖြစ်စေပါတယ်။ ကလေးမကို ကျွန်မ သိတာ – ၆ နှစ် ရှိ ခဲ့ပေမယ့် လေနှစ်လုံးရဲ့ အဓိပ္ပာယ်ကိုတော့ မသိခဲ့ပါဘူး။

ကျွန်မတို့ ပထမအကြိမ် တွေ့ဆုံစကားပြောရတာက ကျွန်မရဲ့မွေးနေ့မှာ ဖြစ်ပါတယ်။ နိုင်ငံတကာကွန်ဖရင့် မစတင်မီနေ့မှာပါ။ ကျွန်မတို့ရဲ့ ဗီယက်နမ်အိမ်ရှင်တွေဟာ ကျွန်မရဲ့ ခရီးသွားစာရွက်စာတမ်းတွေကနေ ကျွန်မမွေးနေ့ နိုဝင်ဘာ ၂၄ ရက် ဆိုတာကို သိသွားခဲ့ကြပါတယ်။ ပြီးတော့ မွေးနေ့ကိတ်မုန့် သုံးလုံးနဲ့ ကျွန်မကို အံ့အားသင့်အောင် လုပ်ကြပါတယ်။ နံနက်စာမှာ တလုံး၊ နေ့လည်စာမှာ တလုံးနဲ့ တတိယတလုံးကတော့ ကွန်ဖရင့်တက်ရောက်ကြတဲ့ အမေရိကန် ၅ ယောက်ကို သမ္မတ ဟိုချီမင်းက လက်ခံတွေ့ဆုံတဲ့ ညနေ ၃ နာရီ တွေ့ဆုံပွဲမှာပါ။ ပထမ ကိတ်မုန့်နှစ်လုံးက နို့မလိုင်ခဲထူထူ ပန်းပွင့်ကြီးတွေနဲ့ ဝိုင်းရံထားပြီး အီဆိမ့်နေတဲ့အတွက် တတိယကိတ်မုန့်တလုံး ရောက်လာတော့ ကျွန်မလန့်သွားမိတယ်။ ကံကောင်းထောက်မစွာပဲ၊ ဦးလေးဟိုရဲ့ ကိတ်မုန့်က ရိုးရိုးရှင်းရှင်းလေးပါ။

ကျွန်မတို့ကို နန်းတော်ထဲက ဧည့်ခန်းငယ်လေးထဲကို ကြိုဆိုခေါ်ဆောင်သွားပါတယ်။ ၁၉၆၁ ခုနှစ်တုန်းက ကျွန်မကို ဟိုချီမင်းက လက်ခံတွေ့ဆုံခဲ့တာ ဒီအခန်းမှာပါပဲ။ အဲဒီတုန်းက သူကျွန်မကို ပြောဖူးတယ်။ ဒီအထူးတလည် မွန်းမံပြင်ဆင်ထားတဲ့ အဆောက်အဦးကြီးကို အင်ဒိုချိုင်းနားလုံးဆိုင်ရာ ပြင်သစ်ဘုရင်ခံအတွက် တည်ဆောက်ခဲ့တာပါ။ နောက်တော့ ဂျပန်စစ်ဦးစီး အရာရှိလက်ကို ပြောင်းသွားတယ်။ တခါချန်ကေရှိတ်ရဲ့ စစ်ဦးစီးအရာရှိလက်၊ နောက်ပြင်သစ်ရဲ့ ရုပ်သေးဘုရင် ဘိုဒိုင်းလက်ကို ပြောင်းသွားတယ်။ "ကျွန်တော်ကတော့

ဒီမှာမနေပါဘူး၊” “ကျွန်တော့်အတွက် အခန်းနှစ်ခန်းပါတဲ့ အိမ်လေးတလုံး ရှိတယ်၊ ဒီကနေ မဝေးလှဘူး” လို့ သူက ဆက်ပြောတယ်။ ကျွန်မ ဦးဏှောက်ခြောက်သွားမိတယ်။ “ဒါဆိုရင် ဒီနန်းတော်က ဘာအတွက်လဲ” လို့ ကျွန်မက မေးလိုက်တယ်။ သူကပြုံးပြီး “ကျွန်တော်တို့ ဒါကို သမ္မတက လူတွေကို လက်ခံတွေ့ဆုံတဲ့ခါမှာ သုံးပါတယ်” လို့ ပြန်ပြောပါတယ်။

ကျွန်မတို့ အမေရိကန် ၅ ယောက် တစုတဝေးကြီး ဝင်သွားပြီး ထိုင်စောင့်ကြတယ်။ မကြာမီမှာပဲ ညင်ညင်သာသာ တံခါးခေါက်သံ ကြားလိုက်ရလို့ “ဝင်ခဲ့ပါ ” လို့ ခေါ်လိုက်တယ်။ နောက်မှသဘောပေါက်လာတာက ကျွန်မတို့က သမ္မတကို သူ့ရဲ့ဧည့်ခန်းထဲကို ဝင်လာဖို့ ဖိတ်ခေါ်မိပြီ ဆိုတာပါပဲ။ သူဟာ ညင်ညင်သာသာနဲ့ သွက်သွက်လက်လက် လျှောက်လာတယ်။ နို့နှစ်ရောင် ကာကီဝတ်စုံနဲ့ ခြေညှပ်ဖိနပ်ကို စီးထားတယ်။ သူ့ကိုယ်ဟန် မတ်နေတဲ့အတွက် သူ့နဂိုအရပ်ထက် ပိုပြီး ရှည်နေသလို ထင်ရတယ်။ လက်ဇော့ရမ်းပြီး ကျွန်မတို့ကို နေရာမှာ ပြန်ထိုင်စေတယ်။ သူက ကျွန်မနဲ့အတူ ဆိုဖာရှည်တခုတည်းမှာ ထိုင်တယ်။ ဒီ့အရင်လေးနှစ်တုန်းက ကျွန်မတို့ထိုင်ခဲ့တဲ့ ဆိုဖာပါပဲ။ သူက မွှေးနေ့ကိတ်မုန့်တလုံး လက်ဆောင်ပေးပြီး ပထမ စတင်လှီးဖို့ ကျွန်မကို ဓားကမ်းပေးလိုက်ပါတယ်။ ဒီနောက်သူကိုယ်တိုင် ကျင်ကျင်လည်လည်နဲ့ ကိတ်မုန့်အချပ်တွေ လှီးပြီး အားလုံးကို တည်ခင်းကျွေးတာဟာ၊ ပထမကမ္ဘာစစ်ကြီး အပြီး လွန်ခဲ့တဲ့ နှစ်ငါးဆယ်နီးပါးက ဗီယက်နမ်ပြည်ကို ကယ်တင်ဖို့ နည်းလမ်းရှာဖွေရင်းနဲ့ ပြင်သစ်ကုန်သည်သင်္ဘောပေါ်မှာ ကိတ်မုန့်ဖုတ်သမားနဲ့ စားပွဲထိုးအဖြစ် သူ လုပ်ကိုင်ပြီး ကမ္ဘာပတ်နေခဲ့တာကို ပြန်ပြီးသတိရစရာပါပဲ။

သူဟာ အဲဒီကာလတွေကို ရည်ညွှန်းပြီး ပြောပြနေတယ်။ ကျွန်မတို့အဖွဲ့ထဲမှာ ထင်ရှားလူသိများတဲ့ အမေရိကန်နီဂရိုး ရောဘတ်ဝီလျံ ( Robert Williams) နဲ့ သူ့ဇနီး မေဘယ် ( Mabel ) တို့ နှစ်ယောက်လည်းပါပါတယ်။ ရောဘတ်ဝီလျံ ဘက်ကိုလှည့်ပြီး ဟိုက အတိတ်ကို ပြန်ဖော်ပြောတယ်။ သူ နယူးယောက်မှာ ကာလတချို့ နေခဲ့ဖူးပြီး ဟာလမ် (Harlem) က နီဂရိုးလူထု အစည်းအဝေးတခုကို တခါက တက်ခဲ့ဖူးတယ်။ ဒီအစည်းအဝေးမှာ “မာကပ်စ် ( Marcus ) – – – မာကပ်စ် – – –” ဆိုတဲ့ လူတယောက်က မိန့်ခွန်းပြောတယ်။ မျိုးရိုးနံမည်က “ဂါဗေး” (Garvey) လို့ ဝီလျံက ဝင်ထောက်ပေးတော့ ဟိုချီမင်းက သဘာတူတယ်။

“ဟုတ်တယ်၊ ဂါဗေးပဲ” ဟိုမှတ်မိနေတာက အဲဒီလူက အာဖရိကကို ပြန်ရေးအကြောင်း ဟောပြောနေတယ်။ နီဂရိုးပရိသတ်ရဲ့ စိတ်အားထက်သန်မှုကို သူက အထူးလေးစား အားရခဲ့တယ်။

“အဲဒီတုန်းက ကျွန်တော် နိုင်ငံရေးအကြောင်း သိပ်မသိဘူး” “ဒါပေမဲ့ သူတို့အားလုံးဟာ လွတ်လပ်ရေးလိုချင်နေကြတဲ့ လူဆင်းရဲတွေပဲဆိုတာ ကျွန်တော်ခံစားမိတယ်။ ပြီးတော့ သူတို့ဟာ ရန်ပုံငွေထည့်ဖို့ သူတို့အိတ်ကပ်ထဲက ငွေတွေအကုန်လုံးကို ဆွဲထုတ်လိုက်ကြတယ်။ ဒါကြောင့် ကျွန်တော်လည်း ကျွန်တော့်အိတ်ကပ်တွေကို ရှင်းပစ်လိုက်တာပေါ့” လို့ ဟိုကပြောတယ်။

“အိုး . . . ဟာလမ်မှာ ကျွန်တော် သူတို့ကို အဲဒီလိုပြောတုန်းက သူတို့က ခင်ဗျားကို ဖမ်းစားလိုက်တယ်ပေါ့” လို့ ဝီလျံက အံ့အားသင့်စွာ ပြောလိုက်တယ်။

“ကျွန်တော်ကို ဖမ်းစားတယ်” ဆိုတာ ဘာလဲလို့ သမ္မတဟိုက မေးလိုက်တယ်။ သူ့အင်္ဂလိပ်စကားက အဆင့်မြင့်ပေမယ့် ဝီလျံရဲ့ စကားစုတွေက အသစ်ဖြစ်နေလို့ ဝီလျံက ရှင်းပြတယ်။

“အဲဒီအချိန်တုန်းက ခင်ဗျား လွတ်လပ်တဲ့ ဗီယက်နမ်ကို မြင်သွားရလိမ့်မယ်လို့ ခင်ဗျားကိုယ့်ကိုယ်ကို ယုံကြည်သလား” လို့ ကျွန်မမေးလိုက်တယ်။

“ပွင့်ပွင့်လင်းလင်းပြောရရင် မယုံဘူး” လို့ သူကပြန်ပြောတယ်။ “ဒီတုန်းက ကျွန်တော် ကွန်မြူနစ် မဖြစ်သေးဘူး၊ အကူအညီ ရှာနေတုန်းပဲ။ ကျွန်တော့်အဖေ အပါအဝင် ဗီယက်နမ်ပြည်သူတွေဟာ ပြင်သစ်လက်အောက်က လွတ်မြောက်ဖို့ ကျွန်တော်တို့ကို ဘယ်သူက ကူညီနိုင်မလဲဆိုတာ ဆွေးနွေးနေကြတုန်းပေါ့။ တချို့က ဂျပန်ကို စဉ်းစားတယ်၊ တခြားသူတွေက ဗြိတိန်၊ တချို့လူတွေက အမေရိကန်တဲ့။ ဘယ်သူဖြစ်မလဲလို့ ကျွန်တော်နိုင်ငံခြားကို သွားကြည့်တယ်။”

မန်ဟက်တန် – မြို့လယ်ခေါင်က မိုးမျှော်အဆောက်အအုံကြီးကို သူပြန်မြင်ယောင်နေတယ်။ ငွေတွေအပြည့်အသိပ် – ဝင်လိုက်၊ ထွက်လိုက်နဲ့။ ဒါပေမဲ့ ဒီအဆောက်အအုံကြီးရဲ့ မျှော်စင်က ဆင်းရဲသားအိမ်တွေကို နေရောင်ခြည်မရအောင် ကာမိုးထားတယ်။ “ဒီနေရာမှာတော့ အကူအညီ ရနိုင်မှာ မဟုတ်ဘူး” လို့ ကျွန်တော်တွေးတယ်။

သူလန်ဒန်မှာ ကာလတခု နေခဲ့တယ်။ ပြီတော့ လန်ဒန်အရှေ့ပိုင်းက ပြွတ်သိပ်ညစ်ပတ်နေတဲ့ ဆင်းရဲသားရပ်ကွက်နဲ့ လန်ဒန်အနောက်ပိုင်း စည်ကားလှတဲ့နေရာက ခမ်းနားထည်ဝါတဲ့ လူချမ်းသာတွေရဲ့ အဆောက်အဦတွေကို နှိုင်းယှဉ်ကြည့်ခဲ့တယ်။ ပဲရစ်မှာလည်း ချမ်းသာနဲ့ ဆင်းရဲအကြား ကွာဟချက်တွေ သူတွေ့ခဲ့တယ်။

**“သူတို့တတွေ ဘယ်သူမှ ကျွန်တော်တို့ကို ကူညီမှာမဟုတ်ဘူး၊” “ကျွန်တော်တို့ ဗီယက်နမ်တွေ လွတ်မြောက်ဖို့ ကိုယ့်ဘာသာလုပ်ရမယ်” လို့**

**သူပိုင်းဖြတ်ခဲ့တယ်။**

ဟိုချီမင်းဟာ ပြင်သစ်ကွန်မြူနစ်ပါတီ "တည်ထောင်သူတွေအနက် တဦးအပါအဝင် ဖြစ်တယ်" လို့ ပြောနိုင်တယ်။ အဲဒီကာလတွေအကြောင်းကိုပြောရင် သူ့ကိုယ်သူနှိမ့်ချ ပြောတတ်တယ်။ "ပြင်သစ်ဆိုရှယ်လစ်ပါတီထဲမှာ အကြီးအကျယ် ငြင်းခုံပြောဆိုမှုတွေ ဆက်ဖြစ်နေတုန်းကပေါ့" လို့ သူက ကျွန်မတို့ကို ပြောပြတယ်။ "အစတုန်းကတော့ အဲဒါဟာ ကျွန်တော့်ဘဝနဲ့ ဘယ်လိုမှ မသက်ဆိုင်ဘူးလို့ ထင်ရတယ်။ နောက်တော့ တယောက်က ကျွန်တော့်ကို လီနင်ရဲ့ အမျိုးသားရေးနဲ့ ကိုလိုနီပြဿနာများဆိုတဲ့ မိန့်ခွန်းကို ပေးဖတ်တဲ့အတွက် 'ဒါမှ ငါတို့နဲ့ဆိုင်တဲ့ ပြဿနာပဲ' လို့ ကျွန်တော်စဉ်းစားတယ်။ လီနင်မှန်တယ်၊ ဒါကြောင့် ဗေလီယန် ကူထရေ (Vailliant Couturier) နဲ့ မာဆဲလ်ကချင် (Marcel Cachin) တို့က လီနင်ကို ထောက်ခံတာ မှန်တယ်လို့ ကျွန်တော်သုံးသပ်ခဲ့တယ်။ ၁၉၂၀ ခုနှစ်၊ တိုးစ် (Tours) မှာ ကျင်းပတဲ့ ပါတီကွန်ဂရက်မှာ အများစုကြီးက တတိယအင်တာနေရှင်နယ်ကို ရွေးချယ်ခဲ့ကြတယ်။ ကျွန်တော်လည်း ဒီအတိုင်း ရွေးချယ်ခဲ့တာပဲ။ ဘာကြောင့်လဲဆိုတော့ ကိုလိုနီပြဿနာနဲ့ ပတ်သက်ပြီး လီနင်တင်ပြတဲ့ သဘောတရားကြောင့်ပါ။" သူဟာ ပြင်သစ်လို စာရေးတတ်လျှင် ရေးတတ်ချင်းပဲ အမေရိကားမှာ နီဂရိုးတွေကို တရားဥပဒေနဲ့အညီ စစ်ဆေးခြင်းမပြုဘဲ သေဒဏ်ပေးနေတာတွေ အပါအဝင်၊ ကိုလိုနီပြဿနာဆိုင်ရာ ဆောင်းပါးတွေကို သတင်းစာမှာ ရေးခဲ့တယ်လို့ သူကဆက်ပြောတယ်။

ဟိုချီမင်းဟာ ကွန်မြူနစ်တယောက် ဘဝကို အဲဒီလိုနဲ့ စတင်ခဲ့တယ်။ ၁၉၃၀ ခုနှစ်မှာ သူဟာ အင်ဒိုချိုင်းနားလုံးဆိုင်ရာ ကွန်မြူနစ်ပါတီကို စည်းရုံးဖွဲ့စည်းခဲ့တယ်။ ၁၉၄၅ ခုနှစ်မှာ ဗီယက်နမ်ကို ဂျပန်ဆီက ပြန်သိမ်းယူတယ်။ ဒေသဆိုင်ရာ ပြင်သစ်အုပ်စိုးသူတွေက ဂျပန်ကို မတိုက်ဘဲ၊ အရှုံးပေးထားခဲ့ကြတာပါ။ သူ့ရဲ့ ဗီယက်မင်းတပ်တွေဟာ ဂျပန်ကိုတိုက်ပြီး၊ အမေရိကန်တပ်သားအများအပြားကို ဂျပန့်လက်က ကယ်တင်ခြင်းဖြင့် အမေရိကကို သူတို့ရဲ့ မဟာမိတ်လို သဘောထားခဲ့တယ်။ ၁၉၄၅ ခုနှစ် ဩဂုတ်လမှာ ဗီယက်နမ်မှာ မျိုးချစ်ပြည်ချစ် နိုင်ငံရေးပါတီများ အားလုံးရဲ့ ညွန့်ပေါင်းအစိုးရကို ဟိုချီမင်း သမ္မတအဖြစ် ဦးဆောင်မှုအောက်မှာ ဖွဲ့စည်းခဲ့တယ်။ ဒီအစိုးရရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်းကို မှီငြမ်းကိုးကားထားတယ်။ ကုလသမဂ္ဂအဖွဲ့ ဝင်ခွင့်ပြုဖို့ လျှောက်ထားပြီး သူတို့ရဲ့ ပထမအကြိမ် တပြည်လုံး ရွေးကောက်ပွဲများကို လာရောက်ကြည့်ရှုဖို့ ကုလသမဂ္ဂအကဲခတ်များကို ဖိတ်ခေါ်ခဲ့တယ်။

ဗြိတိသျှ လက်နက်ကိုင်တပ်တွေဟာ မဟာမိတ်များအဖြစ် ဆေးဂုံမှာ တပ်ချထားပြီး၊ ဗီယက်နမ်တွေကို တဆင့်တိုးပြီး တိုက်ခိုက်ခဲ့ကြတယ်။ အနောက်ကနယ်ချဲ့သမားတွေဟာ ဗီယက်နမ်ကို ပြင်သစ်လက်ပြန်ရဖို့ ဆုံးဖြတ်ထားကြ ပြီးသားပါ။

ဒီအခြေအနေတွေအောက်မှာတောင် "ပြင်သစ်ပြည်ထောင်စုအတွင်း" သူ့ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနဲ့ စစ်တပ်ရှိတဲ့ တပေါင်းတစည်းတည်းသော လွတ်လပ်တဲ့ ဗီယက်နမ်နိုင်ငံ အဖြစ်ထားရှိဖို့ ပြင်သစ်နဲ့ သဘောတူစာချုပ်တခု ချုပ်ဆိုနိုင်လောက်အောင် ဟိုချီမင်းရဲ့ ဂုဏ်သိက္ခာနဲ့ ဩဇာကြီးမားခဲ့တယ်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလမှာ သူဟာ သမ္မတအဖြစ်နဲ့ ဒီစာချုပ်ကို လက်မှတ်ရေးထိုးဖို့ (Fontainebleau) ကို သွားခဲ့တယ်။ မကြာခင်မှာဘဲ ပြင်သစ် နယ်ချဲ့သမားများက ဒီစာချုပ်ကို ချိုးဖောက်ခဲ့တယ်။ ဟိုင်ဖုံကို အမြောက်နဲ့ထုပြီး၊ ဟန္နိုင်က သမ္မတနန်းတော်ကို တိုက်ခိုက်ခဲ့တယ်။ ဟိုရဲ့ တပ်တွေဟာ ပြင်သစ်ကို ကိုးနှစ်ကြာထပ်ပြီး တိုက်ခဲ့ရပြန်တယ်။ ၁၉၅၄ ခုနှစ်မှာ ဂျီနီဗာ သဘောတူညီချက် ရရှိခဲ့တယ်။

ဒီလိုနဲ့ ဟိုရဲ့တပ်တွေဟာ တတိယအကြိမ် ဗီယက်နမ်ကို လွတ်လပ်တဲ့၊ အချုပ်အခြာအာဏာ ပိုင်တဲ့၊ တပေါင်းတစည်းတည်းရှိတဲ့ နိုင်ငံတနိုင်ငံ ဖြစ်စေခဲ့တယ်။ အဲဒီနောက် အမေရိကန် နယ်ချဲ့က ဗီယက်နမ်ကို ထပ်ပြီး တဝက်ခွဲလိုက်ပြန်တယ်။ ဒီအကြောင်းကြောင့်ပဲ အခုတိုက်နေတဲ့ တိုက်ပွဲ ပေါ်ပေါက်လာခဲ့ရတာပါ။

ကျွန်မ ဟိုချီမင်းနဲ့ ဒုတိယအကြိမ် စကားပြောခဲ့ရတာက အဲဒီနေ့ ညနေမှာပါပဲ။ ကိုယ်စားလှယ်တွေကို ညှော်ခံတဲ့ ဝန်ကြီးချုပ်ရဲ့ ညှော်ခံပွဲကို ကျွန်မ ည ၇ နာရီမှာ လာခဲ့တယ်။ အခန်းထဲမှာ လူတွေအပြည့်၊ အစားအသောက် ကိုယ်တိုင်ယူစားရတဲ့ စားပွဲတွေ ပတ်ပတ်လည်မှာ ရပ်နေကြတာ တွေ့ရတယ်။ ထောင့်မှာ ရှိတဲ့ စားပွဲလေးတလုံးဆီသို့ ကျွန်မကိုခေါ်သွားတယ်။ ကျွန်မရဲ့ အသက်အရွယ်နဲ့ သင့်တော်တဲ့ အခန်းရဲ့ နောက်ပိုင်း၊ အေးအေးဆေးဆေးရှိတဲ့ ထိုင်ခုံမှာ နေရာယူလိုက်တယ်။ မကြာခင်မှာ ထိပ်ပိုင်းခေါင်းဆောင်တွေ ရောက်လာပြီး၊ အရက်ခွက်မြှောက် ဆုတောင်းပြီး အခမ်းအနား စတင်တယ်။ သူတို့ရဲ့ နောက်ကလိုက်နေတဲ့ ဓာတ်ပုံရိုက် မီးဆလိုက်ရောင်တွေကြောင့် ကျွန်မရဲ့ထိုင်ခုံဟာ ရှေ့ဘက်တည့်တည့်မှာ ရှိတယ်ဆိုတာ သိလာရတယ်။ ဆုတောင်းပြီးလို့ ကျွန်မထိုင်ချလိုက်တဲ့အခါမှာ ဟိုချီမင်းက ကျွန်မဘေးက ကုလားထိုင်မှာ ထိုင်တယ်။

နာရီဝက်ကြာ သူနဲ့ စကားပြောဖို့ ကြိုးစားတာ အားလုံး မအောင်မြင်ခဲ့ပါဘူး။ ကိုယ်စားလှယ်အဖွဲ့တွေဟာ

သမ္မတဆီလာရောက် စကားပြောဆိုကြပြီး၊ သမ္မတနဲ့တွဲပြီး ဓာတ်ပုံရိုက်ကြလို့ပါ။ စူးရှလှတဲ့ အလင်းရောင်တွေကို ကြည့်ပြီး ကျွန်မမှန်းဆလို့ ရတာက ကျွန်မဟာ လက်တင်အမေရိကန်တွေ၊ အာဖရိကန်တွေနဲ့ တခြားသူတွေ အများကြီးအတွက် နောက်ခံကားလို ဖြစ်နေတယ်ဆိုတာပါပဲ။ ကျွန်မ အချီးကျူးမိဆုံးကတော့ ဟိုချီမင်းဟာ ကမ္ဘာပေါ်ရှိ ဘာသာစကားတိုင်းနဲ့ အပြန်အလှန် ယဉ်ယဉ်ကျေးကျေး ပြုမူဆက်ဆံနိုင်တာကိုပါ။ စားကောင်းသောက်ဖွယ်တွေကို သူဘာမှမစားတာကိုလည်း ကျွန်မ သတိပြုမိတယ်။ သူညစာစားခဲ့ပြီးပြီလို့ ကျွန်မကို ပြောပြတယ်။ သူဟာ အစားအသောက်ကို အချိန်မှန်မှန် စားတယ်။ နံနက် ၅ နာရီမှာ နံနက်စာ၊ ၁၁ နာရီမှာ နေ့လည်စာနဲ့ ညနေ ၅ နာရီမှာ ညစာစားတယ်။ ဒီစားချိန်တွေရဲ့ အကြားမှာ ၉ နာရီ၊ ညနေ ၃ နာရီနဲ့ ၉ နာရီတွေမှာ နွားနို့တဖန်ခွက်စီ နေ့တိုင်း ၃ ကြိမ် သောက်တယ်လို့ ပြောပြပါတယ်။ ဒီလိုပြောကြားတာက လွဲပြီး ကျန်တာမမှတ်မိတော့ သလောက်ပါပဲ။

ကျွန်မရဲ့နောက်ဆုံး တွေ့ဆုံရမှုက နိုဝင်ဘာ ၃၀ ရက်နေ့နံနက် ၈ နာရီမှာပါ။ ကွန်ဖရင့် ပြီးဆုံးသွားပြီး ကိုယ်စားလှယ်တွေကို နှုတ်ဆက်ပွဲအတွက် သမ္မတနန်းတော်ကို ဖိတ်ကြားပါတယ်။ ကျွန်မတို့ဟာ ထောင့်မှန်စတုဂံပုံ စားပွဲရှည်ကြီးတွေမှာ ထိုင်နေကြတယ်။ လက်ဖက်ရည်ပွဲ၊ သစ်သီးနဲ့ အဆာပြေစားစရာများနဲ့ ပြင်ဆင်တည်ခင်းထားတယ်။ ကျွန်မကို သမ္မတဟိုရဲ့ လက်ဝဲဘက်မှာနဲ့ တောင်ဗီယက်နမ်တယောက်ကို သူ့ရဲ့လက်ယာဘက်မှာ နေရာချထားပါတယ်။ တရုတ်ကိုယ်စားလှယ်အဖွဲ့နဲ့ ဆိုဗီယက်ကိုယ်စားလှယ် အဖွဲ့တွေရဲ့ ခေါင်းဆောင်တွေကို ကျွန်မတို့ထက်ပိုလှမ်းပြီး သူ့ဆီကနေ ညီတူညီမျှကွာဝေးတဲ့ တဖက်တချက်စီမှာ ထားပါတယ်။ သူတို့ဟာ သော့ချက်ကျတဲ့ ကိုယ်စားလှယ်အဖွဲ့တွေလို့ ကျွန်မထင်ခဲ့မိတယ်။ အခုလို စီစဉ်နေရာချထားလိုက်ခြင်းအားဖြင့် “ဒီကွန်ဖရင့်ဟာ ကျွန်တော်တို့ရဲ့ တောင်ဗီယက်နမ် ညီအစ်ကိုများရယ်၊ အမေရိကန် ပြည်သူတွေရယ်နဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ် ” လို့ သမ္မတက ပြောလိုပုံရတယ်။

သူဟာ အရက်ခွက်မြှောက်ပြီး ဆုတောင်းစကား တိုတိုတုတ်တုတ် ပြောကြားသွားတယ်။ ကွန်ဖရင့်ရဲ့ “တောက်ပြောင်သော အောင်မြင်မှု” ကို ဝမ်းမြောက်ချီးကျူးကြောင်း၊ ဗီယက်နမ်တပြည်လုံး “ ငြိမ်းချမ်းစွာ အမျိုးသားပြန်လည် ပေါင်းစည်းနိုင်ရေး” ကို ယုံကြည်ကြောင်း ဖော်ပြပြီး၊ ဒီလို ငြိမ်းချမ်းစွာ အမျိုးသားပြန်လည် ပေါင်းစည်းနိုင်ရေးအတွက် ကျွန်တော်တို့ရဲ့ ကွန်ဖရင့်က ကူညီခဲ့ပါတယ်လို့ ပြောကြားသွားခဲ့တယ်။ **“ငြိမ်းချမ်းရေး၊ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမေရိကန်နယ်ချဲ့ ဦးဆောင်တဲ့ နယ်ချဲ့ဝါဒနဲ့ ကိုလိုနီဝါဒကို ဆန့်ကျင်တိုက်ပွဲဝင်ကြတဲ့ တကမ္ဘာလုံးက ပြည်သူတွေရဲ့ တပ်ဦးအခွန့်ရှည်ပါစေ”** လို့ ပြောပြီး သူအဆုံးသတ်လိုက်တယ်။ ဒါကို သူ့ဘဝတလျှောက်လုံး သစ္စာရှိသွားခဲ့တာပါ။

မတူတဲ့ အမြင်တွေနဲ့ စတင်ခဲ့တဲ့ ကွန်ဖရင့်ကို တညီတညွတ်တည်း တသဘောတည်းဖြစ်အောင်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ဗီယက်နမ်ကော်မတီက ကျွမ်းကျွမ်းကျင်ကျင်နဲ့ စိတ်ရှည်လက်ရှည် ဖန်တီးနိုင်ခဲ့တဲ့အတွက် သမ္မတကို ကျွန်မက ချီးကျူးစကား ပြောကြားခဲ့ပါတယ်။ နောက်ကွယ်မှာ ကြိုပြီးပြောကြဆိုကြတာတွေဟာ အသေးအမွှား ဖြစ်ပုံရပေမယ့် တောင်ဗီယက်နမ်ကို နိုင်ငံတကာ ထိန်းချုပ်မှု ပုံစံတမျိုးမျိုးအောက်မှာ အကန့်အသတ်မရှိ ထားရေးကို တိမ်းညွှတ်တဲ့ အနည်းစုအသံကို ဖုံးကွယ်မထားပါဘူး။ အများစု လွှမ်းမိုးနေတာကတော့ သူတို့အခေါ် “လွတ်မြောက်မှုမရှိတဲ့ ကြားနေရေး” ကို ဆန့်ကျင်ကြတယ်။ နောက်ပြီး အရင်က ဟိုချီမင်း တင်ခဲ့တဲ့ တောင်းဆိုချက်တွေကို ထောက်ခံကြတယ်။ နောင်မှာ ဒီတောင်းဆိုချက်တွေကို ဆုံးဖြတ်ချက်ထဲမှာ ပေါင်းပြီးထည့်သွင်းခဲ့တဲ့အပြင်၊ အမေရိကန် ပြည်သူများသို့ ပန်ကြားချက်ထဲမှာ အကျဉ်းချုပ်ပြီး အောက်ပါအတိုင်း ဖော်ပြထားတယ်။

**၁။ အမေရိကန် ပြည်ထောင်စု အစိုးရဟာ ၁၉၅၄ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်ကို လေးစားရန်။**

**၂။ အမေရိကန်ရဲ့ တပ်များ၊ လက်နက်များနဲ့ အခြေခံစခန်းများကို တောင်ဗီယက်နမ်မှ ရုပ်သိမ်းပေးရန်နဲ့ တောင်ဗီယက်နမ် ပြည်သူများရဲ့ အရေးကိစ္စများကို တောင်ဗီယက်နမ် ပြည်သူများသာ ဖြေရှင်းစေရန်။**

**၃။ ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံကို ရန်စခြင်း၊ စစ်ဆင်ခြင်း လုပ်ဆောင်နေမှုများကို ရပ်ဆိုင်းရန်။**

ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းကျော်ဟာ အစကတည်းက ဒီသဘောထားအတိုင်း ရပ်တည်ခဲ့ကြတယ်။ ဒါပေမဲ့ တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုနိုင်မှုအတွက် ဗီယက်နမ်ကော်မတီရဲ့ စိတ်ရှည်လက်ရှည် ကြိုးပမ်းမှုကို ကျွန်မအများကြီး ကျေးဇူးတင်မိပါတယ်။ ဗီယက်နမ်ကော်မတီဟာ စကားစုတွေကို ညှိနှိုင်းရာမှာ၊ ပြင်ဆင်ရာမှာနဲ့ လူတိုင်းသဘောတူ လက်ခံနိုင်တဲ့ ပုံသဏ္ဌာန်တခု ပေါ်ထွက်လာအောင် ဖန်တီးရာမှာ လူတိုင်းနဲ့ ဆွေးနွေးပွဲတွေ အကြာကြီးကျင်းပပြီး စိတ်ရှည်စွာနဲ့ ကြိုးပမ်းခဲ့ရပါတယ်။

ဟိုချီမင်းက စကားပုံလေးတခုနဲ့ ပြန်ပြောပါတယ်။ "လူတိုင်းကို သူ့ဇနီးပါ ကျေနပ်အောင် လုပ်ဖို့ဆိုတာ မလွယ်ပါဘူးတဲ့" ဒီနောက် သူကဆက်ပြီး ကျွန်တော်တို့ရဲ့ ကွန်ဖရင့်ဟာ တညီတညွတ်တည်းသော သဘောတူညီချက် ရအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ "ဒီက ပြဿနာဟာ တကယ်တော့ အင်မတန်ရှင်းနေတာ မို့လို့ပါ" လို့ပြောခဲ့တယ်။

'ရှင်းတယ်'– ဒါဟာ ဟိုရဲ့နောက်ဆုံး စကားလုံးပါ။ ဒါကို စာတွေ၊ ဂျာနယ်တွေနဲ့ စုပုံနေတဲ့ စားပွဲမှာ ကျွန်မပြန်စဉ်းစားနေမိတယ်။ ဒီဂျာနယ်တွေမှာတော့ "တောင်ဗီယက်နမ် ပြဿနာ" ဟာ ရှုပ်ထွေးနေတာတွေ့ရပါတယ်။ ဒါပေမဲ့ ဦးလေးဟို မှန်ပါတယ်။ ဗီယက်နမ်ပြည်သူတွေ လွတ်လွတ်လပ်လပ် အစိုးရဖွဲ့စည်းနိုင်တဲ့အခါ – တဆက်တည်းသော ဗီယက်နမ် နယ်မြေတဝှမ်းမှာ တောက်ပနေတဲ့ အစိုးရကို သူနှစ်ကြိမ်မြင်ခဲ့ဖူးပြီ။ ဒါ့အပြင် ကျွန်မကိုယ်တိုင်လည်း ဒီကွန်ဖရင့်ကို ပုံသွင်းနိုင်ခဲ့တဲ့ ကျွန်မတို့ ဗီယက်နမ် ဥက္ကဌတွေရဲ့ စွမ်းရည်ကို မြင်တွေ့ခဲ့ပြီးပြီ။ ဆေးဂုံမှာ ရုပ်ပြောင်တွေနဲ့ သရော်နေပေမယ့် ဗီယက်နမ်တွေဟာ အုပ်ချုပ်နိုင်တဲ့ ပါရမီစွမ်းရည် ရှိကြပါတယ်။

**ဒါကြောင့် ဖြေရှင်းရမယ့် ပြဿနာဟာ တကယ်ပဲ ရှင်းလင်းလွယ်ကူပါတယ်။ အမေရိကန်ပြည်ထောင်စုက ရုပ်သေးအစိုးရကို တနေ့ ဒေါ်လာနှစ်သန်း "ကူညီထောက်ပံ့" နေစရာမလိုပါဘူး။ ဒါမှမဟုတ် နိုင်ငံတကာ့ အော်ကြီးဟစ်ကျယ် ငြင်းခုံမှုကြီးတခု ကြာရှည်ကြာမျော လုပ်နေဖို့တောင် မလိုပါဘူး။ အမေရိကန်ပြည်ထောင်စု ဗီယက်နမ်က ထွက်သွားဖို့သာ လိုတာပါ။ ဒါဟာ အမေရိကန် ပြည်သူတွေထမ်းဆောင်ရမယ့် တာဝန်တရပ် ဖြစ်သင့်ပါတယ်။ ကမ္ဘာ့ပြည်သူတွေရဲ့ သဘောထားလည်း ဖြစ်သင့်ပါတယ်။**

Anna Louise Strong ရဲ့ Letters from China စာအုပ် Jan. 8, 1965 ပေးစာမှ အခန်း ၄။ Three Talks With Ho Chi Minh ကို ဘာသာပြန်ဆိုပါသည်။

# ၂၁ ရာစု

အမှတ် ( ၄ )။ ဩဂုတ်လ၊ ၂၀၀၀ ခုနှစ်။

✡ ကွန်မြူနစ်တို့ ရှေ့မှောက်ရှိ လုပ်ငန်းတာဝန်များ

✡ ဆိုရှယ်လစ်ဝါဒဆိုင်ရာ အမြင် ( ၁၀ ) ချက်

✡ နယ်ချဲ့စနစ်ရဲ့ ဇာစ်မြစ်များ

✡ ကိုဆိုဗိုပြီးနောက် ဥရောပရဲ့နိုင်ငံတကာ့ ဆက်ဆံရေး

✡ တရုတ်အိန္ဒိယ အခြေအနေ ကွဲလွဲချက်

✡ ကွန်ပြူတာတွက်ချက်မှုစနစ်ရဲ့ အနာဂတ်

✡ ဝေဟင်ထဲရှိ မွှားကောင်အရွယ် သူလျှိုကင်မရာများ

✡ အမေရိကန်နယ်ချဲ့စနစ်ရဲ့ ကမ္ဘာလုံးဆိုင်ရာ စစ်ရေးမဟာဗျူဟာ

✡ နယ်ချဲ့လက်အောက်က လွတ်မြောက်ရေးလမ်းအမှန်ကို ရှာတွေ့ခဲ့တဲ့ ဟိုချီမင်း

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုသုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်